
EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၃၇) "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" ( အောက်တိုဘာ ၁၅ ၊ ၂၀၁၈ )

အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေသည်



## အထက်တန်းကျောင်းသားအရွယ်ကလေးများ ကော်ရှူမှု တစ်နေ့တခြားများပြားလာ

စာ - ၃ သို့ »

## ကေအိုင်အေ၏ အဖျက်အမှောင့် လုပ်ငန်းများကို ပြည်နယ်အစိုးရအနေဖြင့် တားဆီးမည့် အစီအမံများနှင့် ပတ်သက်ပြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်မေးမြန်း

အောက်တိုဘာ ၁၂

ကေအိုင်အေအဖွဲ့မှ အဓမ္မလူသစ်စုဆောင်းခြင်း၊ ပြန်ပေးဆွဲခြင်း၊ ဆက်ကြေးကောက်၊ မိုင်းထောင်ခြင်း၊ လူသတ်ခြင်း လုပ်ဆောင်နေမှုများကို သက်ဆိုင်ရာလွှတ်တော်နှင့် အစိုးရ၊ ပြည်သူတို့ပူးပေါင်း၍ တားမြစ်သွားမည့်အစီအစဉ်ရှိ/မရှိ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြည်နယ်လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခဲ့သည်။

၎င်းကို အောက်တိုဘာလ ၁၀ ရက်နေ့ကပြုလုပ်သည့် ကချင်ပြည်နယ်လွှတ်တော် ၁၃ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဒုတိယဗိုလ်မှူးကြီး သောင်းအေးက မေးမြန်းခဲ့ခြင်းဖြစ်သည်။

ကချင်ပြည်နယ်အတွင်း ရွှေမှော်၊ ပယင်းမှော်များ တရားမဝင် လုပ်ကိုင်နေမှုများကို ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တရားဥပဒေစိုးမိုးရန်အတွက် ဆောင်ရွက်သွားမည့် အစီအမံနှင့် မည်ကဲ့သို့ စီမံဆောက်ရွက်ထားရှိသည်ကို သိရှိရန် ထည့်သွင်းမေးမြန်းခဲ့သည်။

စာ - ၁၀ သို့ »

## ကချင်ပြည်နယ်လွှတ်တော်တွင်း ကြယ်ပွင့်ပြမေးခွန်း ကောက်နုတ်ချက်များ




အောက်တိုဘာ ၁၂

စက်တင်ဘာလ ၂၇ ရက်နေ့မှ အောက်တိုဘာလ ၁၀ ရက်နေ့အထိ ကျင်းပခဲ့သည့် ပြည်နယ်လွှတ်တော်၏ ၁၃ ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ပြီးဆုံးခဲ့ပြီဖြစ်သည်။

ထိုအစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းနှင့်အဆို ၁၂၆ ခုကို လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများထံ မေးမြန်းကြသည်။ ထို့အပြင် ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈ - ၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၈ - ၁၉ ဘဏ္ဍာနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း၊ ကချင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း ဥပဒေကို ကချင်ပြည်နယ် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများဥပဒေဟု ပြင်ဆင်သည့်ဥပဒေကြမ်း၊ ကချင်ပြည်နယ်ယစ်မျိုးခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများကို တင်သွင်းဆွေးနွေးအတည်ပြုခြင်းများ ပြုလုပ်ခဲ့ကြသည်။

၁၁ ခု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကို မေးခွန်း ၇ ခု၊ စည်ပင်သာယာရေး ဝန်ကြီးဌာနကို မေးခွန်း ၇ ခု၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီးဌာနကို မေးခွန်း ၃၀၊ လူမှုရေးဝန်ကြီး ဌာနကို မေးခွန်း ၃၃ ခုကို မေးမြန်းခဲ့ကြသည်။

စာ - ၂ သို့ »

## လုံးခင်းတွင် လုပ်ကွက်အဖြစ် သိမ်းယူသွားသည့် အိမ်ခြေ ၃၀ မြေနေရာအတွက် လျော်ကြေး မရမချင်း ဆက်လက်တောင်းခံမည်

စာ - ၄ သို့ »

## အမေရိကန်သံရုံးက ကြီးမှူး ဖွင့်လှစ်မည့် ပညာသင် အစီအစဉ်အတွက် ကချင်ပြည်နယ်အတွင်းမှ လူငယ်များ လျှောက်ထားနိုင်ပြီ

စာ - ၁၂ သို့ »

## ကချင်ပြည်နယ်တွင် မြန်မာ့ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ရောက်ရှိလာတော့မည်

အောက်တိုဘာ ၁၀

ကချင်ပြည်နယ်တွင် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့် Turquoise Mountain ၏ လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်း Myanmar Artisans နှင့် ယူကေနိုင်ငံတကာဖွံ့ဖြိုးရေးဌာန(DFID)၏ လုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သော DaNa Facility တို့ပူးပေါင်းပြီး ကချင်ပြည်နယ်အတွင်းရှိ ရိုးရာချည်မျှင်လုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း မြစ်ကြီးနားမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတွင် အောက်တိုဘာလ ၁၀ ရက်နေ့ကပြုလုပ်သော အခမ်းအနားၰ ပြောကြားခဲ့သည်။

DaNa Facility သည် ယူကေနိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID) မှ ထောက်ပံ့ပေးထားသော အစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၁၆ ခုနှစ် မေလက စတင်အကောင်အထည်ဖော်ကာ ယခုအစီအစဉ်သည်လည်း(DFID)၏ ပိုမိုကျယ်ပြန့်လှသော စီးပွားရေးလုပ်ငန်းကဏ္ဍ သုံးရပ်အနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

စာ - ၁၃ သို့ »

## နိုင်ငံများ ဖွဲ့စည်းတည်ထောင်ပုံနဲ့ သုံးသပ်ချက်များ (အပိုင်း ၂)

M Kawn La ရေးသားသည်။

စာ - ၆ သို့ »

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( အောက်တိုဘာ ၁၅ ၊ ၂၀၁၈ )

# ကချင်ပြည်နယ်လွှတ်တော်တွင်း ကြယ်ပွင့်ပြမေးခွန်း ကောက်နုတ်ချက်များ

အောက်တိုဘာ ၁၂

စက်တင်ဘာလ ၂၇ ရက်နေ့မှ အောက်တိုဘာလ ၁၀ ရက်နေ့အထိ ကျင်းပခဲ့သည့် ပြည်နယ်လွှတ်တော်၏ ၁၃ ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ပြီးဆုံးခဲ့ပြီဖြစ်သည်။

ထို အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းနှင့်အဆို ၁၂၆ ခုကို လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများထံ မေးမြန်းကြသည်။ ထို့အပြင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈ - ၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၈ - ၁၉ ဘဏ္ဍာနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၊ ကချင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဥပဒေကို ကချင်ပြည်နယ်အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများဥပဒေဟု ပြင်ဆင်သည့်ဥပဒေကြမ်း၊ ကချင်ပြည်နယ်ယစ်မျိုးခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများကို တင်သွင်းဆွေးနွေးအတည်ပြုခြင်းများ ပြုလုပ်ခဲ့ကြသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနကို မေးခွန်း ၃၀ ခု၊ ဘဏ္ဍာအခွန်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနကို မေးခွန်းရှစ်ခု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို မေးခွန်း ၁၁ ခု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကို မေးခွန်း ၇ ခု၊ စည်ပင်သာယာရေး ဝန်ကြီးဌာနကို မေးခွန်း ၇ ခု၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီးဌာနကို မေးခွန်း ၃၀၊ လူမှုရေးဝန်ကြီး ဌာနကို မေးခွန်း ၃၃ ခုကို မေးမြန်းခဲ့ကြသည်။

ထို့အပြင် ယခုအစည်းအဝေးတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များက မိမိတို့ မဲဆန္ဒနယ်များအတွက် လိုအပ်ချက်များ၊လွှတ်တော်၏ ကတိကဝတ်များ၊ ပြည်သူတို့၏ လူမှုဘဝအကြောင်းများနှင့် ပတ်သက်ကာ တင်ပြဆွေးနွေးကြပြီး ကြယ်ပွင့်ပြ မေးခွန်းများအနေဖြင့်လည်း မေးမြန်းခဲ့ကြသည်။




အောက်တိုဘာလ ၂ ရက်နေ့က ကျင်းပသည့် လွှတ်တော် ပုံမှန်အစည်းအဝေးတွင်နောင်မွန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးချန်တန်ခင်က နောင်မွန်မြို့နယ်အတွင်း လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဌာနလက်အောက်ခံအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်ပြီး တာဝန်ယူသည့်နေ့မှ လက်ရှိ ဘဏ္ဍာနှစ်အထိ ဘဏ္ဍာငွေသုံးစွဲမှုနှင့် လုပ်ငန်းအမျိုးအစားအလိုက် ခွင့်ပြုထားသည့် ရန်ပုံငွေပမာဏကို သိရှိလိုကြောင်းမေးမြန်းခဲ့သည်။

"ယခင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ - ၁၇ ဘဏ္ဍာနှစ်မှ နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူတဲ့နေ့ကစပြီး ကားလမ်းဖောက်လုပ်ခြင်းတွေကို ဘယ်လိုလုပ်ဆောင်ခဲ့လဲ။ အဲလိုလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ဘယ်လိုပုံစံမျိုးနဲ့ ဆောင်ရွက်သလဲ။ အများပြည်သူတွေ သိတဲ့ တင်ဒါစနစ်နဲ့လား။ ဒါမှမဟုတ် ဌာနကပဲ ဆောင်ရွက်ခဲ့ပါသလား. . ဆိုတာ မေးမြန်းလိုပါတယ်"ဟု ဦးချန်တန်ခင်ကပြောကြားခဲ့သည်။

ဦးချန်တန်ခင်၏ အမေးကို နယ်လုံဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်က နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် တင်ဒါခေါ်ယူခြင်းမပြုဘဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်ချက်နှင့်အညီ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ပံ့ပိုးကူညီမှုဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနအောက်မှ အင်ဂျင်နီယာဌာနခွဲကို တာဝန် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ထို့အပြင် ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနကိုဗန်းမော်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သင်း(ခ)ဦးဇော်သင်းက ပြည်နယ်အစိုးရအဖွဲ့မှ လိုင်စင်မဲ့ဆိုင်ကယ်များကို ဇွန်လ ၁၈ ရက်မှစပြီး သုံးလကြာလိုင်စင်များ ဆောင်ရွက်ပေးရာတွင် အခွန်ငွေများရရှိခဲ့သလို လိုင်စင်မဲ့ သုံးဘီးဆိုင်ကယ်များကိုလည်း တရားဝင်လိုင်စင်ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းတစ်ခုအနေဖြင့် မေးမြန်းခဲ့သည်။

"ဆိုက်ကားတို့၊ မြင်းလှည်းတို့ကို စည်ပင်က ထိန်းသိမ်းထားပေမယ့် သုံးဘီးဆိုင်ကယ်ကိုကျ ဘယ်ဌာနကမှ မထိန်းဘူး။ မသိမ်းဘူးပြောနေတယ်။ အဲဒါကြောင့် ဒီလိုတရားမဝင်လိုင်စင်မဲ့ အနေနဲ့ရှိနေတဲ့ သုံးဘီးဆိုင်ကယ်တွေကို လည်း တရားဝင်ဆိုင်ကယ်လိုင်စင်တွေ ထုတ်ပေးသင့်ပါတယ်"ဟု ဦးအောင်သင်းက လွှတ်တော်အစည်းအဝေးတွင် မေးမြန်းခဲ့သည်။

ထိုမေးခွန်းနှင့် ပတ်သက်ပြီး ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းကဖြေကြားရာတွင်တရားမဝင်တင်သွင်းပြီး အများပြည်သူသုံးနေသည့် သုံးဘီးဆိုင်ကယ်ကို လတ်တလောအခြေအနေတွင် တရားဝင်ဆိုင်ကယ်လိုင်စင်များ ထုတ်ပေးရန်မရှိဘဲ ပြည်ထောင်စုအစိုးရက လမ်းညွှန်လုပ်ခိုင်းလာမှသာ လုပ်ဆောင်ပေးသွားမည်ဟု ဖြေကြားခဲ့သည်။

ထို့အပြင် တနိုင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို တိုက်တွန်းသည့်အဆိုတွင် ကချင်ပြည်နယ်အတွင်းမှ တောင်သူများကို ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးပါရန် တင်သွင်းခဲ့သည်။

"သက်ဆိုင်ရာ ဦးစီးဌာနရဲ့ အသိပညာပေးတာတွေ အားနည်းနေလို့ ပြည်သူတွေက ဒီလိုဥပဒေတွေကို နားမလည်လို့ အခွင့်အရေးတွေ ဆုံးရှုံးနေကြရပါတယ်"ဟုဦးဇော်ဝင်းက ပြောသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၏ အဆိုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်းက ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းဥပဒေက တည်ငြိမ်မှု မရှိသေးသည့်အတွက် ကျေးလက်နေ တောင်သူလယ်သမားများအား ဥပဒေဆိုင်ရာ အသိပညာပေးခြင်းများကို မလုပ်ဆောင်နိုင်သေးကြောင်း၊ အဆိုပါ ဥပဒေ တည်ငြိမ်မှသာ လိုအပ်ချက်များကို စဉ်ဆက်မပြတ်လေ့လာပြီး အသိပညာပေးခြင်းများကို လုပ်ဆောင်သွားမည်ဟု ပြန်လည်ဖြေကြားခဲ့သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဆက်စပ်သော မေးခွန်းများကို ဖားကန့်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလဆိုင်းက "ကျနော်တို့ ဖားကန့်ဒေသမှာဆိုရင် တန်ဖိုးကြီးမားတဲ့ ကျောက်စိမ်းတွေက နေ့စဉ်ထွက်ရှိနေတယ်။ ဒီလိုထွက်ရှိနေလို့လည်း တရားမဝင်လမ်းကြောင်းတွေကနေ သွားနေတာကို မကြာခဏတွေ့နေရပါတယ်။ လွှတ်လပ်စွာ သယ်ဆောင်ခွင့်ရရှိဖို့ကို မည်သို့မည်ပုံ ဆောင်ရွက်ပေးနိုင်ပါသလဲ။ ဥပဒေနဲ့အညီ ဆောင်ရွက်ပေးရင်တော့ အခွန်တွေရရှိမှာပါ"ဟု မေးမြန်းသည်။

အဆိုပါမေးခွန်းနှင့် ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦး H လအောင်က ထိုအရေးနှင့်ပတ်သက်ပြီး ၎င်းတို့အနေဖြင့် ဆောင်ရွက်ခြင်းမရှိကြောင်း၊ ပြည်ထောင်စုအစိုးရက တိုက်ရိုက်ဆောင်ရွက်ကြောင်း၊ လက်ရှိအချိန်တွင် ကျောက်မျက်ဥပဒေပါ စည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်ရကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ထို့အပြင် မြန်မာ့ကျောက်မျက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ အခန်း(၁၃)တွင် ဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း(သို့)တစ်နည်းနည်းဖြင့် ရယူခြင်းဟူ၍လည်းကောင်း၊ အပိုဒ်ခွဲ(ခ)တွင် ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့်ပြုလုပ်သည့် ပစ္စည်းကိုဖြစ်စေ၊ လိုင်စင်မရှိဘဲ ဆိုင်ခန်းဖွင့်လှစ်ရောင်းချခြင်းများကို ခွင့်မပြုကြောင်းဥပဒေလုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ကြရန် ဝန်ကြီးက ရှင်းလင်းဖြေဆိုခဲ့သည်။

## ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သည့် ဥပဒေကြမ်းများ

ပြည်နယ်အစိုးရအဖွဲ့က ၂၀၁၄ ခုနှစ် ဧပြီလ ၁၁ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းခဲ့သည့် ယစ်မျိုးခွန်ဥပဒေကို ပြင်

စာ - ၁၂ သို့ »



# ဝိုင်းမော်မြို့နယ် မိုင်းနားတွင် ကော်ရှူသည့် အသက် ၁၅ နှစ်အောက် ကလေးများတစ်နေ့တခြားများပြားလာ






ဝိုင်းမော်၊ အောက်တိုဘာ ၁၀

ဝိုင်းမော်မြို့နယ် မိုင်းနား အထက်တန်းကျောင်း နောက်ရှိ မနက်စျေးအနောက်တန်း မြစ်ကမ်းနံဘေးတွင် အသက် ၁၅ နှစ် အောက် ကလေးငယ်များ နေ့စဉ်လာရောက်ကော်ရှူနေကြောင်းသတင်းအရ ထိုစျေးတန်းသို့ မြစ်ကြီးနားသတင်းဂျာနယ်က သွားရောက်ကြည့်ရှုရာ ကော်ရှူသည့်ကလေးများကို မတွေ့ရဘဲ ရှူရှိုက်ထားပြီး အာနိသင်ကုန်၍ စွန့်ပစ်ထားသည့် ကော်ထုတ်များကို တွေ့ခဲ့ရသည်။

၎င်းတို့ရှူရှိုက်ထားသည့် ကော်အမျိုးအစားမှာ ၁၅၀၀ ကျပ်တန် TV အမှတ်တံဆိပ် ကော်ဘူးဖြစ်ပြီး၊ ထိုကော်သည် သားရေ၊ ရော်ဘာ၊ ဖော့၊ အထည်အလိပ်နှင့် သစ်သားများ ကပ်ရာတွင် အသုံးပြုသည့် ကော်ဖြစ်ကြောင်း၊ ၎င်း ကော်ဘူးထဲမှ ကော်များကို ပလပ်စတစ်အိတ်အတွင်း ပြောင်းထည့်ပြီး ပလပ်စတစ်အတွင်းမှ ရှူရှိုက်ကြခြင်းဖြစ်ကြောင်း တွေ့ခဲ့ရသည်။

မိုင်းနားကျေးရွာတစ်ဝိုက်တွင် ကော်ရှူနေသည့် အသက် ၁၅ နှစ်အောက်ကလေးများ တစ်နေ့တခြား များပြားနေကြောင်းသတင်းအရ အောက်တိုဘာလ ၁၀ ရက်နေ့က သွားရောက်ကြည့်ရှုစဉ် တွေ့ခဲ့ရခြင်းဖြစ်သည်။

ထိုစျေးတန်းတွင် လာရောက် ကော်ရှူသည့်ကလေးများသည် ပုဆိုးအစိမ်းနှင့် အင်္ကျီအဖြူ ဝတ်ထားသော ကျောင်းသားလေးများ ဖြစ်ကြပြီး မနက်ကျောင်းမတက်ခင်၊ နေ့လည်ထမင်းစားချိန်နှင့် ညနေကျောင်းဆင်းချိန်တို့၌ စုဝေးသုံးစွဲကြကြောင်း အမည်မဖော်လိုသူ မျက်မြင်သက်သေ အမျိုးသမီးတစ်ဦးက ပြောသည်။

နေသာသည့် နေ့များတွင် ကော်လာရှူသူ ပိုများကြောင်း၊ မိုးရွာသည့်နေ့များတွင် ကော်လာရှူသည့် ကလေးများကို အတွေ့ရနည်းကြောင်း ထိုမျက်မြင်သက်သေက ပြောပြပြီးအမြင်မတော်သဖြင့်ကလေးများကို မောင်းထုတ်သည့်အခါ ကလေးများက ကျောက်ခဲဖြင့် ပြန်ထု၍ မိမိ၏အမည်ကို မဖော်ပြရန် တောင်းဆိုခြင်းဖြစ်သည်ဟု ဆိုသည်။

မြစ်ကြီးနားသတင်းဂျာနယ်က ထိုကလေးများ လာရောက် ကော်ရှူမည့်အချိန်ကို စောင့်ဆိုင်းကာ ၎င်းတို့နှင့် တွေ့ဆုံစကား ပြောခဲ့သည်။

ကျောင်းဆင်းချိန်နှင့် ကျောင်းပိတ်ရက်များတွင် သူငယ်ချင်းများနှင့် ပိုက်ဆံဝိုင်းစုပြီး ဝယ်ယူသုံးစွဲကြကြောင်း၊ ၎င်းတို့က ကော်ဘူးတစ်ဘူးလျှင် လူ ၇ ယောက်ခန့်မျှ ရှူကြကြောင်း အသက်၁၂အရွယ် ကျောင်းသားတစ်ဦးက ပြောသည်။

> **“ ရှူလိုက်တာနဲ့ ‘ပိန်’ ဆိုပြီး (ခေါင်းထဲမှာ) မြည်လာတယ်။ ကော်ရှူပြီးတဲ့နောက် (လက်သဲနဲ့)ဆိတ်ရင်လည်း မနာတော့ဘူး။ အရသာတော့ ရှိတယ်၊ ဘယ်လို အရသာ လည်းတော့ အတိအကျ မပြောပြတတ်ဘူး ”**

“ရှူလိုက်တာနဲ့ ‘ပိန်’ဆိုပြီး (ခေါင်းထဲမှာ) မြည်လာတယ်။ ကော်ရှူပြီးတဲ့နောက် (လက်သဲနဲ့)ဆိတ်ရင်လည်း မနာတော့ဘူး။ အရသာတော့ ရှိတယ်၊ ဘယ်လို အရသာလည်းတော့ အတိအကျမပြောပြတတ်ဘူး”ဟု ၎င်းကပြောသည်။

ထိုကိစ္စနှင့် ပတ်သက်ပြီး မိုင်းနားကျေးရွာ အုပ်ချုပ်ရေးမှူး ဦးလအောင်ကို မြစ်ကြီးနားသတင်းဂျာနယ်က သွားရောက်မေးမြန်းရာ ၎င်းအနေဖြင့် မသိကြောင်း ပြောသည်။

ကော်ရှူသည့်ကလေးများထဲတွင် မိုင်းနားကေဘီစီစစ်ရှောင်စခန်းမှ ကလေးတချို့ပါဝင်ကြောင်းသိရ၍ တာဝန်ရှိသူနှင့် သွားရောက်တွေ့ဆုံမေးမြန်းရာ မူလတန်းနှင့်အလယ်တန်းကျောင်းသားများပါဝင်နေသည်မှာ ဟုတ်မှန်ကြောင်း၊ ကော်ရှူခြင်းကြောင့် ဖြစ်လာနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများနှင့် ပတ်သက်ပြီး ကျန်းမာရေးအသိပညာပေးမှုများ လာရောက်ဆောင်ရွက်ပေးစေလိုကြောင်း စစ်ရှောင်စခန်းဒုတာဝန်ခံ ဦးဒွမ်ဖော်ဘရန်မိုင်က ပြောသည်။

“ဆိုးကျိုးတစ်ခုခုတော့ ရှိမယ်။ ဘာဖြစ်လာမယ်မသိဘူး။ ဆေးပိုင်းဆိုင်ရာပညာရှင်တွေအနေနဲ့ သူတို့ကိုပညာပေးတာတွေ လာလုပ်ပေးစေချင်တယ်။ ”ဟု၎င်းကပြောသည်။

၎င်းတို့ စစ်ရှောင်စခန်းတွင် ယခုလို ကလေးများ ကော်ရှူရှိုက်မှု မရှိစေရေးအတွက် စခန်းအတွင်းရှိ လုံခြုံရေးအဖွဲ့၊ ကလေး ကာကွယ်စောင့်ရှောက်ရေးအသင်း (CPG)နှင့် ကော်မတီများ ပူပေါင်းကာ လိုက်လံစောင့်ကြည့် တားဆီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း စစ်ရှောင်စခန်းရှိ ကလေးကာကွယ်စောင့်ရှောက်ရေး စေတနာ့ဝန်ထမ်း ဆရာမ ဒေါ်ဒိန်ရိန်လုနန်က ပြောသည်။

“ဒါဟာ ကော်ဆိုရင်လည်း မူးယစ်စေတယ်။ ဒါပြီးရင် ဘိန်းဖြူတွေ ရှူတတ်လာနိုင်တယ်။ ဒီတော့ ကျွန်မတို့က သိမ်မွေ့တဲ့နည်းလမ်းနှင့် ဆုံးမသွားမယ်။ လမ်းမှားမရောက်အောင် သတိထားဂရုစိုက် စောင့်ကြည့်သွားမယ်”ဟု ဆရာမက ပြောသည်။

ကော်ကို မူးယစ်ဆေးဝါး တစ်မျိုးအဖြစ် ရှူရှိုက်သည့် နည်းလမ်းကို ကချင်ပြည်နယ်တွင် အသုံးပြုနေသည်မှာ နှစ်ပေါင်းအတန်ကြာခဲ့ပြီ ဖြစ်သည်။ ထိုသို့ကော်ရှူနေကြသူများမှာ မိုင်းနားကျေးရွာ တစ်ရွာတည်းတွင်မကဘဲ မြစ်ကြီးနား၊ ဝိုင်းမော်နှင့် တခြားမြို့များတွင်လည်း သုံးစွဲနေကြသည်မှာ ငါးနှစ်ခန့်ကတည်းက ဖြစ်သည်။


ကော်ဘူးရောင်းသည့်ဆိုင်များကလည်း တရားမဝင်ကုန်ပစ္စည်းမဟုတ်သဖြင့် လွတ်လပ်စွာရောင်းချ ပေးနေကြသော်လည်း အသက်အရွယ်ပေါ်မူတည်ပြီး ရောင်းချပေးရန် သက်ဆိုင်ရာများအနေဖြင့် ညှိနှိုင်းဆောင်ရွက်သင့်သည်။

ထိုကလေးငယ်များ အနေဖြင့် ကော်ရှူထားခြင်းကြောင့် ကျောင်းစာကို ကောင်းမွန်စွာ အာရုံမစိုက်နိုင်ဘဲ ကျောင်းထွက်လိုက်ရသူများလည်း ရှိခဲ့ကြောင်း၊ ထိုကလေးများ ကြီးပြင်းလာသည့်အခါ ကော်ရှူသည့်အဆင့်မှ ကျန်မူးယစ်ဆေးဝါးများကို သုံးစွဲသည့်အဆင့်သို့ ရောက်ရှိလာနိုင်သဖြင့် အချိန်မီတားမြစ်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

မျိုးမြတ်မြတ်ပန်
ဘရန်ဂျာ PH



# ကချင်ပြည်နယ်တွင် ကိုးလအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူအယောက်လေးရာကျော်တွင် တစ်ဦးသေဆုံး




အောက်တိုဘာ ၁၁

ကချင်ပြည်နယ်တွင် ပထမ ကိုးလအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှု အယောက် ၄၀၀ ကျော်ရှိခဲ့ပြီး တစ်ဦးသေဆုံးခဲ့သည်ဟု ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ အောက်တိုဘာလ ၁၁ ရက်က ထုတ်ပြန်သောစာရင်းများအရ သိရသည်။

ကချင်ပြည်နယ်တွင် ကိုးလအတွင်း ၄၁၈ ယောက် ဖြစ်ပွားခဲ့ရာ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်၍ ခြင်ကျားကိုက်ခြင်းမှတစ်ဆင့် လူကိုကူးစက်စေကြောင်းနှင့် တစ်နှစ်ပတ်လုံးကူးစက်နိုင်ပြီးမိုးရာသီတွင် အများဆုံး ဖြစ်ပွားတတ်သည်ဟု ကျန်းမာရေးဌာနမှ သိရသည်။

အဆိုပါရောဂါနှင့် ပတ်သက်ပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများလည်း ဆောင်ရွက်ရန်လိုကြောင်းနှင့် ရောဂါလက္ခဏာများဖြစ်သော ဖျားအန်ခြင်း၊ ကိုယ်ပေါ်တွင် အနီစက်များထွက်ခြင်း၊ အဖျားရုတ်တရက်တက်လာခြင်း၊ သွားဖုံးသွေးထွက်ခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ သွေးလန့်ခြင်းလက္ခဏာတခုခုတွေ့လျှင် ဆေးရုံသို့ အမြန်ဆုံးသွားရမည်ဖြစ်ကြောင်းပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်ရိန်က မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

"ဒီရောဂါနဲ့ ပတ်သက်ပြီး ကြိုတင်ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းတွေ လုပ်ရမယ်။ အဓိကကတော့ ဒီခြင်က နေ့အချိန်မှာကိုက်တယ်။ ငှက်ဖျားခြင်ကတော့ ညအချိန်မှာကိုက်တယ်။ ဆိုတော့. . . နေ့အချိန် ပိုပြီးဂရုစိုက်ဖို့လိုတယ်၊ ဒီရောဂါက သွားကုသပေးလို့ ရတဲ့ဟာလည်း မဟုတ်ဘူး၊ ဖြစ်ရင်တစ်ခါတည်း ဆေးရုံတက်ရမယ်။ အခြေအနေမဆိုးဘူးဆိုရင်တော့ အိမ်မှာပဲ ကုလို့ရတယ်။ ဒါပေမယ့် ဆရာဝန်၊ ဆရာမတွေနဲ့တော့ အမြဲတမ်းဆက်သွယ်နေရမယ်"ဟု ၎င်းက ပြောသည်။

ကချင်ပြည်နယ်အတွင်းရှိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့်ပတ်သက်ပြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေဖြင့် ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကိုပြုလုပ်ခြင်း၊ ခြင်လောက်လန်းသတ်ဆေး (Abate)ခတ်ခြင်း၊ လူနာရှိသောအိမ်နှင့် ပတ်ဝန်းကျင် ကိုက် ၁၀၀ အတွင်းရှိသော အိမ်များတွင် ခြင်ဆေးမှုတ်ရန်လိုကြောင်း၊ ကျန်းမားရေးဌာနများ၊ အခြား အဖွဲ့အစည်းများလည်း ကြိုးပမ်းဆောင်ရွက်နေကြောင်း ဒေါက်တာဇော်ရိန်မှ ဆက်လက်ပြောပြသည်။

ခြင်ကျားသည် ရေကြည်ရေသန့်ကိုကြိုက်ပြီး အိုး၊ ခွက်၊ ရေစည်၊ အုတ်ကန်၊ ပလတ်စတစ်ခွက်၊ အချိုရည်ဗူးခွံ၊ ဝါးဆစ်၊ ဝါးပင်အငုတ်၊ အုတ်ကန်စသည့် ရေကြည်သည့် နေရာများတွင်ပေါက်ပွားကြောင်းသိရသည်။

"အဲ့ဒီတော့ ကိုယ့်ရဲ့အိမ်ခြံဝင်းတွေမှာ ခြင်ပေါက်နိုင်တဲ့ရေတွေကို အပတ်စဉ်လဲပေးဖို့လိုမယ်၊ ကျွန်တော်တို့ကျန်းမာရေးဌာနတွေက ရသလောက်အစွမ်းအစတွေနဲ့တော့ ဖြစ်နိုင်သလောက်ကြိုးစားနေတယ်။ ပြီးတော့ ပြည်သူတွေကိုယ်တိုင်လည်း ပါဝင်မှ ပိုပြီး ထိရောက်မှု ရှိမယ်ပေါ့နော်"ဟု ဒေါက်တာဇော်ရိန်က ပြောသည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်းများမှာ ယခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ အောက်တိုဘာလ ၁၁ ရက်နေ့အထိ စာရင်းများအရ ဗန်းမော်မြို့တွင် တစ်ဦးသေဆုံးပြီး ၃၄ ယောက်ဖြစ်ပွားခဲ့ကြောင်း၊ ပူတာအိုခရိုင်နှင့် ကျန်မြို့များတွင် သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူမရှိခဲ့ဘဲ မန်စီတွင် သုံးယောက်၊ မိုးမောက်တွင် ၉ ယောက်၊ မိုးကောင်းတွင် ၂၆ ယောက်၊ မိုးညှင်းတွင် ၂၄ ယောက်၊ မြစ်ကြီးနားမြို့တွင် ၁၄၁ ယောက်၊ ဝိုင်းမော်တွင် ၁၂ ယောက်၊ ဖားကန့်တွင် ၁၄၄ ယောက်နှင့် တနိုင်းတွင် ၂၃ ယောက် ဖြစ်ပွားခဲ့ကြောင်း ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ သိရသည်။

**မျိုးမြတ်မြတ်ပန်၊ Benadeth**

# လုံးခင်းတွင် လုပ်ကွက်အဖြစ် သိမ်းယူသွားသည့် အိမ်ခြေ ၃၀ မြေနေရာအတွက် လျော်ကြေးမရမချင်း ဆက်လက်တောင်းခံမည်

အောက်တိုဘာ ၁၁

ဖားကန့်မြို့နယ်၊ လုံးခင်းအုပ်စု၊ အမှတ်(၅)ရပ်ကွက်တွင် လုပ်ကွက်အဖြစ် သိမ်းယူသွားသည့် မြေနေရာများအတွက် လျော်ကြေးငွေရရှိရန် နိုင်ငံတော်သမ္မတရုံးသို့ ထပ်မံစာတင်သွားမည်ဖြစ်ကြောင်း ဖားကန့်တွင် လျော်ကြေးရရေး ဦးဆောင်လှုပ်ရှားနေသူ ဦးထွန်းထွန်းက ပြောသည်။

လုံးခင်းကျေးရွာ၊ အမှတ်(၅) အောက်ချိုင့်ရပ်ကွက်တွင် အိမ်ခြေသုံးဆယ်၏ မြေနေရာများကို ကျောက်မျက်တူးဖော်ရေးကုမ္ပဏီနှစ်ခုက လျော်ကြေးမပေးဘဲ လုပ်ကွက်ဆွဲခဲ့သည်ဟုဆိုကာ အကြိမ်ကြိမ်ဆန္ဒပြခဲ့ပြီး တိုင်ကြားစာအကြိမ်ကြိမ်ပေးပို့ခဲ့ကာ ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူးကိုလည်း နုတ်ထွက်ပေးရန် တောင်းဆိုခဲ့သည်။

ယင်းတိုင်ကြားစာနှင့် ပတ်သက်ပြီး ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူးကို တစ်စုံတရာမျှ ဆောင်ရွက်အရေးယူရန် မသင့်ကြောင်းနှင့် ဦးထွန်းထွန်း၏ တင်ပြတောင်းဆိုမှုများသည် မြေပြင်အခြေအနေနှင့် ကိုက်ညီမှုမရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက အကြောင်းကြားစာ ပြန်လည်ပေးပို့ခဲ့ကြောင်း သိရသည်။

"အကြောင်းပြန်တဲ့အချက်အလက် အားလုံးလိုလို လွဲနေပါတယ်။ ဒီကိုစာပြန်တင်မယ်။ သတင်းစာရှင်းလင်းပွဲ ပြန်လုပ်မယ်။ လိုအပ်ရင် ဆန္ဒပြတာတွေ ဆက်လုပ်မယ်။ ဖြစ်စဉ်အတိုင်း အမှုမှန်ပေါ်ပေါက်ဖို့ထက် ဆန္ဒခဏခဏပြနေလို့ အမြင်ကတ်ပုဒ်မနဲ့ နှိပ်ကွပ်တာလို့ပဲ မြင်တယ်"ဟု ဦးထွန်းထွန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ပြည်ထဲရေး၏ ပြန်ကြားစာတွင် ဦးထွန်းထွန်းသည် မြေကွက်နေရာများအား အစားထိုးရယူနေထိုင်သူဖြစ်ပြီး အကြိမ်ကြိမ်ဆန္ဒထုတ်ဖော်နေသူသာ ဖြစ်ကြောင်း၊ အထက်ပါ အိမ်ခြေ ၃၀ မှာ ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခြင်းကြောင့် မြေလပ်နေရာသို့ ပြောင်းရွှေ့ရာတွင် မြေနေရာလုံလောက်မှု မရှိသောကြောင့် ကုမ္ပဏီဘက်မှ မြေ ၂၈ကေ ဝယ်ယူပြီး ပြောင်းရွှေ့စရိတ်နှင့်အတူ ပြောင်းရွှေ့စေခဲ့ကြောင်း ပါရှိသည်။

ထို့ကြောင့် နေအိမ်ပြောင်းရွှေ့စရိတ်များ ထုတ်ပေးထားပြီးဖြစ်သောကြောင့် ဦးထွန်းထွန်းအနေဖြင့် တိုင်ကြားရန်မလိုအပ်တော့ကြောင်း၊ ဦးထွန်းထွန်းအနေဖြင့် မြေကွက်ရရှိပြီးဖြစ်သဖြင့် တိုင်ကြားမှုအပေါ် အရေးယူဆောင်ရွက်ရန် မလိုအပ်တော့ကြောင်းလည်း ဖော်ပြထားသည်။

"ရေရှည်မှာတော့ အမှန်တရားကပဲ ဦးဆောင်သွားမှာပါ။ သူ့ရဲ့တင်ပြချက်တွေကို သူကမှန်တယ်လို့ပဲ ယူဆနေတာပေါ့။ ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းနဲ့ သွားရတဲ့အပိုင်းမှာ စိတ်ခံစားချက်နဲ့ သွားလို့မရဘူး။ အဲဒီတော့လုပ်မပေးတဲ့သူကို သူကပြောချင်တာပေါ့။ စာတင်တဲ့ အပိုင်းကတော့ သူ့အခွင့်ရေးနဲ့သူပဲ တင်ခွင့်ရှိတယ်။ မကျေနပ်လို့ သူ့ဘက်ပြန်တင်ပြရင်လည်း ဖြစ်စဉ်အမှန်အတိုင်းပဲ သွားရမှာပဲ"ဟု ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က တုန့်ပြန်ပြောကြားသည်။

အထက်ပါ အကြောင်းအရာနှင့်ပတ်သက်ပြီး ဦးထွန်းထွန်းမှ ဦးဆောင်ကာ ဖားကန့်မြို့နယ်တွင် သုံးကြိမ်ဆန္ဒထုတ်ဖော်ခဲ့ပြီး မြစ်ကြီးနားမြို့တွင်လည်း တစ်ကိုယ်တော်ဆန္ဒထုတ်ဖော်ခဲ့သည်။

စည်သူ(မြစ်ကြီးနား)

မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဇော်နိုင်ဦး

**စာပြင်**
မြတ်သွေးထက်

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)၊ ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။
မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။
မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ပမ္မတီးနယ်မြေ(၅)မှ ယာယီစစ်ရှောင်စခန်းကို တရားဝင်စစ်ရှောင်စခန်းအဖြစ် အစိုးရက အသိအမှတ်ပြုပေးရန် တင်ပြ



အောက်တိုဘာ ၁၀

မြစ်ကြီးနားမြို့၊ ပမ္မတီးနယ်မြေ၅၊ COCဘုရားကျောင်းဝင်းတွင် နေထိုင်သော စစ်ရှောင်ပြည်သူများက ၎င်းတို့လက်ရှိနေထိုင်နေသည့်နေရာကို စစ်ရှောင်စခန်းအဖြစ် တရားဝင်ခွင့်ပြုချက်ရရှိရန် ပြည်နယ်ဝန်ကြီးချုပ်ထံ တင်ပြထားကြောင်း သိရသည်။

အဆိုပါ စစ်ရှောင်ပြည်သူများသည် နေစရာနေအိမ်အခက်အခဲများ၊ သားသမီးများ၏ ပညာရေးအတွက် လျှပ်စစ်မီးအဆင်မပြေမှုများကြောင့် အစိုးရထံစာတင်ရခြင်း ဖြစ်ကြောင်း စခန်းတာဝန်ခံ ဦးအားဖီက ပြောသည်။

ကူညီထောက်ပံ့ပေးနေသော လူမှုကူညီရေးအဖွဲ့အစည်းများက ယင်းဒုက္ခသည်များကို လာရောက်ကူညီပေးလိုသော်လည်း အစိုးရ၏တရားဝင်ခွင့်ပြုချက် လိုအပ်နေခြင်းကြောင့် အထောက်အပံ့ပေးရန်ခက်ခဲနေသည်ဟု ဦးအားဖီက မြစ်ကြီးနားဂျာနယ်သို့ ပြောသည်။

"ကျွန်တော်တို့ကို ကူညီဖို့အတွက် အဖွဲ့အစည်းတွေ အများကြီး ရောက်လာတယ်။ ဒါပေမဲ့လည်း အစိုးရက ခွင့်ပြုချက်စာမရှိတဲ့အတွက် ဘယ်အဖွဲ့အစည်းမှ မကူညီပေးနိုင်ကြဘူး"ဟု ဦးအားဖီက ပြောသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ မြို့နယ်လဝက လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးကိုကိုစုက ဦးဆောင်ကာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပမ္မတီးအုပ်ချုပ်ရေးမှူးတို့နှင့် အတူ အောက်တိုဘာလ ၈ ရက်နေ့က ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

နယ်မြေအခြေအနေများကို လာရောက်စစ်ဆေး မှတ်တမ်းတင်ကာ စခန်းနေစစ်ရှောင်ပြည်သူများ၏ စားရေးသောက်ရေး၊ နေရေးထိုင်ရေးအခြေအနေများကို ပြည်နယ်အစိုးရထံ ဆက်လက်တင်ပြမည်ဖြစ်ကြောင်း မြို့နယ်လဝက လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးကိုကိုစုက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဦးတို့ကလေ လောလောဆယ် မြို့နယ်ကနေ အဖွဲ့ဖွဲ့ထားတယ်။ မြို့နယ်ကနေတစ်ဆင့် ပြည်နယ်အစိုးရဆီကိုပြန်တင်ပေးရမှာလေ။ အဲ့ဒါကြောင့် အခု မြေပြင်မှာရှိတဲ့ အချက်အလက်တွေကို လောလောဆယ် သူတို့ နေရေးထိုင်ရေး၊ စားရေးသောက်ရေးတွေကို မျက်မြင်မှတ်တမ်းပုံတွေကို ရိုက်သွားတယ်၊ သူတို့ လိုအပ်ချက်လေးတွေ၊ စာတင်ထားတာတွေကိုပြည်နယ်အစိုးရဆီ ပြန်တင်ပေးရမှာပေါ့"ဟု ဦးအေးကိုကိုစုက ပြောသည်။

လက်ရှိ ပမ္မတီးတွင် နေထိုင်နေသောစစ်ရှောင်ပြည်သူများသည် ယခင်နမ္မတီး၊ ကံလှအေဂျီစစ်ရှောင်စခန်းတွင် နေထိုင်ခဲ့ကြသူများဖြစ်ကာ ထိုစခန်းတွင် နေရေးထိုင်ရေးအဆင်မပြေမှုများကြောင့် ပမ္မတီးသို့ ဩဂုတ်လ ၂၂ရက်နေ့က ပြောင်းရွှေ့လာခဲ့သူများ ဖြစ်ကြောင်း သိရသည်။

ပမ္မတီးနယ်မြေ (၅)၊ စီအိုစီဘုရားကျောင်းဝင်းတွင် နေထိုင်သော စစ်ရှောင်ပြည်သူများသည် အိမ်ခြေ ၃၀၊ လူဦးရေ ၁၅၆ ဦးရှိပြီး၊ ထိုအထဲတွင် ကျောင်းပညာ သင်ကြားနေသော ကျောင်းသူ/သားပေါင်း ၄၈ ဦး ပါဝင်ကြောင်း သိရသည်။

Ah Je/ Ann

# MAM အဖွဲ့အစည်းက စစ်ရှောင်စခန်းများတွင် အခမဲ့စစ်ဆေးကုသ

မြစ်ကြီးနား၊ အောက်တိုဘာ ၈

တနိုင်းမြို့နယ်၊ ကဆုန်၊ ခါနန်ဒေသတွင် ဖြစ်ပွားခဲ့သောတိုက်ပွဲများကြောင့် ပမ္မတီး နယ်မြေ ၅ သို့ စစ်ဘေးတိမ်းရှောင်လာသော မိသားစုများကို စေတနာ့ဝန်ထမ်းဆရာဝန်များအဖွဲ့က အောက်တိုဘာလ ၈ ရက်နေ့တွင် အခမဲ့စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

MAM (Medical Action Myanmar) အဖွဲ့အစည်းမှ ဆရာဝန်များက စစ်ဆေးကုသပေးခဲ့ခြင်းဖြစ်ပြီး၊ ထိုအဖွဲ့အစည်းသည် ရွှေ့ပြောင်းအလုပ်သမားများနှင့် စစ်ဘေးရှောင်ပြည်သူများကို အဓိကလိုက်လံကုသပေးနေသည့်အဖွဲ့ ဖြစ်ကြောင်း ကွင်းဆင်းအဖွဲ့တာဝန်ခံဒေါက်တာဟိန်းမင်းထက်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"တချို့ ရွှေ့ပြောင်းအလုပ်သမားတွေဆိုလို့ရှိရင် ဆရာဝန်တွေနဲ့တွေ့မှ ကုနိုင်တယ်လေ။ အဲ့လိုနေရာတွေကို ကျွန်တော်တို့က ဆေးခန်းတွေလိုက်ဖွင့်ပေးတယ်။ အခုလို Camp တွေဆိုလို့ရှိရင် လစဉ် နယ်လှည့်ကုပေးတဲ့ အစီအစဉ်တွေရှိတယ်"ဟု ဒေါက်တာဟိန်းမင်းထက်က ပြောသည်။

အဖွဲ့အစည်းအနေဖြင့် ငှက်ဖျားနှင့် တီဘီရောဂါများကို အဓိကထားစစ်ဆေးကာ အစိုးရကျန်းမာရေးဌာနများနှင့် ချိတ်ဆက်ပေးခြင်း၊ ခွဲစိတ်လူနာများကိုလည်း စရိတ်ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ကြောင်း ယင်းအဖွဲ့မှ စေတနာ့ဝန်ထမ်းဆရာမ ဒေါ်နူညီးထံမှ သိရသည်။

"ဆရာမတို့အဓိကပွိုင့်က ငှက်ဖျား . . ပြီးတော့ တီဘီလူနာပေါ့။ တီဘီသံသယရှိတဲ့ လူနာတွေကို ကျွန်မတို့က ဒီပြည်နယ် ကျန်းမာရေးဌာနကို လွှဲတယ်။ ဓာတ်မှန်ကတော့ မြတ်မွန်ဆေးရုံနဲ့ ချိတ်ထားပေးတယ်။ အဲ့ဒီမှာ အခမဲ့ဓာတ်မှန်ရိုက်တယ်။ အိမ်မှာက ငှက်ဖျားစစ်တယ် . . ပြီးတော့ အခြေခံဆေးလေးတွေပေါ့နော်။ အဲ့ဒါမျိုးလေးတွေ ပေးတယ်။ နောက်တစ်ခုက အရေးပေါ်လူနာ၊ ဥပမာ ခွဲစိတ်ရမယ့်လူနာက ကျွန်မတို့ကို ဆက်သွယ်လာတယ်ဆိုရင် . . ဆေးရုံနဲ့ဆက်သွယ်ပေးပြီးရင် စားစရိတ်၊ နေစရိတ်၊ သွားစရိတ်တွေက ဘောက်ချာအတိုင်း ပြန်ပေးတယ်"ဟု ဆရာမဒေါ်နူညီးက ပြောသည်။

လတ်တလော စစ်ဆေးချက်များအရ အိမ်ခြေ ၃၀၊ လူဦးရေ၁၅၈ဦးရှိသောစစ်ရှောင်စခန်းတွင် အအေးမိ၊ နှာစေး၊ ချောင်းဆိုးသူများသာ အဖြစ်များသဖြင့် အခြေခံဆေးဝါးများကို ပေးဝေထားကြောင်း သိရသည်။

အဆိုပါအဖွဲ့အစည်းသည် ကျန်းမာရေးဆေးကုသမှုများကို နယ်မြေဒေသမရွေး လိုက်လံကုသပေးနေပြီး ငှက်ဖျား၊ တီဘီဆိုင်ရာရောဂါများကို အဓိကစစ်ဆေးပေးကာ အစိုးရကျန်းမာရေးဌာနများနှင့် ချိတ်ဆက်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်းလည်း သိရသည်။

Ann / Ah Je

## Editorial
## အယ်ဒီတာ့အာဘော်

### မြို့တော် မြစ်ကြီးနားနှင့် တရားဥပဒေစိုးမိုးရေး ပြဿနာ

မိတ်ဆွေအပေါင်းအသင်းများနှင့် တစ်လခန့် အဆက်အသွယ်ပြတ်နေချိန် တစ်ခဏဝယ် မြစ်ကြီးနားမြို့မှ လမ်းမများပေါ်က လုယက်မှုအသံများကို မကြားရ၍ စိတ်ချမ်းသာခဲ့သည်။ ထိုကာလတွင် ဂျာနယ်တိုက်မှ သတင်းထောက်များကလည်း လုယက်မှုအကြောင်းကို ဖြစ်ရိုးဖြစ်စဉ် တစ်ခုထက်ပို၍ အထူးတလည်ပြောသံမကြားခဲ့ရ။ ဆိုင်ကယ်နောက်တွင်ဝိုင်ယာလက်မီးတိုင်များဖြင့် ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်နေခြင်းကြောင့် ဖြစ်မည်ဟုလည်း စိတ်တွင် ဂုဏ်ယူမိသည်။

ဒီကနေ့တော့ ထိုစိတ်ချမ်းသာမှု၊ ဂုဏ်ယူမှုများကို ဓာတ်ဆီဆိုင်လေးတစ်ဆိုင်၌ ဆီဖြည့်စဉ် စက္ကန့်ပိုင်းအတွင်း ဖျက်ဆီးခံလိုက်ရသည်။ ထိုအခါမှ မြစ်ကြီးနားမြို့ပေါ်တွင် တစ်နေ့ထက်တစ်နေ့ မင်းမဲ့စရိုက်ဆန်လာသော အဖြစ်များကို ပြန်လည်ကြားသိခဲ့ရသည်။

ပထမဆုံးကြားရသည့်သတင်းက ဂျူတီမှပြန်လာသော နပ်စ်မလေး နှစ်ယောက်အကြောင်းဖြစ်သည်။ ဆိုင်ကယ်နောက်တွင် ထိုင်လိုက်လာသော မိန်းကလေးထံမှ ပိုက်ဆံအိတ်ကို ဆိုင်ကယ်သမားနှစ်ယောက်က ဆွဲလုသည့် သတင်းဖြစ်သည်။ နောက်ထိုင် မိန်းကလေးမှာ သွားနေသော ဆိုင်ကယ်ပေါ်မှ ကတ္တရာလမ်းပေါ် ပြုတ်ကျပြီး သူ့လက်ထဲတွင် ပိုက်ဆံအိတ်လက်ကိုင်ကွင်း နှစ်ခုသာ ကျန်ခဲ့သည်ဟု သိရသည်။ ကတ္တရာလမ်းပေါ် လက်နဲ့ထောက်ပြီး ပြုတ်ကျ၍ တော်သေးသည်၊ မျက်နှာ သို့မဟုတ် ဦးခေါင်းဖြင့်ကျလျှင် ထိုနေရာတွင် သေသွားနိုင်သည်ဟု မျက်စိဖြင့် တပ်အပ်မြင်တွေ့လိုက်သူတစ်ဦးက မှတ်ချက်ပြုသည်။

ယင်းဖြစ်စဉ်မတိုင်မီကလည်း ထိုပုဂ္ဂိုလ်ထံ လက်ကိုင်ဖုန်းအလုခံရသော အမျိုးသမီးတစ်ဦး ရောက်လာပြီး အကူအညီတောင်းဖူးသည်။ သူမထံမှ ပါသွားသောဖုန်းကို ထိုပုဂ္ဂိုလ်၏ ဖုန်းဖြင့်လှမ်းခေါ်ကာ အဆက်အသွယ် လုပ်ခြင်းဖြစ်သည်။ ထိုအမျိုးသမီးက လုယက်သွားသူတို့ကို ဖုန်းခေါ်စကားပြောရာတွင် မိမိ၏ ဖုန်းမှာ iPhone ဖြစ်ပြီး ဖွင့်၍ရမည်မဟုတ်ကြောင်း၊ တစ်ဘက်လူအတွက် အသုံးဝင်မည်မဟုတ်ကြောင်းပြောပြီး ငွေနှင့်ပြန်ရွေးယူပါမည်ဟု တောင်းတောင်းပန်ပန်ပြောမှ လုယက်သွားသူတို့က သီတာရပ်ကွက်ရှိ လမ်းကြားတစ်ခုသို့ တစ်ယောက်တည်းလာရန်ပြော၍ သွားရောက်ကာ တောင်းပန်ပြီး ငွေတစ်သောင်းခွဲနှင့် လဲယူခဲ့ရသည်ဟုဆိုသည်။

လွန်ခဲ့သည့်အပတ်ကလည်း ရေစင်ကွင်းဈေးရှေ့ ကမ်းနားလမ်းပေါ်တွင် ကားကိုသော့တန်းလန်းထားပြီး ဈေးဆင်းဝယ်နေစဉ် လူတစ်ဦးက တက်မောင်းထွက်ပြေးသွားသည်ဟု ကြားသိရသည်။ ပလနမှ လူတစ်ဦးလည်း မိုင်းနားတွင် ဝါးရင်းတုတ်ဖြင့် ရိုက်ပြီး ဆိုင်ကယ်လုခံရသဖြင့် နောက်တစ်နေ့တွင် သေဆုံးသွားကြောင်းကြားရသည်။ စီတာပူရပ်ကွက်တွင် အိမ်တစ်အိမ်အတွင်းသို့ နေ့ခင်းကြောင်တောင် တစ်ယောက်ကဝင်ခိုးနေစဉ် လမ်းပေါ်မှ ဆိုင်ကယ်ဖြင့်တစ်ယောက်က စောင့်ဆိုင်းနေပြီး ပြန်ရောက်လာသည့် အိမ်ရှင်မိန်းကလေးကို ရိုက်နှက်သွားသည်ဟုလည်း ကြားရသည်။

မြစ်ကြီးနားမြို့တွင် ကမ္ဘောဇမီနီဘဏ် လုယက်မှု၊ ရှမ်းစုတောင်ရပ်ကွက်မှ ဦးလောဆန်းအိမ်၌ ကျပ် သိန်း ၇၀၀ ကျော် ဝင်ခိုးမှု၊ ဘဏ်မှ ငွေထုတ်ပြန်လာသူကို နောက်ကကားဖြင့်လိုက်လာပြီး အိမ်အဝင်တွင် လိုက်ဝင်သွားကာ ကျပ်သိန်း ၅၀၀ လုယက်သွားသည့် ကျွန်းပင်သာမှ အမှု၊ ကျော်မေတ္တာရွှေဆိုင်လုယက်မှု စသည့် စသည့် မပေါ်ပေါက်သေးသော အမှုများရှိသလို ရဲစခန်းအထိမရောက်ဘဲ လမ်းပေါ်တွင် မတရားခံနေရသော အမှုများ၊ ညအချိန် အခိုးခံနေရသည့် ဆိုင်ကယ်များက ဒုနဲ့ဒေး ဖြစ်လာသည်။

မြစ်ကြီးနားမြို့၏ တရားဥပဒေစိုးမိုးရေးက မရှုနိုင်မကယ်နိုင် ဖြစ်နေသည်။ ဝိုင်ယာလက်မီးတိုင်များ တဝင့်ဝင့်ဖြင့်မြို့တွင်းပတ်နေသော ပတ်တရောင်ရဲများနှင့်လည်းအလုပ်မဖြစ်၊ ထိုသို့ သွားလာနေခြင်းကပင် ဒုစရိုက်မှုကျူးလွန်သူများကို အရှောင်ခိုင်းသလိုဖြစ်နေသည်။ နယ်မြေပြောင်းခိုင်းသလိုဖြစ်နေသည်ဟု မြို့ခံတို့၏ ဝေဖန်သံများ ထွက်လာသည်။

လုယက်သူများကလည်း ယခင်နှစ်များကလို လူပြတ်သည့်လမ်းများတွင် လုယက်ခြင်းမဟုတ်တော့၊ လူမြင်ကွင်းများတွင်လည်း ပေါ်ပေါ်ထင်ထင် လုယက်လာနေကြသည်။ မြစ်ကြီးနားမြို့၏ တရားဥပဒေစိုးမိုးရေးက ဘယ်သောအခါများမှ ရရှိမည်ကို မသိတော့ပါ။

**မြစ်ကြီးနားသတင်းဂျာနယ်**

# နိုင်ငံများ ဖွဲ့စည်းတည်ထောင်ပုံနဲ့ သုံးသပ်ချက်များ (အပိုင်း ၂)

M Kawn La ရေးသားသည်

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဖက်ဒရယ် ပြည်ထောင်စု ထူထောင်မယ်လို့ကတိပြုထားပါတယ်။ proposed Federal State ဖြစ်ပါတယ်။ လောလောဆယ် အမည်ခံထားတာကတော့ ပြည်ထောင်စုဖြစ်တယ်။ ဒါပေမဲ့ တကယ်ကျင့်သုံးနေတာက တစ်ပြည်ထောင်နိုင်ငံ Unitary State ဖြစ်တယ်။ လူမျိုးစုရှစ်စုရဲ့ ဖွဲ့စည်းပုံအရ ဘယ်လိုမှ အဆင်မပြေတဲ့အခါ proposed federalism ဖြစ်လာတယ်။

ဒါကြောင့် နိုင်ငံသားတိုင်း ဖက်ဒရယ်စနစ်တွေကို လေ့လာသိထားသင့်တယ်။ ပြည်ထောင်စုစနစ်ရဲ့ ဝိသေသလက္ခဏာတွေ ရှိတယ်။

အဓိက ကျတာတွေကတော့

၁။ သီးခြားလွတ်လပ်တဲ့ လူမျိုးစုများပိုင်နယ်မြေတွေ စုပေါင်းဖွဲ့စည်းတယ်။

၂။ အာဏာကို တိတိကျကျ ပိုင်းခြားထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တိတိကျကျပြဋ္ဌာန်းထားတယ်။ ဗဟိုအစိုးရ ၊ ပြည်နယ်အစိုးရ၊ ယူနစ်အစိုးရ ဆိုပြီး စနစ်တကျပိုင်းခြားထားတယ်။

၃။ ပြည်ထောင်စုဝင် ပြည်နယ်တွေ ဥပဒေပြဋ္ဌာန်းကြစေကာမူ နိုင်ငံရဲ့အခြေခံဖွဲ့စည်းပုံ ဥပဒေနဲ့မကိုက်ညီရင် ပျက်ပြယ်တယ်။ ပြည်ထောင်စုရဲ့ ဖွဲ့စည်းပုံဥပဒေဟာ အမြင့်မားဆုံးဖြစ်ပြီး တင်းကျပ်စွာရေးသားထားလေ့ ရှိတယ်။

၄။ ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်အားလုံးရဲ့ တရားရုံးတွေဟာ မိမိတို့အတွင်း အကန့်အသတ်နဲ့ရှိနေပြီး တစ်ဦး၏ စီရင်ပိုင်ခွင့်ကို အခြားတစ်ဦးမှ စွက်ဖက်ပိုင်ခွင့်မရှိပါ။

၅။ အာဏာကို ဗဟိုအစိုးရအာဏာ၊ ပြည်နယ်အစိုးရအာဏာ၊ ထပ်တူပြုမှုအာဏာ၊ ကြွင်းကျန်အာဏာ ဆိုပြီး ၄ မျိုး ခွဲခြားကျင့်သုံးလေ့ရှိတယ်။

မိမိတို့နိုင်ငံဟာ ဖက်ဒရယ်ပြည်ထောင်စုပုံစံသွားဖို့ ရှိနေတယ်။ အဲလိုသွားရင် အခြေခံမူတွေ လိုအပ်တယ်။ အဲဒီအခြေခံမူတွေကနေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို သွားရတယ်။ ဒါကြောင့် အခြေခံမူတွေ အားကောင်းစနစ်ကျဖို့လိုတယ်။ လူမျိုးစုကြီးရှစ်ခုကြားမှာ ဘုံသဘောတူညီချက် ရှိဖို့လိုတယ်။

လောလောဆယ်မှာတော့ NLDအစိုးရက ၂၁ပင်လုံကနေ ဖက်ဒရယ်ပြည်ထောင်စုမူ ထုတ်နိုင်အောင် ကြိုးစားနေတယ်။ all inclusive ဖြစ်ဖို့ လိုနေသေးတာ မြင်တယ်။

ပြည်ထောင်စုနိုင်ငံ (Federal State) ရဲ့ အားသာချက်များ

၁။ ကွဲပြားခြားနားနေတဲ့ ဒေသတွေကို စုစည်းနိုင်စွမ်း ရှိတယ်။ အဲလိုစုစည်းနိုင်ဖို့ အခြေခံဥပဒေကောင်း တစ်ခုလိုတယ်။ တစ်ဖန် အဲလိုခြားနားနေတဲ့ ဒေသတွေဟာ မိမိတို့ရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (self determination)နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (self rule)တွေ ရရှိခြင်းအားဖြင့် အချို့ဒေသတွေမှာ ဒေသန္တရထူးခြားချက်တွေကို ကာကွယ်စောင့်ရှောက်ခွင့်ရတယ်။

ဒီအချက်ကြောင့်ပဲ သမိုင်းမှာ ၁၉၄၇ အခြေခံဥပဒေနဲ့ ကွဲပြားခြားနားတဲ့ ကချင်၊ ချင်း၊ ကရင်နီ၊ ရှမ်းဒေသတွေ ပြည်မနဲ့ပေါင်းပြီး ပြည်ထောင်စု (federal state) မြန်မာနိုင်ငံအသစ် ပေါ်ထွန်းလာတယ်။

သူ့ရဲ့ ဒေသအစိုးရ အသီးသီး ပေါ်ထွန်းလာတယ်။ ဒါပေမဲ့ ၁၉၄၇ အခြေခံဥပဒေရဲ့ လစ်ဟာချက် ဗဟိုအစိုးရအာဏာ အလွန်အမင်း ရယူထားမှုတွေကြောင့် ပြည်ထောင်စုစနစ် အစစ်အမှန်မဖြစ်ခဲ့ပဲ လူမျိုးကြီးတစ်မျိုးတည်းမှ လွှမ်းမိုးချုပ်ကိုင်မှု များခဲ့ရာမှ စစ်အာဏာသိမ်းယူမှု ဖြစ်ပေါ်ခဲ့ပြီး တစ်ပြည်ထောင်စနစ်(Unitary)ကို ပြန်လှည့်သွားခဲ့ပါတယ်။

၂။ ဖက်ဒရယ်စနစ်ဟာ ဗဟိုနဲ့ ဒေသန္တရတို့ကြား လိုက်လျောညီထွေမှုရှိသဖြင့် ယဉ်ကျေးမှုတွေ နိုင်ငံရေးယူနစ်တွေ စုစည်းနိုင်စွမ်းရှိတယ်။ ဒါကြောင့် ကြီးမားကျယ်ပြန့်တဲ့ နိုင်ငံကြီးတွေနဲ့ နယ်မြေတိုးချဲ့လိုသော နိုင်ငံများအဖို့ အလွန်သင့်တော်တာတွေ့ရတယ်။ ဒါကြောင့် ဩစတေးလျ၊ အိန္ဒိယ၊ အမေရိက၊ ရုရှား၊ ကနေဒါစတဲ့ နိုင်ငံကြီးတွေဟာ ဖက်ဒရယ်စနစ်ကျင့်သုံးတာ တွေ့ရတယ်။ ဒါ့အပြင် နိုင်ငံသေးပေမယ့် လူမျိုးစုခြင်း လွန်ဆွဲနေတဲ့ နိုင်ငံများလည်း ဖက်ဒရယ်စနစ် ကျင့်သုံးရင်း အောင်မြင်ကြတယ်။

ဆွစ်ဇာလန်နိုင်ငံဟာ ဂျာမန်၊ ပြင်သစ်၊ အများစုရှိနေပြီး အီတလီနဲ့ ရိုမိုက်ချ်တွေဟာလည်း ၂၀% ရှိနေပါတယ်။ ဖက်ဒရယ်စနစ်ကို ကျင့်သုံးပြီး အလွန်အောင်မြင်တဲ့ နိုင်ငံအဖြစ် တွေ့ရတယ်။ မြန်မာဟာလည်း နိုင်ငံဧရိယာ ဒီလောက်မကျယ်ပြန့်ပေမယ့် ကွဲပြားတဲ့ လူမျိုးစုတွေ လွန်ဆွဲမှု ပြင်းထန်တဲ့ နိုင်ငံဖြစ်တယ်။ သမိုင်းပေး အခြေအနေအရ နိုင်ငံရေး စနစ်ကျင့်သုံးမှု မှန်ကန်စွာ ရွေးချယ်နိုင်ဖို့ အရေးကြီးနေတာ တွေ့ရတယ်။




၃။ ဖက်ဒရယ်စနစ်မှာ အဖွဲ့ဝင် ဒေသတွေဟာ နိုင်ငံကြီးတစ်နိုင်ငံမှာ ပါဝင်ခွင့်ရရှိနေပြီး ကြီးမားတဲ့စစ်ရေးနဲ့ စီးပွားရေးကို အင်အားအပြည့် လုပ်နိုင်တဲ့ အခွင့်အရေး လုပ်နိုင်ကြတယ်။ ဥပမာ- အမေရိက၊ အိန္ဒိယ။

၄။ ဖက်ဒရယ် အဖွဲ့ဝင်ပြည်နယ်တိုင်းဟာ ကွဲပြားတဲ့ အုပ်ချုပ်ရေးနဲ့ နိုင်ငံရေးများ လွတ်လပ်မှု အတိုင်းအတာ တစ်ခုနဲ့ လုပ်လို့ရနေတဲ့အတွက် နိုင်ငံလုံးဆိုင်ရာ မူဝါဒများမကျင့်သုံးမီ စပ်းသပ်မှုအနေနဲ့ လုပ်နိုင်တဲ့ အကျိုးကျေးဇူးရှိနေတယ်။ ဥပမာ- ကချင်ပြည်နယ်ဟာ သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ပူတာအိုဒေသမှာ အကြီးအကျယ် လုပ်တယ်။ ကောင်းကျိုးဆိုးကျိုး သတိပြုရမယ့် အချက်တွေကို နမူနာယူပြီး ကျန်တဲ့ဖက်ဒရယ်အဖွဲ့ဝင်ပြည်နယ်တွေမှာ ဆောင်ရွက်နိုင်တယ်။

၅။ လုပ်ငန်းတာဝန်တွေ ခွဲဝေလုပ်ကိုင်ကြရတဲ့အတွက် ဗဟိုအစိုးရကလည်း အမျိုးသားနဲ့ နိုင်ငံတကာ ကိစ္စများမှာ ပိုပြီး အာရုံစိုက်နိုင်တယ်။ ဒေသအစိုးရတွေကလည်း ကိုယ်ပိုင်လွတ်လပ်မှုနဲ့ အကောင်အထည် ဖော်နိုင်လို့ နိုင်ငံရေးမှာ ပိုတက်ကြွစေတယ်။

ပြည်ထောင်စုစနစ် (Federal State)ရဲ့ အားနည်းချက်များ

၁။ ဗဟိုအစိုးရရော ဒေသအစိုးရတွေမှာပါ ပုံသဏ္ဌာန်တူ အစိုးရဌာနတွေ ခန့်ထားလုပ်ဆောင်ရတဲ့အတွက် တစ်ပြည်ထောင်အစိုးရထက် အစိုးရဘဏ္ဍာငွေတွေ ပိုမိုကုန်ကျစေတယ်။

၂။ ဒေသအစိုးရတွေရဲ့ တရားစီရင်ခွင့်တွေ ကျယ်ပြန့်စွာ လုပ်ပိုင်ခွင့် ရတဲ့အတွက် တစ်မျိုးသားလုံးဆိုင်ရာ ကိစ္စများအတွက် အားလုံးနှင့်ကိုက်ညီအောင် ဆောင်ရွက်ရန် ခက်ခဲစေတယ်။ သီးခြားသဘောများလို့ ရှုပ်ထွေးစေတယ်။ ဥပမာ - ထိမ်းမြားလက်ထပ်ခြင်း ဆိုင်ရာ ကွာရှင်းခြင်း၊ မူးယစ်ဆေးဝါး၊ ကလေးလုပ်သား၊ ဆန္ဒမဲပေးခြင်း၊ ပညာရေးဆိုင်ရာ မူဝါဒများ. . .

၃။ ဖွဲ့စည်းပုံပြင်ရာမှာ အဖွဲ့ဝင်ပြည်နယ်များ အားလုံးသဘောတူမှ ဖြစ်တဲ့အတွက် ခေတ်နှင့်လျော်ညီတဲ့ ဖွဲ့စည်းပုံပြင်ဆင်ရေး အားနည်းလေ့ရှိတယ်။

၄။ ဖက်ဒရယ်စနစ် အားကောင်းလွန်းပြီး အမျိုးသားရေးဝါဒ ထွန်းကားလာရင် ကွန်ဖက်ဒရိတ်ဘက်ကို ပြောင်းလဲဖို့ လွယ်ကူစေတယ်။

၃။ ကွန်ဖက်ဒရေးရှင်း နိုင်ငံ (Confederation State)

အများစုမှာ ဖက်ဒရယ်နဲ့ ကွန်ဖက်ဒရေးရှင်းကို ရောလေ့ရှိတယ်။ တူသယောင်ရှိပေမယ့် အလွန်ခြားနားတယ်။ နိုင်ငံရေးစနစ်တွေထဲမှာ ကွန်ဖက်ဒရေးရှင်းက အရင်ဖြစ်ပေါ်ပြီး ပိုပြီးပြည့်စုံတဲ့ ဖက်ဒရယ်စနစ်ဟာ နောက်မှ ပေါ်တယ်။ ကွန်ဖက်ဒရေးရှင်းဟာ အဖွဲ့ဝင်နိုင်ငံတိုင်းရဲ့ sovereignty ကို စွန့်လွှတ်စရာမလိုဘဲ အစိုးရအသစ်ကို ဖွဲ့တာဖြစ်တယ်။ နိုင်ငံအသစ်ကို မထူထောင်ပါ။ အဖွဲ့ဝင်နိုင်ငံတိုင်း စာချုပ်နဲ့ အစိုးရတစ်ရပ်ကို စည်းနှောင်ထားတယ်။ အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ခွဲထွက်လိုက ခွဲထွက်ခွင့် အလွယ်တကူရှိနေတယ်။ ကွန်ဖက်ဒရေးရှင်းမှာ ဗဟိုအစိုးရဟာ သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံ အစိုးရတွေနဲ့သာ တိုက်ရိုက်ဆက်ဆံပြီး နိုင်ငံသားတွေနဲ့ မဆက်ဆံပါ။ ဒါကြောင့် သက်ဆိုင်ရာ နိုင်ငံသားတွေဟာ မိမိတို့နိုင်ငံအစိုးရနဲ့ပဲ တိုက်ရိုက် ဆက်ဆံရတယ်။ ကွန်ဖက်ဒရေးရှင်းမှာ ပူးတွဲအစိုးရသာဖြစ်ပြီး အစိုးရဆက်လက်တည်တံ့ရေးဟာ အဖွဲ့ဝင်နိုင်ငံတွေ သဘောတူညီချက်အပေါ်မှာသာ မူတည်တယ်။

ကွန်ဖက်ဒရေးရှင်း စနစ်ဟာ ဂရိတွေရဲ့ မြို့ပြနိုင်ငံတွေခေတ်ကတည်းက ရှိခဲ့ဖူးတယ်။ အချင်းချင်း နိုင်ငံရေးနဲ့ စစ်ရေးလိုအပ်ချိန်တွေမှာ ကွန်ဖက်ဒရိတ်ဖွဲ့ကြလေ့ရှိတယ်။ Achean League ဟာ ဂရိကွန်ဖက်ဒရိတ်အဖြစ် သမိုင်းမှာ ထင်ရှားပါတယ်။ ခေတ်သစ်မှာတော့ ဘယ်လ်ဂျီယံ၊ ကနေဒါ ၊ EU , UAE ၊ ဆားဗီးယားနဲ့ မွန်တီနီဂရိုး၊ Indigenous Confederation in North America တို့ဟာ ထင်ရှားပါတယ်။ ကမ္ဘာ့သမိုင်းမှာ အကြီးကျယ်ဆုံး confederation state ကတော့ ဆိုဗီယက်ယူနီယံပဲ ဖြစ်တယ်။ ၁၉၂၂ ကနေ ၁၉၉၁ အထိ တည်မြဲခဲ့တယ်။ လက်ရှိ ခေတ်သစ်နိုင်ငံရေးမှာတော့ ကွန်ဖက်ဒရိတ် သီးခြားကျင့်သုံးတဲ့ နိုင်ငံတွေအနေနဲ့ အရမ်းရှားပါးသွားပြီး ဖက်ဒရေးရှင်းအဆင့်ကို ပိုပြီး တည်ဆောက်ကြတာ တွေ့ရပါတယ်။ ကွန်ဖက်ဒရိတ်အနေနဲ့ကတော့ စီးပွားရေးအရဖွဲ့လာတဲ့ EU တို့လောက်သာ အားကောင်းလာတာကို တွေ့ရပါတော့တယ်။


ကွန်ဖက်ဒရေးရှင်းရဲ့ အားနည်းချက်တွေကတော့။ နိုင်ငံအသီးသီးရဲ့ sovereignty ဟာ စွန့်လွှတ်စရာ မလိုတဲ့အတွက် league အတွင်းမှာ အားပြိုင်မှုတွေ ပြင်းထန်လာလေ့ရှိတယ်။ ဗဟိုအစိုးရရဲ့ လည်ပတ်မှုအတွက် အဖွဲ့ဝင်နိုင်ငံတွေ ကိုယ်စီထည့်ဝင်ရာမှာ စီးပွားပျက်ကပ်ဆိုက်ချိန်မှာ တောင့်မခံနိုင်ပဲ ပြိုကွဲလေ့ရှိပါတယ်။ ကွန်ဖက်ဒရိတ် ပြင်းထန်လွန်းရင် အမျိုးသားနိုင်ငံ unitary ဘက် လှည့်သွားလေ့ရှိတယ်။

ကချင်ပြည်သူနဲ့ မြန်မာနိုင်ငံသားတို့ စဉ်းစားရမှာက မိမိတို့နိုင်ငံကို ဘယ်ပုံစံတည်ဆောက်ရမယ် ဆိုတာပါပဲ။ နိုင်ငံတည်ဆောက်ပုံ ၃ မျိုးပဲ ရှိရာမှာ Unitary စနစ်၊ Federation စနစ်၊ Confederation စနစ်တို့ရှိရာမှာ ကမ္ဘာ့သမိုင်းမှာ နိုင်ငံရေးစက်ဝန်း လည်ပြီးဖြစ်ပါတယ်။ ပထမဆုံး အမျိုးသားမြို့ပြနိုင်ငံများစနစ် ပြီးတော့ အစုအဖွဲ့သဘော league ဖြစ်တဲ့ ကွန်ဖက်ဒရိတ်အဆင့်၊ ပြီးတော့တစ်ဖန် အင်အားကြီးတဲ့ အမျိုးသားအင်ပါယာများ၊ အဲဒီကနေ နောက်ဆုံး ဖက်ဒရယ်စနစ်ဆိုပြီး ပြောင်းလဲပြီး လူသားတို့နဲ့ အသင့်တော်ဆုံး

စာ - ၁၅ သို့ »

**တုတ်ထိုး** - ကြည်ညိုပါတယ်။ ကြည်ညိုပါတယ်။ ကြည်ညိုပါတယ်။ ကြည်ညိုပါတယ်။ ကြည်ညိုပါတယ်။ ကြည်ညိုပါတယ်။ ကြည်ညိုပါတယ်။
**အိုးပေါက်** - တကြည်ညိုတည်း ကြည်ညိုဂါထာတွေ ရွတ်နေတာ ထူးဆန်းလှပါလား။

**တုတ်ထိုး** - အဟဲ၊ ယတြာချေနေတာ။
**အိုးပေါက်** - ဘာလဲ။ ၂၀၂၀ မှာ ရွေးကောက်ပွဲဝင်ပြိုင်ပြီး အနိုင်ရဖို့ ပြည်သူလူထု ကြည်ညိုအောင် ယတြာချေနေတာလား။ အဟဲ- ခင်ဗျားရုပ်၊ ခင်ဗျားအရည်အချင်းနဲ့ ကြည်ညိုစရာတစ်ကွက်မှ မရှိဘူး။ ကြည်ညိုစရာရှိမှ ကြည်ညိုစရာရှိမှ ကြည်ညိုကြမှာပဲ။ ကြည်ညိုစရာ မရှိရင် ဘယ်သူမှ ကြည်ညိုကြမှာ မဟုတ်ဘူး။ ဒီတော့ ၂၀၂၀ မှာပြည်သူလူထု ကြည်ညိုအောင် နေရင်တော့ ခင်ဗျားနိုင်မှာပါ။ စိတ်မပူပါနဲ့။



**တုတ်ထိုး** - ဘာတွေလျှောက်ပြောနေတာတုန်း။ အခုတလော ခင်ဗျားသတင်းတွေ သိပ်မဖတ်ဘူးထင်တယ်။
အိုးပေါက် - ပြောစမ်းပါဦးဗျာ။ ဘာသတင်းတွေ ထူးသလဲဗျ။

**တုတ်ထိုး** - Eleven ဂျာနယ်မှာ ပါခဲ့တဲ့ ဆောင်းပါးတစ်ပုဒ်ကြောင့် အယ်ဒီတာချုပ် ကျော်ဇောလင်း၊ တာဝန်ခံအယ်ဒီတာ နရီမင်း၊ သတင်းထောက်ချုပ် ဖြိုးဝေတို့ကို တရားစွဲထားတယ်ဗျ။
**အိုးပေါက်** - ပုဒ်မ ဘယ်လောက်နဲ့ စွဲတာတုန်း။

**တုတ်ထိုး** - နိုင်ငံတော် အကြည်ညိုပျက်စေမှုလို့ လူတွေ သိကြတဲ့ ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)နဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရက စွဲတာဗျ။
အိုးပေါက် - ဒီကိစ္စမှာ ပါတီပုံရိပ် ထိခိုက်နိုင်သလား။

**တုတ်ထိုး** - NLD ထိပ်ပိုင်းခေါင်းဆောင်တချို့နဲ့ လွှတ်တော်အမတ်တချို့ကတော့ ပါတီပုံရိပ် ထိခိုက်မှာကို စိုးရိမ်နေကြတယ်။
**အိုးပေါက်** - အာမခံ မရတဲ့ ပုဒ်မကြီးနော်။

**တုတ်ထိုး** - ဟုတ်တယ်။ မြို့သစ်စီမံကိန်းအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရ တည်ထောင်ထားတဲ့ အများပိုင်ကုမ္ပဏီမှာတိုင်း စီမံ/ဘဏ္ဍာဝန်ကြီးက ဝန်ကြီးရာထူးနဲ့ မဟုတ်ဘဲ လူပုဂ္ဂိုလ်အနေနဲ့ တရားစွဲရတာတဲ့ဗျ။ ရန်ကုန်တိုင်းအစိုးရက အဲ့ဒီလိုထုတ်ပြန်ခဲ့တယ်။

**အိုးပေါက်** - . . . . . ။

**တုတ်ထိုး** - ပြီးတော့ အဲ့ဒီလိုစွဲခဲ့တာဟာ ရှယ်ယာ သိန်းနဲ့ချီပိုင်ဆိုင်ထားကြောင်း ရေးသားခဲ့လို့တဲ့ဗျ။
**အိုးပေါက်** - ဒီကိစ္စကို စာနယ်ဇင်းကောင်စီကနေတစ်ဆင့် ပြဿနာကို ဖြေရှင်းလို့ ရရဲ့သားနဲ့ ပုဒ်မ ၅၀၅(ခ)နဲ့ စွဲရတာတုန်း။ ဒါဟာ ပြောစရာတစ်ကွက်ဖြစ်နေပြီ။

**တုတ်ထိုး** - ဟုတ်တယ်။ အခုတော့ အင်းစိန်ထောင်မှာ ဖမ်းထားတယ်။ အရင်အစိုးရအတိုင်း လုပ်ကိုင်ဆောင်ရွက်နေကြတယ်လို့ ဝေဖန်ခံရနိုင်တယ်။ ပါတီပုံရိပ် ကျနိုင်တယ်။
**အိုးပေါက်** - အခုမှ ကျုပ်သဘောပေါက်တော့တယ်။ ခုနက ခင်ဗျားကြည်ညိုပါတယ် ဂါထာ ဘာကြောင့် ရွတ်နေတယ်ဆိုတာ။

**တုတ်ထိုး** - အဟီး။ တုတ်ထိုး အိုးပေါက် ဂျာနယ်စကားဝိုင်းမှာလည်း မတော်တဆ အကြည်ညိုပျက်စေတဲ့စကားတွေများ ပါသွားခဲ့ရင် လွှန်တာရှိ ဝန္ဒာမိ လုပ်ထားတာ။ ကိုယ်တင်တဲ့အစိုးရကို ကြည်ညိုပါတယ်။ ဒါကြောင့် နဝင်းလည်းကြေအောင် ကြည်ညိုပါတယ်ကို ၉ ခေါက် ထိုင်ရွတ်နေတာ။ ခုနက ကိုးခေါက်မပြည့်သေးဘူး။ ဆက်ရွတ်လိုက်ဦးမယ်။ ကြည်ညိုပါတယ်။ ကြည်ညိုပါတယ်။ ကြည်ညိုပါတယ်ခင်ဗျ။
**အိုးပေါက်** - ဟွန်း၊ မှတ်တောင် ထားရဦးမယ်။

**တုတ်ထိုး** - စကားမစပ်ဗျာ။ ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးရဲ့ မယဒေဝ ထဲက စာတစ်ခု သတိရမိတယ်။
**အိုးပေါက်** - ဘာတဲ့တုန်း။

**တုတ်ထိုး** - "မင်းနှင့်ပြည်သူ
ယုတ်မြတ်ဟူလည်း
ဖြစ်တူပျက်ဖက်
ကိုင်းအခက်နှင့်
အောက်ထက်ရင်းဖျား
သစ်ပင်လားသို့
မပြားတစ်စည်း
တူသတည်းရှင့်
တောလည်းမြက်ပြတ်
သဟဇာတ်တည့်
မြဲမှတ်အပြီး
လူ့ထုံးတီးက
ဘုန်းကြီးသူပျက်
ဘုန်းနည်းညက်၏
ကြံထက်လိမ္မာ၊ မချို့ရာဘူး"
တဲ့ဗျ။
**အိုးပေါက်** - အဓိပ္ပါယ်လေးပါ ရှင်းစမ်းပါဦးဗျာ။

**တုတ်ထိုး** - "အုပ်ချုပ်သူ မင်းနှင့်ပြည်သူများသည် သစ်ပင်တစ်ပင်၏ အကိုင်းအခက်၊ အမြစ်နှင့် ပင်စည်တို့နှင့် တူလှ၏။ ဖြစ်လည်း အတူ၊ ပျက်လည်း အတူဖြစ်ကြ၏။ လူတို့တွင်လည်း ထိုနည်းအတိုင်းဖြစ်၏။ ဘုန်းကြီးသူ အထက်လူကြီးများ ပျက်စီးပြိုလဲခြင်း ခံရလျှင် ဘုန်းနည်းသူ အောက်လူတို့လည်း ညက်ညက်ကြေ ပျက်စီးကြရ၏။ ထို့ကြောင့် အကြံအစည် ထက်မြက်လိမ္မာစေပြီး မချို့မယွင်း မတိမ်းမစောင်း အောင်အားထုတ်ပါလေ"တဲ့။
**အိုးပေါက်** - ခင်ဗျားက အဲ့ဒါပြောပြတော့ ကျုပ်ကလည်း မယဒေဝထဲက စာကိုပဲ ပြန်ပြောပြချင်တယ်။ ခေတ်နဲ့လည်း ညီနေလို့။

**တုတ်ထိုး** - ကိုင်း၊ မျှဝေစမ်းပါဦးဗျာ။
**အိုးပေါက်** -
"မင်းခယောက်ျား
ထိုအပြားကား
ပိုင်းခြားမှတ်ဘိ
နွယ်ဇာတိသို့
မိမိမှီကာ
တည်နေရာကို
မှန်စွာမချွတ်
ဖျက်ဆီးတတ်နှင့်
သတ္တာပတ်ကြာ
ပဒုမ္မာသို့
မှီရာအားကို
ထင်ရှားကျက်သရေ
တင့်တယ်စေသည့်
မသွေမှန်မျို့
ထို့နှစ်ဖို့တွင်
နွယ်သို့မကျင့်
ကြာသို့ကျင့်လျက်
သခင့်အကျိုး
ယုတ်မညိုးအောင်
အားကြိုးလုံ့လ
မလစ်ကြနှင့်" တဲ့ဗျာ။

**တုတ်ထိုး** - ကောင်းလိုက်တဲ့စာဗျာ။ ဘာတဲ့ အဓိပ္ပါယ်။
အစိုးရမင်းတွေရဲ့ တာဝန်ကို ထမ်းဆောင်နေရသူတွေဟာ နွယ်လိုမကျင့်ရဘူး။ ကြာပင်လို ကျင့်ရမယ်။ နွယ်က မိမိရဲ့ တည်ရာကို ဖျက်ဆီးတတ်တယ်။ ပဒုမ္မာကြာကတော့ ရေကန်ကို လှပတင့်တယ်စေတယ်။ ဒီတော့ နိုင်ငံ့ဝန်ထမ်းဟာ နွယ်လို မကျင့်ရဘူး။ ကြာလို ကျင့်ရမယ်။
**အိုးပေါက်** - အခု အစိုးရလက်ထက်မှာ လာဘ်ပေးလာဘ်ယူမှုတွေတော့ တိုက်ဖျက်နေတာပဲ။

**တုတ်ထိုး** - တချို့တွေကတော့ အရက်ပုလင်းယူနေကြတဲ့အသံတွေ ကြားနေရတာပဲ။
**အိုးပေါက်** - မစားရမနေနိုင်တာလည်း သထာရေစာတော့ စားကြပါဗျ။ မသထာရေစာတော့ မစားကြပါနဲ့။ လာဘ်စားနေတဲ့သူတွေ ဘယ်ဝန်ကြီးပဲ ဖြစ်ဖြစ်၊ ဘယ်အမှုထမ်းပဲဖြစ်ဖြစ် လာဘ်စားနေတာ ထင်ရှားပေါ်လွင်နေရင် အရေးယူပါ။ ထုတ်ပယ်ပါ။ အဲ့ဒီလူက လာဘ်သာစားတယ် အရည်အချင်းရှိလို့ ကျွန်တော်တို့ သတိထားနေရပါတယ်။ သူ့လောက်တော်သူ မရှိလို့ အဲဒီနေရာမှာ အဲ့ဒီရာထူးနဲ့ ဆက်ထားနေရပါတယ်ဆိုတာမျိုး မလုပ်ဖို့လည်း လိုပါတယ်။ ပြည်သူ့အသံကိုနားထောင်ပါ။ ပြည်သူကို မညာပါနဲ့။ အမှုထမ်းတစ်ယောက် လာဘ်စားနေသလား၊ ထုတ်ပါ။ သူ့လောက်တော်သူ မရှိလို့ ဆက်ထားနေရပါတယ်လို့ ဖြေရှင်းတာမျိုး မလုပ်ပါနဲ့။ ဒါမျိုး ဖြစ်နေရင် ဒါဟာ ကိုယ့်အဖွဲ့အစည်း၊ ကိုယ့်ပါတီ၊ ကိုယ့်အစိုးရ အသုံးမကျတာပါပဲ။

**တုတ်ထိုး** - ကြည်ညိုပါတယ် ၆ ခေါက်ပါခင်ဗျ။ ၆ ခေါက်နဲ့ မရရင်လည်း ကြည်ညိုပါတယ် ၉ ခေါက်ပါခင်ဗျာ။
**အိုးပေါက်** - ဒါနဲ့ ခင်ဗျားနဲ့ ကျုပ် ဆုံတုန်းလေး ဆယ်ဖီဆယ့်တစ်ဖီလေး ဆွဲလိုက်ကြရအောင်။

**တုတ်ထိုး** - ဆယ်လ်ဖီဆွဲရမှာတောင် လန့်လာပြီ။
အိုးပေါက် - ဘာလို့တုန်း။

**တုတ်ထိုး** - ၂၀၁၁ အောက်တိုဘာလကနေ ၂၀၁၇ နိုဝင်ဘာကြား ကမ္ဘာမှာ ဆယ်လ်ဖီဆွဲ ဓာတ်ပုံရိုက်ရင်း သေဆုံးသူဟာ ၂၅၀ ဦး ကျော်နေပြီတဲ့ဗျ။
အိုးပေါက် - ဟင်။

**တုတ်ထိုး** - တချို့က ဆယ်လ်ဖီဆွဲရင်း ရေနှစ်သေတယ်။ တချို့က ဆယ်လ်ဖီဆွဲရင်း အမြင့်ကနေ ပြုတ်ကျသေတယ်။
**အိုးပေါက်** - အမျိုးသမီးတွေက အမျိုးသားတွေထက် ဆယ်လ်ဖီ ပိုဆွဲကြတယ်နော်။

**တုတ်ထိုး** - အင်း ဟုတ်တယ်။ ကျုပ်မိန်းမဆို နဂိုကမှ နှုတ်ခမ်းထော်ရတဲ့အထဲ ဆယ်လ်ဖီရောဂါဝင်လာတာ နှုတ်ခမ်းက ပိုထော်ထော်လာတယ်။ ဆယ်ဖီဆွဲရင် နှုတ်ခမ်းပိုစူစူပြလို့။
**အိုးပေါက်** - ဟား ဟား ဟား ဟား ဟား။ ရယ်ရတယ်။

**တုတ်ထိုး** - ဒါပေမဲ့ ဆယ်လ်ဖီဆွဲရင်း သေတတ်တဲ့လူတွေက အမျိုးသားတွေများတယ်တဲ့ဗျ။
**အိုးပေါက်** - ဘာဖြစ်လို့။

**တုတ်ထိုး** - အမျိုးသားတွေဟာ အမျိုးသမီးတွေထက် အန္တရာယ်များတဲ့ အပြုအမူတွေကို ဆယ်လ်ဖီဆွဲရင်း လုပ်တတ်ကြလို့ပဲ။ ဒါကြောင့် အမျိုးသားတွေက သေဆုံးမှုများတယ်တဲ့ဗျ။
**အိုးပေါက်** - စကားမစပ်။ အစိုးရက တင်ဒါတွေခေါ်တဲ့အခါမှာလည်း တင်ဒါဆွဲတာအောင်ဖို့ လာဘ်ပေးလာဘ်ယူတွေ ရှိနိုင်သလား။

**တုတ်ထိုး** - ဒါတော့ ကျုပ်မသိဘူး။ ဘာဖြစ်လို့ မေးတာတုန်း။
**အိုးပေါက်** - ဩော်၊ ဆယ်လ်ဖီဆွဲသူတချို့က ဆယ်လ်ဖီဆွဲရင်း သေတတ်လို့ တင်ဒါတွေဆွဲတဲ့အခါမှာလည်း တင်ဒါဆွဲရင်း လာဘ်ယူတာ လာဘ်ပေးတာများပြီး ပြုတ်ကျသေမှာစိုးလို့ ပြောတာ။

**တုတ်ထိုး** - တင်ဒါဆွဲတာ ရိုးရိုးသားသား ဆွဲတဲ့သူ ရှိနိုင်သေးတယ်။ ဒါပေမဲ့ တင်ဒါမခေါ်ဘဲ လုပ်ပိုင်ခွင့်ရရှိထားတတ်တဲ့ လူတွေရှိနေရင် ဘာလုပ်ကြမလဲ။
**အိုးပေါက်** - ကြည်ညိုပါတယ်၊ ကြည်ညိုပါတယ်။ ၄-၅-၆ ခါ။ ကြည်ညိုပါတယ်။ ၇ ခါ ၈ ခါ ၉ ခါ။ ကြည်ညိုပါတယ်။ ကြည်ညိုပါတယ်ခင်ဗျာ။

**တုတ်ထိုး** - ပြည်သူ့မေတ္တာခံယူမယ့် သားပေမို့ လွန်တာရှိ ဝန္ဒာမိပါခင်ဗျာ။ ။

# မိုးညှင်းတွင် လိုင်စင်မဲ့ဆိုင်ကယ်များကို ရက်ထပ်တိုးဆောင်ရွက်ပေးနေသော်လည်း လာရောက်ဆောင်ရွက်သူ နည်းပါးနေ

မိုးညှင်း၊ အောက်တိုဘာ ၁၁

မိုးညှင်းခရိုင်တွင် ဆိုင်ကယ်လိုင်စင်များကို ဇွန်လ ၁၈ ရက်မှစက်တင်ဘာ ၁၈ ရက်နေ့အထိ သုံးလကြာပြုလုပ်ပေးခဲ့ပြီးနောက် အောက်တိုဘာလ ၃၁ ရက်နေ့အထိ ရက်ထပ်တိုးပေးထားသော်လည်း လိုင်စင်လာရောက်လုပ်ကိုင်သူနည်းပါးနေကြောင်း သိရသည်။

ကချင်ပြည်နယ် အစိုးရအဖွဲ့၏ သတ်မှတ်ချက်အရ ယာဉ်မှတ်ပုံတင်ပေးရေး ကော်မတီက ကောက်ခံသော ဆိုင်ကယ်လိုင်စင်ကြေး စုစုပေါင်းကုန်ကျစရိတ်မှာ ဆိုင်ကယ်အမျိုးအစားနှင့်ထုတ်လုပ်သည့်နိုင်ငံအလိုက် အနိမ့်ဆုံးငွေကျပ်ခြောက်သောင်းကျော်မှ အမြင့်ဆုံး ကျပ်ရှစ်သောင်း အထက်ပေးဆောင်ရမှာဖြစ်ပြီး KCN နံပါတ်ဖြင့် ကချင်ပြည်နယ်အတွင်း အသုံးပြုရမည်ဖြစ်သောကြောင့် လိုင်စင်လာရောက်လုပ်ကိုင်သူနည်းပါးရခြင်း ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

“ဆိုင်ပေါ်တင်ရောင်းနေကြတဲ့ ဆိုင်ကယ်တွေကျတော့ လိုင်စင်မလုပ်ကြဘူး။ ကျွန်တော်တို့လို ဆိုင်ကယ်တွေက အများအားဖြင့် ဆိုင်ကယ်ကဟောင်းနေပြီ။ ပြန်ရောင်းရင်တောင် ကျပ်လေးသောင်းကျော်လောက်ပဲ ရနိုင်မယ်။ ပေးဆောင်ရမဲ့ငွေက များနေတော့ လိုင်စင်မလုပ်ဖြစ်ကြဘူး၊ ဆိုင်ကယ် အဟောင်းတွေနဲ့ မိုးမလင်းဈေးမှာ ဟင်းရွက်တွေလာရောင်းကြရတာ၊ အဟောင်းတွေကို တရားဝင်ဖြစ်စေချင်ရင် လိုင်စင်ကြေးနှစ်သောင်းဝန်းကျင် ပေးဆောင်ခိုင်းရင် အဆင်ပြေကြမှာပါ။ နိုင်ငံတော်အတွက် ငွေလိုတယ်ဆိုရင် ဦးထုပ်မဆောင်းရင်၊ ဘက်မှန်မတပ်ရင်၊ ပါဝါအိတ်ဇောတွေတပ်ရင် ဒဏ်ငွေတွေ ရိုက်လိုက်ပေါ့”ဟု ဟဲလုံကျေးရွာ မိုးမလင်းဈေးမှ ဈေးသည် ဒေါ်အေးက ပြောသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် လိုင်စင်မဲ့ဆိုင်ကယ်များကို ယာဉ်မှတ်ပုံတင်ပေးရေး ကော်မီတီက ယာဉ်လိုင်စင်များ ပြုလုပ်ပေးလျက်ရှိရာ ပြုလုပ်ပေးသည့် ကာလကျော်လွန်လျှင် ဖမ်းဆီးအရေးယူခြင်းခံရနိုင်ကြောင်း မိုးညှင်းခရိုင်စီမံခန့်ခွဲမှု ကော်မတီရုံးမှ သိရသည်။

“ဆိုင်ကယ်လိုင်စင်တွေကို သတ်မှတ်ထားတဲ့ ပြုလုပ်ပေးချိန် ပြီးစီးသွားလျှင် လိုင်စင်မဲ့ဆိုင်ကယ်တွေကို စစ်ဆေးအရေးယူသွားမှာပါ၊ တာဝန်ရှိသူတွေက ရှောင်တခင်စစ်ဆေးသွားပြီး အဲဒီ ဆိုင်ကယ်တွေကို လိုင်စင်ပြုလုပ်ဖို့ ပညာပေးဆွေးနွေးမှာ ဖြစ်ပါတယ်။ လိုင်စင်မပြုလုပ်ဘဲနေရင် အဲဒီဆိုင်ကယ်တွေကို ထိန်းသိမ်းထားမှာဖြစ်ပါတယ်”ဟု စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးက ပြောသည်။

မိုးညှင်းခရိုင်တွင် လိုင်စင်မဲ့ဆိုင်ကယ်များကို သုံးလကြာ တရားဝင်လိုင်စင် ပြုလုပ်ပေးနေရာ ဇွန်လ ၁၈ရက်မှ စက်တင်ဘာ လ ၁၈ ရက်နေ့အထိ ၃၉၀၃ စီး၊ အောက်တိုဘာ ၁၁ ရက်နေ့အထိ တရုတ်ဆိုင်ကယ် ၄၈ စီး ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ထွန်းထွန်း(မိုးညှင်း)

# ကိုယ်လက်အင်္ဂါမပြည့်စုံတော့ပေမယ့် နိုင်ငံတော်လုံခြုံရေးအတွက် လိုအပ်လာလျှင် တိုက်ပွဲဝင်သွားမည်ဟု စစ်မှုထမ်းဟောင်းအဖွဲ့ပြော

မိုးညှင်း၊ အောက်တိုဘာ ၁၀

မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်လုံခြုံရေးအတွက် လိုအပ်လာလျှင် စစ်သားဟောင်းများကလည်း ပြန်လည်တိုက်ပွဲဝင်သွားမည်ဟု ကချင်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက ပြောသည်။

နိုင်ငံသားချင်းဖြစ်ပွားနေသည့် ပြည်တွင်းတိုက်ပွဲများကို ဆိုလိုခြင်းမဟုတ်ဘဲ ရခိုင်ပြည်နယ်ဘက်တွင် ဖြစ်ပွားနေသည့်အရေးများကိုဝင်ရောက်စွက်ဖက်လာသည့် ပြည်ပနိုင်ငံမှ အဖွဲ့အစည်းများ၏ ရန်ကို ဆိုလိုခြင်းဖြစ်ကြောင်း ပြည်နယ် စစ်မှုထမ်းဟောင်းဥက္ကဋ္ဌ အငြိမ်းစားဗိုလ်မှူး ဦးအုန်းသွင်က ပြောကြားခြင်းဖြစ်သည်။

“အခု မြန်မာနိုင်ငံရဲ့အချုပ်အချာကို ထိခိုက်စေတဲ့ ရခိုင်အရေးနဲ့ပတ်သက်လို့ ပွဲလန့်တုန်းဖျာခင်းချင်တဲ့ ပြည်ပက OIC တို့၊ ICC တို့၊ UN တို့က ပါဝင်ပတ်သက်မှုတွေရှိလာတာတွေ တွေ့ရတယ်။ နိုင်ငံတော်ရဲ့ စစ်ရေးကာလ ငြိမ်းချမ်းနေရင် ကျွန်တော်တို့ရဲ့ အခန်းကဏ္ဍက သိပ်ပြီး အရေးမပါ ပါဘူး။ နယ်မြေဒေသ အသီးသီးမှာရှိတဲ့ သောင်းကျန်းသူတွေနဲ့ပတ်သက်လို့ကတော့ စစ်မှုထမ်းဟောင်းတွေက ပါစရာမလိုပါဘူး”ဟု ဥက္ကဋ္ဌ ဦးအုန်းသွင်က ပြောသည်။

ထို့အပြင် “ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ပြည်ပကထိပါးလာရင် တပ်မတော်အနေနဲ့ လက်မခံသလို အစိုးရအနေနဲ့လည်း လက်မခံဘူး။ နိုင်ငံတော်အနေနဲ့လည်း လက်မခံဘူး။ UN ရဲ့ အစီရင်ခံစာနဲ့ ပတ်သက်လို့ အစိုးရအနေနဲ့လည်း သဘောမတူပါဘူး။ ကန့်ကွက်ပါတယ် ဆိုပြီး တင်ပြပြီးပြီ၊ တပ်မတော်ရဲ့ အရံအင်အားဖြစ်တဲ့ ကျွန်တော်တို့ စစ်မှုထမ်းဟောင်းတွေက နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးအတွက် ပါဝင်ကြပါမယ်”ဟု ပြည်နယ်စစ်မှုထမ်းဟောင်းဥက္ကဋ္ဌက ဆက်လက်ပြောသည်။

တပ်မတော်သားဟောင်းများက မိမိတို့တွင် ကိုယ်လက်အင်္ဂါ မပြည့်စုံတော့သော်လည်း ပြည်ပမှကျူးကျော်စော်ကားမှုများရှိလာလျှင် နောက်တန်းမှ တာဝန်ယူဆောင်ရွက်ပေးသွားကြမည်ဖြစ်ကြောင်း မိုးညှင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ အငြိမ်းစားဗိုလ်ကြီးဦးဘိုလယ်က ပြောသည်။

“ကျွန်တော်တို့ စစ်မှုထမ်းဟောင်းတွေအနေနဲ့ စနစ်တကျဖွဲ့စည်းထားပြီးဖြစ်ပါတယ်၊ ပြည်ပရန်တွေမှာ တပ်မတော်က ရှေ့တန်းထွက်နေတဲ့အချိန်မှာ ကျွန်တော်တို့အဖွဲ့တွေက ခြေထောက်တွေ ပြတ်နေပေမယ့် အဲဒီတပ်တွေနေရာမှာ နောက်တန်းတာဝန်တွေယူပြီး တစ်တပ်တစ်အား အုတ်တစ်ချပ်သဲတစ်ပွင့် အနေနဲ့ ပါဝင်ဆောင်ရွက်ကြမှာဖြစ်ပါတယ်”ဟု အငြိမ်းစားဗိုလ်ကြီး ဦးဘိုလယ်က ပြောသည်။

နိုင်ငံတော် စစ်မှုထမ်းဟောင်း အသိုင်းအဝိုင်းတွင် “Old Soldier Never Die” “စစ်သားဟောင်းကြီးများ ဘယ်တော့မှ မေ့မှိန်ပျောက်ကွယ်သွားခြင်းမရှိ”ဟူသော စကားနှင့်အညီ “Once a Soldier Always a Soldier” “တစ်ခါစစ်သား ဖြစ်ဖူးလျှင် ထာဝရစစ်သား”ဟုစစ်မှုထမ်းဟောင်းများက ခံယူထားကြသဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့်ပတ်သက်လျှင် တပ်မတော်၏ အင်အားအဖြစ် ပြန်လည်ပါဝင်ဆောင်ရွက်ရန် စိတ်အားတက်ကြွနေကြခြင်း ဖြစ်ကြောင်း မိုးညှင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ သိရသည်။

မိုးညှင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ကို ၁၉၇၅ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ပြီး ယခုလက်ရှိ အင်အား ၁၀၂၅ ဦး ရှိနေကြောင်း သိရသည်။

ထွန်းထွန်း(မိုးညှင်း)

# အင်းတော်ကြီး အရှေ့ဘက်ကမ်းတွင် ခင်းကျင်းနေသည့် ကွန်ကရစ်လမ်း အက်ကွဲမှုနှင့်ပတ်သက်ပြီး မြို့နယ်အဆင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

မိုးညှင်း၊ အောက်တိုဘာ ၁၁

မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ အရှေ့ဘက်ကမ်းတွင် တည်ဆောက်နေသည့် နန့်မွန်း- ချောင်းဝ-ညောင်ပင်ကားလမ်း၌ ကွန်ကရစ် အက်ကွဲမှုများကို အောက်တိုဘာလ ၁၀ ရက်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးမှုသည် မြို့ပြရွှေပြည်ကုမ္ပဏီမှ တာဝန်ယူထားသည့် လမ်းအရှည် ၅ မိုင်အတွင်း လမ်းကွန်ကရစ်ခင်းကျင်းခဲ့ရာ ပြီးစီးသည့်နေရာများ၏ လမ်းသားများ အက်ကွဲလာမှုကြောင့် စစ်ဆေးရခြင်းဖြစ်ကြောင်း မိုးညှင်းမြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

“အခုလိုလမ်းမပြီးသေးခင် အက်ကြောင်းတွေဖြစ်လာတာဟာ တည်ဆောက်နေတဲ့လမ်းကို ဖြတ်တောက်ရမယ့် နေရာကို မဖြတ်တောက်ဘဲ အရှည်လိုက် တစ်ဆက်တည်းခင်းနေလို့၊ စခင်းတဲ့နေရာကနေ ပေ ၅၀ အတွင်း အက်ကြောင်းတွေဖြစ်လာတာပါ၊ အခု အက်ကြောင်းတွေဖြစ်တဲ့ နေရာကို ဖြတ်တောက်ပြီးမှ အသစ်ပြန်လည် ခင်းခိုင်းထားပါတယ်။ အခုဖြစ်တာက ကွန်ကရစ်သားလည်း ကောင်းတယ်။ အသုံးပြုတဲ့ပစ္စည်းရဲ့အရည်အသွေးမမီလို့ မဟုတ်ဘူး။ လက်ရှိလုပ်တဲ့ နည်းစနစ်တွေ မှားနေလို့ပါ။ ကျေးလက်လမ်းဖြစ်လို့ တာဝန်ရှိသူတွေကို လမ်းတည်ဆောက်ပုံ စနစ်ကျစေဖို့လည်း အကြံပြုထားပါတယ်”ဟု မိုးညှင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲအောင်က ပြောသည်။

အဆိုပါ လမ်းပိုင်းသည် ၂၀၁၈-၁၉ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဘတ်ဂျက် နန့်မွန်း-ချောင်းဝ-ညောင်ပင်လမ်းကို နန့်မွန်း-ဟဲပါးလမ်းပိုင်း(၅)မိုင်ကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၂၅၀ ဖြင့် မြို့ပြရွှေပြည်ကုမ္ပဏီက အကျယ် ၁၆ ပေ၊ ထု ၇ လက်မ ခင်းကျင်းရန် တာဝန်ယူခဲ့ပြီး မေလ ၁ ရက်နေ့မှ စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။

ထိုလမ်းတွင်အက်ကွဲသည့်နေရာ သုံးနေရာခန့် တွေ့ရကြောင်း၊ ထိုသို့ ဖြစ်ပွားရခြင်းမှာ ကုမ္ပဏီကသုံးသည့် ဘိလပ်မြေနှင့် သဲကျောက်တို့ကြောင့် မဟုတ်ကြောင်း၊ ကုမ္ပဏီကိုလည်း အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာ အသုံးပြုရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဇော်က သုံးသပ်ပြောဆိုခဲ့သည်။

“အခု ခင်းပြီးတာက ဟဲပါးရွာအလွန်အထိပဲ ခင်းပြီးပါသေးတယ်။ အခုသုံးထားတဲ့ ဘိလပ်မြေကလည်း အကောင်းတွေသုံးထားတယ်၊ အရင်တုန်းက ကြံ့သလိုသုံးခဲ့ကြပေမယ့် အခု ကျွန်တော်တို့ အစိုးရအနေနဲ့ အကောင်းတွေပဲသုံးဖို့ သတ်မှတ်ထားတယ်။ လုပ်ဆောင်နေတဲ့ ပုံစံဒီဇိုင်းများနေတယ်လို့ထင်တယ်၊ ကွဲအက်နေတယ်ဆိုတဲ့ နေရာက အရည်အသွေးနဲ့ မဆိုင်ဘူး။ ကွန်ကရစ်လောင်းတဲ့ နေရာမှာ တောက်လျှောက်ကြီး ပေ ၁၀၀ လောက်အထိ လောင်းခဲ့လို့ဖြစ်သွားတာပါ။ ၈ ပေ သို့မဟုတ် ၂၄ ပေ လောက်မှာ တစ်ဖြတ်ဖြတ်ရင် အခုလိုမဖြစ်နိုင်ပါဘူး။ သူတို့ ဘိလပ်မြေဖျော်တဲ့အခါတိုင်းမှာ အရည်အသွေးစမ်းသပ်လို့ရအောင် လုပ်ထားပြီးသား တွေ့ရတယ်၊ သတ်မှတ်တဲ့ အရည်အသွေးလည်းပြည့်မီတယ်”ဟု ဦးဝင်းဇော်က ပြောဆိုခဲ့သည်။

လမ်းကွန်ကရစ် စတင်ခင်းခြင်းလုပ်ငန်းကို မြို့ပြရွှေပြည်ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်လင်းဦးစီးသည့်အဖွဲ့မှ အောက်တိုဘာလ ၈ ရက်နေ့မှ ၉ ရက်နေ့အထိ ခင်းခဲ့ကြရာ ပေပေါင်း ၈၀၀ အကွာအဝေးပြီးစီးချိန်တွင် အဆိုပါအက်ကွဲကြောင်းများ ဖြစ်လာခဲ့သဖြင့် မြို့နယ်အဆင့်တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်ကာ ပြည်နယ်အဆင့် တာဝန်ရှိသူများလည်း ထပ်မံစစ်ဆေးသွားမည်ဖြစ်ကြောင်း မိုးညှင်းမြို့နယ်ထွေ/အုပ်ရုံးမှ သိရသည်။

ထွန်းထွန်း(မိုးညှင်း)

# မြန်မာ –တရုတ် မာရသွန်အပြေးပြိုင်ပွဲအတွက် နာမည်စာရင်းပေးသွင်းနိုင်



ယခုနှစ် ရွှေလီမာရသွန်ပြိုင်ပွဲကို ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာလ ၂၀ ရက်နေ့ အထိ နာမည်စာရင်းပေးသွင်းနိုင်ကြောင်း ရွှေလီ မာရသွန်ပြိုင်ပွဲရေးရာလုပ်ငန်းကော်မတီက သိရတယ်။

နှစ်နိုင်ငံ နှစ်ကူးမာရသွန်ပြိုင်ပွဲကို မနှစ်က မပါဝင်နိုင်ခဲ့သူများ အခုနှစ်မှာ အခွင့်အရေးကို လက်မလွှတ်ကြဖို့ တိုက်တွန်းလိုပါတယ်။ ၂၀၁၆ ခုနှစ်က စတင်ကျင်းပခဲ့တဲ့ နယ်စပ်မာရသွန်ပြိုင်ပွဲဟာ နယ်စပ်ဒေသခံများရဲ့ ယဉ်ကျေးမှုနှင့် ပျူငှာဖော်ရွေမှုကို ပြသနေတဲ့ ပြိုင်ပွဲလေးဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်မှာ ကျင်းပတဲ့ နှစ်နိုင်ငံ မာရသွန်ပြိုင်ပွဲဆိုလျှင် ခေတ်သစ်ပိုးလမ်းမကြီး အဆိုပြုချက်ကို ဖော်ဆောင်သည့်ပြိုင်ပွဲဖြစ်ရာတရုတ် -မြန်မာ ရွှေလီ-မူဆယ် နိုင်ငံတကာ မာရသွန်ပြိုင်ပွဲဟုပင် အမည်ပြောင်းလဲ ခေါ်ဝေါ်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် အတွေ့အကြုံအရ ယခုနှစ် ရွှေလီမာရသွန်ပြိုင်ပွဲကို နယ်စပ်ဒေသ၏ ယဉ်ကျေးမှုနှင့် ပထဝီ မြေအနေအထားအားသာချက်ကို ပေါ်လွင်အောင် မြန်မာနိုင်ငံရှိပြိုင်ပွဲဝင်အပြေးလမ်းကြောင်းကို ၇ ဒသမ ၅ ကီလိုမီတာအထိ ထားရှိမှာဖြစ်ပါတယ်။

ပတ်လမ်းပြည့်၊ ပတ်လမ်းတစ်ဝက်နှင့် အပျော်တမ်းအပြေးပြိုင်ပွဲဝင် အားကစားသမားများက နှစ်နိုင်ငံမာရသွန်အပြေးပြိုင်ပွဲကို ပါဝင်ကာ နှစ်နိုင်ငံသဘာဝအလှ ယဉ်ကျေးမှု ရှုခင်းများကို ရှုစားနိုင်တော့မှာ ဖြစ်ပါတယ်။

ယခုနှစ် ရွှေလီမာရသွန်ပြိုင်ပွဲဟာ ရင်ခုန်စိတ်လှုပ်ရှားဖွယ်တွေပြည့်နေပြီး အဖွဲ့လိုက်ပြိုင်ပွဲအစီအစဉ်လည်း ထပ်တိုးပါဝင်ပါတယ်။ တက်ဟုန်ပြည်နယ်ခွဲရှိ ဌာနဆိုင်ရာများ၊ လုပ်ငန်းအဖွဲ့အစည်းများ အပါအဝင် အဖွဲ့ပေါင်း ၁၀၀ ခန့် အပျော်တမ်းအပြေးပြိုင်ပွဲတွင်ပါဝင်ရန် ဖိတ်ခေါ်ထားပြီး အဖွဲ့အစည်းဌာနများအနေဖြင့် မိမိဌာနအမည်ဖြင့် ၁၀ ယောက်တစ်ဖွဲ့ ဖွဲ့ကာ အတူလက်တွဲပါဝင်ယှဉ်ပြိုင်နိုင်ပါတယ်။ အဖွဲ့များက မိမိအဖွဲ့အစည်း ဌာနများ၏ ခေါင်းစီးစာတန်းများ အလံများကို မိမိဘာသာ ပြုလုပ်ပြီး ကိုင်ဆောင်ပြသနိုင်ပါတယ်

**နာမည်စာရင်းပေးသွင်းချိန် -**

၂၀၁၈ ခုနှစ် ဩဂုတ် ၈ ရက်မှ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၀ ရက်အထိပြိုင်ပွဲအချိန်- ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက် နံနက် ၉း၀၀

**စတင်ထွက်ခွာမည့်နေရာ -**

တက်ဟုန်ပြည်နယ်ခွဲ ရွှေလီမြို့ (ဂျယ်ဂေါင်ယဉ်ကျေးမှုရင်ပြင်)

**ပန်းတိုင် -**

တက်ဟုန်ပြည်နယ်ခွဲ ရွှေလီမြို့ (နန်မော့ကန် ဥယျာဉ်)

**ပြိုင်ပွဲအစီအစဉ်**

၁။ ပတ်လမ်းပြည့် (၄၂ ဒသမ ၁၉၅ ကီလိုမီတာ)တွင် ပြိုင်ပွဲဝင်ဦးရေ ၁၀၀၀ ကန့်သတ်ထားပြီး အသက်နှစ်ဆယ်နှင့် နှစ်ဆယ်အထက်တွေ နာမည်စာရင်း ပေးသွင်းနိုင်ပါတယ်။

၂။ ပတ်လမ်းတစ်ဝက်မာရသွန်ပြိုင်ပွဲ(၂၁ ဒသမ ၀၉၇၅ ကီလိုမီတာ)တွင် ပြိုင်ပွဲဝင်ဦးရေ ၂၀၀၀ ကန့်သတ်ထားပြီး အသက် ၁၆ နှစ်နှင့်အထက်ရှိသူတွေ နာမည်စာရင်းပေးသွင်းနိုင်ပါတယ်။

၃။ တစ်ဦးတည်း အပျော်တမ်းအပြေးပြိုင်ပွဲ(၇ ကီလိုမီတာခန့်)တွင် ပြိုင်ပွဲဝင်လူဦးရေ ၃၀၀၀ ကန့်သတ်ထားပြီး အသက် ၁၆ နှစ်နှင့် အထက် ရှိသူတွေ နာမည်စာရင်းပေးသွင်းနိုင်ပါတယ်။

၄။ အဖွဲ့လိုက်အပျော်တမ်းအပြေးပြိုင်ပွဲ(၇ ကီလိုမီတာခန့်)တွင် ပြိုင်ပွဲဝင်အဖွဲ့ ၁၀၀ ကန့်သတ်ထားပြီး အသက် ၁၆ နှစ်နှင့်အထက်ရှိသူတွေ နာမည်စာရင်း ပေးသွင်းနိုင်ပါတယ်။

၅။ မိသားစုလိုက် အပြေးပြိုင်ပွဲ (၁ ဒသမ ၅ ကီလိုမီတာခန့်)တွင် ပြိုင်ပွဲဝင်မိသားစု ၁၀၀၀ ကန့်သတ်ထားရာ မိဘ/အုပ်ထိန်းသူမှာ အသက် ၁၈ နှစ်နှင့်အထက်ရှိသူ၊ သားသမီးဖြစ်သူမှာ အသက် ၁၆ နှစ်အောက် အရွယ်ရှိရမည်ဖြစ်ပြီး မိသားစုတစ်စုလျှင် အုပ်ထိန်းသူတစ်ဦးမှ နှစ်ဦးအထိ၊ ကလေးတစ်ဦးမှ နှစ်ဦးအထိ ပါဝင်နိုင်ပါတယ်။

**တက်ဟုန်စည်းလုံးညီညွတ်ရေးသတင်းစာ**

# ဆင့်ပွားစနစ်ဖြင့် ပြန်လည်လုပ်ကိုင်ခွင့်ရရေးအတွက် အာမခံချက်ရှိသော ကုမ္ပဏီတချို့ အစိုးရထံတင်ပြ

အောက်တိုဘာ ၁၂

ဆင့်ပွားဈေးကွက်စနစ် (MLM)ဖြင့် လုပ်ကိုင်နေကြသူများအတွက်ပြည့်စုံကောင်းမွန်သည့် ဥပဒေတစ်ရပ်ရပ်ချမှတ်ကာ ပြန်လည်လုပ်ဆောင်နိုင်ရေးအတွက် အစိုးရကို အကြံပြုကြောင်း စုံတွဲကြိုးကြာ(Double Crane)ကုမ္ပဏီမှ စားသုံးသူ ကိုယ်စားလှယ်များက ပြောသည်။

နိုင်ငံတော်အစိုးရက ဆင့်ပွားဈေးကွက်စနစ်ဖြင့် ကိုယ်စားလှယ် ပြုလုပ်ရောင်းချခြင်း မပြုရန် စက်တင်ဘာလ ၁၈ ရက်မှ စတင်တားမြစ်ခဲ့ပြီးနောက် MLM (Multi Level Marketing) ကုမ္ပဏီအများစု အစိုးရပိုင်းအနေဖြင့် MDSA Law ပြဋ္ဌာန်းကာ ပြည်သူကို အမှန်တကယ် အကျိုးပြုသည့် ကုမ္ပဏီများကိုစိစစ်ပြီး တရားဥပဒေနှင့်အညီ လွတ်လပ်စွာ ဆက်လက်လုပ်ကိုင်နိုင်ရေးအတွက် တောင်းဆိုထားကြောင်း သိရသည်။


“ကုမ္ပဏီဘက်ကနေ ဥပဒေပညာရှင်တွေနဲ့ နိုင်ငံတော်ရဲ့ လုပ်ထုံးလုပ်နည်းအရ ဆက်လက်ဆောင်ရွက်နေတာတွေ ရှိပါတယ်။ ဒီ အမိန့်ကြော်ငြာစာ မထွက်ခင်ကတည်းက MDSA Law ပြဋ္ဌာန်းနိုင်ဖို့ လွှတ်တော်တွေမှာ တင်တာတွေရှိပါတယ်။ ကိုယ်စားလှယ်တွေအနေနဲ့လည်း နီးစပ်ရာနီးစပ်ကြောင်း လုပ်နေတာတွေ ရှိပါတယ်”ဟု စုံတွဲကြိုးကြာကုမ္ပဏီမှကိုယ်စားလှယ် ဦးပီတာဇော်မော်မှ ပြောသည်။

အစိုးရက ယခုကဲ့သို့ အရေးယူဆောင်ရွက်လိုက်ခြင်းသည် MLM အမည်ခံလုပ်ကိုင်နေသည့် ကုမ္ပဏီများ ပျောက်ကွယ်သွားနိုင်သော်လည်း အမှန်တကယ် လုပ်ကိုင်နေသည့် ကုမ္ပဏီများအတွက် အခက်တွေ့ရကြောင်း ပြောသည်။

“တချို့တွေက အတင်းစည်းရုံးတယ်။ နောက်ပြီးရင် ပစ္စည်းကို မလိုဘဲနဲ့လည်း ဝယ်ခိုင်းတယ်။ ဘုမသိဘမသိနဲ့ အရမ်းနစ်နာတယ်။ တကယ့်တကယ် နိုင်ငံကို အခွန်ဆောင်နေတဲ့ Multi Level တွေအတွက်ကတော့ သို့လောသို့လောဖြစ်သွားတာပေ့ါ။ လက်ရှိ လောလောဆယ်မှာတော့ ကျွန်တော်တို့ကို နားထားခိုင်းတယ်။ ဒီလိုမျိုး သန့်စင်ပြီးမှ ပြန်လည်ပတ်လာရင်တော့ ကောင်းသွားပြီ” ဟုလည်း ကိုယ်စားလှယ် ကိုအောင်ဆန်းမင်းက ပြောသည်။

ယင်း ဆင့်ပွားဈေးကွက်စနစ်ကြောင့် ပြည်သူအများစု ထိခိုက်နေခြင်းကြောင့် ယင်းကြော်ငြာစာကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စက်တင်ဘာလ ၁၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး အမိန့်ကြော်ငြာစာ ထုတ်သည့်နေ့မှ စတင်ပြီး အာဏာသက်ရောက်မည်ဖြစ်ကာ ဆက်လက်လုပ်ကိုင်နေသည်ကို တွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၅ အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

စည်သူ(မြစ်ကြီးနား)








# ကေအိုင်အေ၏ အဖျက်အမှောင့် လုပ်ငန်းများကို ပြည်နယ်အစိုးရအနေဖြင့် တားဆီးမည့် အစီအမံများနှင့်ပတ်သက်ပြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်မေးမြန်း



နယ်လုံဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်



ဒုတိယဗိုလ်မှူးကြီး သောင်းအေး

အောက်တိုဘာ ၁၂

ကေအိုင်အေအဖွဲ့မှ အဓမ္မလူသစ်စုဆောင်းခြင်း၊ ပြန်ပေးဆွဲခြင်း၊ ဆက်ကြေးကောက်၊ မိုင်းထောင်ခြင်း၊ လူသတ်ခြင်း လုပ်ဆောင်နေမှုများကို သက်ဆိုင်ရာလွှတ်တော်နှင့် အစိုးရ၊ ပြည်သူတို့ပူးပေါင်း၍ တားမြစ်သွားမည့်အစီအစဉ်ရှိ/မရှိ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြည်နယ်လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခဲ့သည်။

၎င်းကို အောက်တိုဘာလ ၁၀ ရက်နေ့ကပြုလုပ်သည့် ကချင်ပြည်နယ်လွှတ်တော်၁၃ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဒုတိယဗိုလ်မှူးကြီး သောင်းအေးက မေးမြန်းခဲ့ခြင်းဖြစ်သည်။

ကချင်ပြည်နယ်အတွင်း ရွှေမှော်၊ပယင်းမှော်များတရားမဝင် လုပ်ကိုင်နေမှုများကို ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တရားဥပဒေစိုးမိုးရန်အတွက် ဆောင်ရွက်သွားမည့် အစီအမံနှင့် မည်ကဲ့သို့ စီမံဆောက်ရွက်ထားရှိသည်ကိုသိရှိရန် ထည့်သွင်းမေးမြန်းခဲ့သည်။

ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးညှင်းခရိုင်များတွင် ပြည်နယ်အစိုးရအဖွဲ့၏ ထိန်းသိမ်းကြပ်မတ်မှုအားနည်းခြင်းကြောင့် ရွှေသတ္တုနှင့်ပယင်း၊ကျောက်မျက်ရတနာများကို တရားမဝင်တူးဖော်လုပ်ကိုင်ဆောင်ရွက်သည့်အဖွဲ့များ နေရာအနှံ့အပြားတွေ့ရှိနေရပြီး ကေအိုင်အေအနေဖြင့် အဆိုပါ တရားမဝင် ရွှေမှော်၊ ပယင်းမှော်နှင့် ကျောက်မျက်ရတနာ လုပ်ကွက်များပေါ်တွင် ဆက်ကြေးကောက်ခံခြင်း၊ ဓားပြတိုက်ခြင်း၊ ရရှိလာသော ငွေများဖြင့် လက်နက်ခဲယမ်းများ တရားမဝင်ဝယ်ယူခြင်း၊ လူသစ်စုဆောင်းခြင်း၊ ပြန်ပေးဆွဲခြင်းနှင့် အခြားဥပဒေမဲ့လုပ်ရပ်များကို လုပ်ကိုင်ဆောင်ရွက်နေသည်ဟုလည်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

"ကေအိုင်အေ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် အစိုးရ၏တရားဥပဒေစိုးမိုးမှု အားနည်းချက်အပေါ် အခွင့်ကောင်းယူကာ လမ်း၊တံတားများကို မိုင်းထောင်ခြင်း၊ ဖျက်ဆီးခြင်း၊ ပြည်သူလူထုသွားလာ လုပ်ကိုင်လျက်ရှိသည့် လမ်းများ၊ တံတားများ၊ တောင်ယာလမ်းများပေါ်တွင် မိုင်းထောင်ခြင်း၊ နှောင့်ယှက်ဖျက်ဆီးခြင်းနှင့် အဖျက်အမှောင့် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသောကြောင့် ကချင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများလည်း စိတ်အေးချမ်းသာစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း မရှိဘဲ ကျိုးလန့်စာစား၍ နေထိုင်ကြရပါတယ်"ဟု ၎င်းက ပြောသည်။

ကေအိုင်အေအဖွဲ့က ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း မိုင်းခွဲမှု ၆ ကြိမ်ရှိခဲ့ပြီး သေဆုံးသူ ၃ ဦးနှင့် ဒဏ်ရာရသူ ၅၁ ဦးရှိခဲ့ကြောင်း၊ လူသစ်စုဆောင်းမှု ၁၇ ကြိမ်တွင် ကျား/မ ၁၆၈ ဦးနဲ့ ဆက်ကြေးကောက်ခံမှု ၂၃ ကြိမ်၊ ခြိမ်းခြောက်မှု ၇ ကြိမ်ဖြစ်ခဲ့ကြောင်းလည်း တင်ပြပြောဆိုခဲ့သည်။

ထို့အပြင် မေလမှဩဂုတ်လအတွင်းမိုင်းခွဲမှု ၁၅ ကြိမ်တွင် ၅ ဦးသေဆုံးကာ ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် လူသစ်စုဆောင်းမှု ၁၄ ကြိမ်၊ ဆက်ကြေးကောက်ခံခြင်း ၈ ကြိမ်နှင့် ချိန်းခြောက်မှု ၇ ကြိမ် ရှိခဲ့ကြောင်းလည်း ထပ်မံတင်ပြပြောဆိုခဲ့သည်။

"ရွှေ၊ ပယင်းမှော်ဒေသများမှာ တရားမဝင်တူးဖော်နေတဲ့ဒေသများမှာဆိုရင် တရားဥပဒေစိုးမိုးမှုမရှိသောကြောင့် ပြည်သူလူထု၏လူနေမှု နလန်မထူနိုင်ခြင်း ပညာရေးနှင့် ကျန်းမာရေးနိမ့်ကျခြင်း၊ လူငယ်လူရွယ်များ စာရိတ္တယိုယွင်းပျက်စီးကာ လူအရင်းအမြစ်များဆုံးရှုံးလာမှုတွေ တွေ့မြင်လာရပါတယ်။ ကေအိုင်အေအကြမ်းဖက် သောင်းကျန်းသူများ၏ အပြစ်မဲ့ပြည်သူလူထုထံမှ ဆက်ကြေးကောက်ခံခြင်း၊ ဥပဒေမဲ့သတ်ဖြတ်ခြင်း၊ အဓမ္မလူသစ်စုဆောင်းခြင်းတွေကို သိရှိမြင်တွေ့နေရပါသဖြင့် ကချင်ပြည်နယ်ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ရေငုံနှုတ်ပိတ်လျစ်လျူရှုမနေဘဲနဲ့ ပြည်သူလူထုအတွက် ပြည်နယ်အတွက် ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်ပေးသင့်တယ်လို့ ယူဆမိပါတယ်"ဟု ဒုတိယဗိုလ်မှူးကြီး သောင်းအေးက ပြောသည်။

ထပ်မံ၍ ကေအိုင်အေအကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် လူမျိုးရေးကို အကြောင်းပြ၍ မမှန်သည့်သတင်း ထုတ်လွှင့်မှု၊ ရိုးသားဖြူစင်သော ကချင်တိုင်းရင်းသားများ၏ ဘာသာရေး၊လူမျိုးရေး စိတ်ဓာတ်ပြင်းထန်မှုကို အခွင့်ကောင်းယူ၍ နိုင်ငံတော်နှင့် တပ်မတော်အပေါ် ဆန့်ကျင်ရေးအတွက် စည်းရုံးဆောင်ရွက်မှုများကိုလည်း ပြုလုပ်ခဲ့သည်ဟုလည်း တင်ပြပြောဆိုချက်တွင် ပါဝင်သည်။

ထို့အပြင် ကေအိုင်အေအဖွဲ့သည် အချို့လူမှုရေးအဖွဲ့အစည်းများနှင့် လူငယ်ထုအကူအညီကို ရယူအသုံးချ၍ ကချင်ပြည်နယ်အစိုးရအဖွဲ့ကို အကျပ်ရိုက်စေသည့် လုပ်ရပ်များကိုလည်း ဆောင်ရွက်ခဲ့ပါသည်ဟု ၎င်းက ထပ်မံပြောဆိုသည်။

"ကျွန်တော်တို့ နိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုတပ်မတော်အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်နေတဲ့အချိန်မှာ အထက်ပါ လုပ်ငန်းများဟာဆိုရင် ကျွန်တော်တို့ နိုင်ငံသားအားလုံးရဲ့ မျှော်လင့်ချက်ဖြစ်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို သွားနေတဲ့လမ်းမှာ အလွန်ကြီးမားသော အတားအဆီး အနှောက်အယှက်ဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ ကချင်ပြည်နယ်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်ရေး၊ ပြည်နယ်၏ဒေသအသီးသီးတွင် တရားဥပဒေစိုးမိုးမှုသည် အရေးပါသည့် ကိစ္စရပ်ဖြစ်သောကြောင့် ကချင်ပြည်နယ်အတွင်းရှိ တရားမဝင် ရွှေမှော်၊ပယင်းမှော်များကို တရားဥပဒေစိုးမိုးရန်အတွက်ဆောင်ရွက်သွားမည့် အစီအမံနှင့် မည်ကဲ့သို့ စီမံဆောင်ရွက်ထားရှိသည်ကို သိလိုပါသည်"ဟု ဒုတိယဗိုလ်မှူးကြီး သောင်းအေးက တင်ပြပြောဆိုသည်။

ကချင်ပြည်နယ်အတွင်းရှိ ဖားကန့်ဒေသ၊ တနိုင်းဒေသ၊ အင်ဂျန်းယန်ဒေသ၊ ဝိုင်းမော်၊ ဝါရှောင်ဒေသ၊ ဆဒုံးဒေသ၊ ဆင်ဘိုတာလောကြီးဒေသ၊ ဗန်းမော်ဒေသ၊ မိုးမောက်ဒေသ၊ ဆွမ်ပရာဘွမ်ဒေသများတွင် ကေအိုင်အေများမှ ထိုသို့လုပ်ဆောင်နေမှုများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ အစိုးရပြည်သူတို့နှင့်ပူးပေါင်း၍ တားမြစ်သွားမည့် အစီအစဉ်ရှိမရှိတို့ကို လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့ခြင်းဖြစ်သည်။

ပြည်နယ်အတွင်းမှာ တရားဥပဒေစိုးမိုးမှု လျော့ရဲခြင်းနှင့်ပတ်သက်ပြီးတော့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရမှာဖြစ်ပြီး ရွှေမှော်၊ ပယင်းမှော်၊ တရားမဝင်လုပ်ကိုင်နေသူများကလည်း အခွင့်ကောင်းယူကာ ဆောင်ရွက်နေမှုများရှိသည်ဟု တင်ပြလိုကြောင်း မေးမြန်းမှုအပေါ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်က ပြန်လည်ဖြေကြားခဲ့သည်။

ရွှေမှော်၊ ပယင်းမှော်တွင် တရားမဝင်လုပ်ကိုင်နေသဖြင့် သတ္တုတွင်း ဥပဒေအရ ၂၀၁၆ ခုနှစ်တွင် ၁၃ မှုနှင့် ၂၀၁၇ ခုနှစ်တွင် ၂၉ မှု၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် တနိုင်းမြို့မရဲစခန်းနှင့် ဖေဖော်ဝါရီတွင် တာမခံနယ်မြေရဲစခန်းတို့တွင် တရားမဝင် ရွှေတူးဖော်ခြင်းနှင့်ပတ်သက်၍ ဥပဒေအရ အမှုဖွင့်အရေးယူခဲ့မှုများရှိကြောင်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနက ပြန်လည်ဖြေကြားခဲ့သည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကေအိုင်အေအဖွဲ့၏ စည်းကမ်းဖောက်ဖျက်မှုဖြစ်စဉ်မှာ ပစ်ခတ်မှု ၂ ကြိမ်၊ မိုင်းခွဲ ၇၄ ကြိမ် လူသစ်စုဆောင်းမှု ၃၄ ကြိမ် ဆက်ကြေးကောက် ဓားပြတိုက်မှု ၃၀ ကြိမ်နှင့် ချိန်းခြောက်မှု ၁၅ ကြိမ် ရှိခဲ့ကြောင်းလည်း ဝန်ကြီးက ပြန်လည်ဖြေကြားခဲ့သည်။

ကေအိုင်အေအဖွဲ့က ဇန်နဝါရီလမှ စက်တင်ဘာလအထိ မိုင်းခွဲမှု ၇၄ ကြိမ် ပြုလုပ်ခဲ့ပြီး ၈ ဦးသေဆုံးကာ ၇၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ လူသစ်စုဆောင်းခြင်း ၃၄ ကြိမ်တွင် ကျား ၂၂၀ ဦးနှင့် မ ၂၂ ဦး စုစုပေါင်း ၂၄၂ ဦးဖြစ်ကြောင်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပြန်လည်ဖြေကြားသည်။

"ဒါတွေကို တားဆီးနိုင်ဖို့အတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလိုအပ်တဲ့ပြင်ဆင်ဆောင်ရွက်မှုများကို အသေးစိတ်စီမံဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရအနေနဲ့လည်း ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖွဲ့ကလည်း အစိုးရအဖွဲ့ရဲ့ လမ်းညွှန်ချက်နဲ့အညီ ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးဆောင်အဖွဲ့(PCG)ကို ကန့်ကွက်စာပေးပို့ပြီးတော့ ထိန်းကျောင်း တားဆီးလျက်ရှိပါတယ်"ဟု ဗိုလ်မှူးကြီးသူရမျိုးတင်က ဖြေကြားသည်။

# ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီမှ ဒေါ်ခင်အုန်းနှင့် အင်တာဗျူး

မြစ်ကြီးနားမြို့နယ်အတွင်း နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ် ၂ နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းနီ (တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်ခင်အုန်းနှင့် အင်တာဗျူး

**ကြားဖြတ် ရွေးကောက်ပွဲကို ဘယ်လိုရည်မှန်းချက်နဲ့ ဝင်ရောက်ယှဉ်ပြိုင်ဖြစ်တာလဲ ခင်ဗျ။**

ကျွန်မတို့ပါတီက တိုင်းရင်းသားပါတီဖြစ်တဲ့အတွက် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို အဓိကထားပြီးတော့ ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့နိုင်ငံအတွင်းမှာဒေသအတွင်းမှာ အတူတူနေထိုင်ကြတဲ့ တိုင်းရင်းသားအားလုံး အရာရာမှာ တန်းတူညီမျှရရှိဖို့နဲ့ ငြိမ်းချမ်းစွာ အတူရှင်တွဲနေထိုင်သွားဖို့အတွက်ကို ကျွန်မတို့ ရှမ်းလူမျိုးတစ်ယောက်အနေနဲ့ ပါဝင်နိုင်ဖို့အတွက် ဝင်ရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။

**အရင်နှစ်တွေက ကျင်းပခဲ့ဖူးတဲ့ ရွေးကောက်ပွဲတွေမှာရော ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးလား။**

အရင်ကပြိုင်ဖူးပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲမှာ မြစ်ကြီးနားမြို့နယ်မှာ ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ ဒီရှမ်းနီပါတီကနေပဲပြိုင်တာပါ။ ကျွန်မတို့ပါတီက ၂၀၁၅ ခုနှစ်ကမှ စပြီးတည်ထောင်တာပါ။ အနိုင်တော့ မရခဲ့ပါဘူး။

**အခုယှဉ်ပြိုင်မယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ဆရာမအနေနဲ့ အနိုင်ရရှိခဲ့မယ်ဆိုရင် ကချင်ပြည်နယ်သူ/သားတွေအတွက်ရော၊ ရှမ်းလူမျိုးတွေအတွက်ရော ဘာကိုများဦးစားပေးအနေနဲ့ ဆောင်ရွက်သွားမလဲ ခင်ဗျ။**

ရှမ်းနီတစ်ခုတည်းအတွက် တင်မဟုတ်ပဲနဲ့ ရှမ်း ၅ မျိုး အားလုံး၊ ရှမ်းလူမျိုးတွေအတွက်ကို တိုင်းရင်းသားတွေနဲ့ အတူတူ တန်းတူညီမျှမှု ရရှိဖို့ရယ်၊အခုရရှိနေတဲ့အစိုးရအဖွဲ့နဲ့အတူလက်တွဲပြီးမှ ကျွန်မတို့ လိုအပ်ရင်လည်းထောက်ခံသွားမယ်၊ အဓိကကတော့ ကျွန်မတို့ရဲ့ ပြည်နယ်ဒေသတွေမှာ လွှတ်တော်ကိုယ်စားလှယ်များရှိခဲ့ရင် နယ်မြေဒေသနဲ့ဌာနေလူမျိုးတွေမှာ ကိုယ်စားပြုခွင့်ရရှိအောင် ဆောင်ရွက်သွားမှာပါ။

**ဆရာမရဲ့ ရည်မှန်းချက်ပန်းတိုင် ရောက်ဖို့အတွက် ဘယ်လိုစီစဉ်ဆောင်ရွက်ထားပါသလဲ။**

ပါတီက ၂၀၁၅ မေလမှ စပြီးတည်ထောင်ထားတာဆိုတော့ ပါတီက အကန့်အသတ်နဲ့ နယ်မြေမရှိသေးဘူးလေ။ မရှိသေးတော့ ကျွန်မတို့ရှမ်းပါတီအနေနဲ့ကတော့ ကိုယ့်ရဲ့ကိုယ်စားပြုခွင့်ရရှိပြီးမှ လွှတ်တော်မှာ တင်သွင်းခွင့်ရရှိအောင်လုပ်သွားမှာပါ။နောက်ပြီး ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်တဲ့အခါမှာတည်ဆောက်ရေးမှာ ပြည်သူလူထုရွေးကောက်ထားတဲ့ မည်သည့်အစိုးရနဲ့မဆို ကျွန်မတို့ ဝိုင်းဝန်းပြီတော့မှ ထောက်ခံဖို့ကလည်း ပါတီရဲ့ရည်ရွယ်ချက်တစ်ခု ဖြစ်ပါတယ်။

**အရင်တုန်းကရော နိုင်ငံရေးနဲ့ ပတ်သက်ပြီး လှုပ်ရှားခဲ့တာတွေ ဆောင်ရွက်ခဲ့တဲ့ နောက်ခံသမိုင်းတွေ ရှိခဲ့ဖူးလားခင်ဗျ။**

အရင်ကတော့မရှိခဲ့ဘူး။ ၂၀၁၇ မှအလုပ်က ပင်စင်ယူတယ်။ အရင်ကတော့ မြစ်ကြီးနားက လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်က အိမ်တွင်းမှုကျောင်းမှာလုပ်ခဲ့တာပါ။နိုင်ငံရေးပတ်သက်ပြီးတော့ ကျွန်မတို့က ဝန်ထမ်းဆိုတော့သိနေ၊ မြင်နေ၊ ကြားနေပေမယ့် ဝန်ထမ်းဆိုတော့ နိုင်ငံရေးပါတီတွေနဲ့ ကင်းရှင်းရမယ်ဆိုတော့ လှုပ်ရှားခဲ့မှုတော့မရှိခဲ့ဘူး။ ဒါပေမဲ့ ပြည်သူတစ်ယောက်အနေနဲ့ သိနေတဲ့အပိုင်းရှိတယ်။ ကိုယ့်လူမျိုး တန်းတူညီမျှမှု အရာရာရရှိဖို့ကတော့ တိုင်းရင်းသားတွေနဲ့ အတူတူတော့ ရရှိဖို့လိုတယ်။ ရှမ်းလူမျိုးတွေအတွက်က နေရာတိုင်းမှာ တန်းတူညီမျှမှု မရှိတာတွေ တွေ့ရတဲ့အတွက်ပေါ့။

**ကချင်ပြည်နယ်မှာ စစ်ရှောင်အရေး၊ မူးယစ်ဆေးဝါး အစရှိတဲ့ ပြဿနာတွေ များစွာတွေ့နေရတယ်။ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်ဖြစ်လာခဲ့မယ်ဆိုရင် အရင်ဆုံးဘာကိုများ ဆောင်ရွက်ချင်ပါသလဲ။**

ငြိမ်းချမ်းရေးက အဓိကကျပါတယ်။ ကိုယ့်လူမျိုးတွေကလည်း အရင်က ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်တဲ့ သူတွေဆိုတော့၊ မငြိမ်းချမ်းလို့လည်း မူးယစ်ဆေးဝါးတွေက ပြန့်ပွားပြီးတော့ ဖြစ်နေတာ။ မငြိမ်းချမ်းတော့ ဒီလိုဆိုးရွားနေတာပါ၊ ငြိမ်းချမ်းရေး ရသွားရင်လည်း မူးယစ်ဆေးဝါးကတော့ ပပျောက်မှာတော့မဟုတ်ဘူး။



ဒါပေမဲ့ လူမျိုးတိုင်းက ကိုယ်နဲ့နီးတာ၊ သိတာမြင်တာတွေကို ဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်မှုပဲ၊ ဒီ မူးယစ်ဆေးဝါးက ပပျောက်မယ်လို့ ထင်ပါတယ်။

**ဟုတ်ကဲ့။ လာမယ့် နိုဝင်လာ ၃ ရက်နေ့မှာ ပြုလုပ်တော့မယ့် ကြားဖြတ် ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ မြစ်ကြီးနားသတင်းဂျာနယ် စာဖတ်ပရိသတ်ကိုရော ဘာများဖြည့်စွက်ပြောချင်ပါသလဲ ခင်ဗျ။**

ကျွန်မတို့ ပါတီကတော့ ပြောထားတဲ့အတိုင်းပဲ နိုဝင်ဘာလမှာလုပ်မယ့် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တယ်ဆိုတာ အကုန်လုံးကတရားမျှတပြီးတော့ သူ့ဟာသူအဆင်ပြေပြေနဲ့ ဖြစ်မြောက်သွားဖို့ပါလို့ ပြောချင်ပါတယ်။

salai

---

မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့ကြား အကျိုးဆောင်လုပ်နေသည့် PCG ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ လစဉ်ကန့်ကွက်စာများ ပေးပို့ထားကြောင်းလည်း ပြောဆိုသည်။

"အစိုးရအဖွဲ့အနေနဲ့ တားဆီးဆောင်ရွက်နေကြောင်းနှင့် ဆောင်ရွက်နေဆဲ ငြိမ်းချမ်းရေးညီလာခံများမှတစ်ဆင့် NCA လက်မှတ်ရေးထိုးနိုင်ရန် ပြည်သူအားလုံး ပါဝင်နိုင်တဲ့ ဖြစ်စဉ် တစ်ခုဖြစ်ပေါ်နိုင်ဖို့ တွန်းအားပေးဆောင်ရွက်နေကြောင်း လေးစားစွာတင်ပြအပ်ပါတယ်"ဟု ဝန်ကြီးဗိုလ်မှူးကြီးသူရမျိုးတင်က ပြန်လည်ဖြေကြားသည်။

၂၀၁၈ ခုနှစ်အတွင်း ကေအိုင်အေအဖွဲ့၏ စည်းကမ်းဖောက်ဖျက်မှုဖြစ်စဉ်များမှာ ပစ်ခတ်မှု ၂ ကြိမ်၊ မိုင်းခွဲမှု ၇၄ ကြိမ်၊ လူသစ်စုဆောင်းမှု ၃၄ ကြိမ်၊ဆက်ကြေးကောက်ခံပြတိုက်မှု ၃၀ ကြိမ်နှင့် ခြိမ်းခြောက်မှု ၁၅ ကြိမ် ရှိခဲ့ကြောင်းလည်း ဝန်ကြီး၏ပြန်လည်ဖြေကြားချက်အရ သိရသည်။

Salai

MORNING STAR COMPUTER TRAINING CENTER
Available Course
ကွန်ပျူတာ ပြုပြင်
မိတ္တူ၊ ကွန်ပျူတာ စာစီ/စာရိုက်
ဖိတ်စာအမျိုးမျိုး၊ လိပ်စာကဒ်
ပလတ်စတစ်ကဒ်လောင်း
CD/ DVD cover design
vinyl ဆိုင်းဘုတ်ဒီဇိုင်း နှင့်
ဘောက်ချာများကိုလည်း
လူကြီးမင်းတို့ စိတ်တိုင်းကျ
လုပ်ဆောင်ပေးနေပါသည်
Microsoft Essential Course
Adobe Photoshop
Adobe InDesign
Adobe Illustrator
Sound Editing
AutoCAD
Programming
Photoshop For Fashion Designer
Advance Excel
A+
Networking
Video Editing
Web Design
Data Base
Book Keeping
ဝါရင့် ကျွမ်းကျင်ဆရာများ
ကိုယ်တိုင် ဦးစီး၍
လက်တွေ့သင်စန်းစာများဖြင့်
သင်ကြားပို့ချပေးနေပြီ၊
Professional တစ်ဦးအဖြစ်
ရပ်တည်လိုသူများ၊
ရန်ကုန်၊ မန္တလေးသွားရန်မလို
မိမိနေရပ်တွင် သင်ကြားနိုင်ပြီ၊
contact address - DK (458), Duka Htawng, Myitkyina Ph: 09 - 420085928, 09 -258645302, 09-793761804, Email: morningstar2002@gmail.com







www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်း ဂျာနယ်
(အောက်တိုဘာ ၁၅ ၊ ၂၀၁၈)

# အမေရိကန်သံရုံးက ကြီးမှူးဖွင့်လှစ်မည့် ပညာသင်အစီအစဉ်အတွက် ကချင်ပြည်နယ်အတွင်းမှလူငယ်များ လျှောက်ထားနိုင်ပြီ



အောက်တိုဘာ ၁၁

မြစ်ကြီးနားမြို့ တပ်ကုန်းရပ်၊ ရွှေလမ်းမလမ်းဆုံ မီးပွိုင့်အနီးရှိ Public Light English သင်တန်းကျောင်းတွင် အမေရိကန်သံရုံးမှ ကြီးမှူးကျင်းပမည့် English Access Micro-Scholarship Program လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အောက်တိုဘာလ ၁၁ ရက်က ကျင်းပသော Information Sharing Session တွင် အမေရိကန်သံရုံးမှ Culture Affair Officer ဒေါ်သူဇာသွင်က ပြောကြားခဲ့သည်။

ယင်းအစီအစဉ်သည် နှစ်နှစ်တာကြာမြင့်မည်ဖြစ်ပြီး လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံမှ လူငယ်များ အနိမ့်ဆုံး အနေဖြင့်တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူ၊ တက္ကသိုလ်တစ်ခုခုတွင် တက်ရောက်နေသူ အသက် ၁၆ နှစ်မှ ၁၈နှစ်အတွင်းလာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

Program တွင် အင်္ဂလိပ်စာကို အဓိကထား သင်ကြားသွားမည်ဖြစ်ပြီး Peace Education, Personal Development (CV writing skill/ Job application Writing/ Interview skill) အစရှိသော ဘာသာရပ်များကို ထည့်သွင်းသင်ကြားပေးသွားမည့်အပြင် သံရုံးမှ visiting teacher များမှလည်း လာရောက်သင်ကြား ပြသပေးသွားမည်ဖြစ်ကြောင်း မြစ်ကြီးနား Access Director ဦးဂွန်တူးမိုင်က မြစ်ကြီးနားဂျာနယ်သို့ ပြောသည်။

"ကျောင်း director အောက်မှာ key teacher ၊ သူက အဓိက ကျောင်းသားကိစ္စတွေ တာဝန်ယူသွားမယ်။ ပြီးတော့ admin ၊ ပြီးတော့ student council က ကျောင်းသားတွေ ကိုယ်တိုင်ရွေးချယ်ပြီး ကျောင်းသားကိစ္စအချင်းချင်း ကိုင်တွယ်သွားမှာပေါ့"ဟု ဦးဂွန်တူးမိုင်က ပြောသည်။

၎င်း Program အတွက် ပညာသင်ဆု ရွေးချယ်ရာတွင် ပုံမှန်အားဖြင့် ဆယ်တန်းအောင်မြင်သူများကို လျှောက်ထားနိုင်သည်ဟု ပါရှိသော်လည်း ခြွင်းချက်အနေဖြင့် အစိုးရအထက်တန်းကျောင်းတက်ခွင့်မရခဲ့၍ ဘာသာရေးကျောင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုတွင် တက်ရောက်နေသူများကို ထည့်သွင်းစဉ်းစားပေးမည်ဖြစ်ကြောင်း သိရသည်။

လျှောက်လွှာပေါ်မူတည်၍ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံပါဝင်အောင် အဓိကထား ရွေးချယ်သွားမည်ဖြစ်ပြီး လူငယ်တိုင်းအတွက် အင်္ဂလိပ်စာ သင်ကြားနိုင်မည့် အခွင့်အလမ်းဖြစ်သောကြောင့် အမှန်တကယ် အကျိုးပြုနိုင်မည့် လူငယ်များကို အခွင့်အရေးပေးစေချင်ကြောင်းနှင့် မိမိပတ်ဝန်းကျင်ကို အမှန်တကယ်အကျိုးပြုလိုစိတ်ရှိသည့် လူငယ်များကို ခြုံငုံစဉ်းစားပြီး ရွေးချယ်သွားမည်ဖြစ်ကြောင်းကို ဒေါ်သူဇာသွင်က အခမ်းအနားတွင် ပြောကြားခဲ့သည်။

"လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံက လျှောက်တဲ့ကလေးတွေရဲ့ အရေအတွက်ပေါ်မူတည်ပြီး သင့်တင့်သလို စုံအောင် ရွေးချယ်သွားမယ်။ တော်တိုင်းလည်း ရွေးတာမဟုတ်ဘူး။ ရွေးချယ်ခံရတဲ့သူတွေကလည်း ညံ့တဲ့သူတွေလည်းဖြစ်မနေရဘူး။ အမှန်တကယ်ကြိုးစားချင်စိတ် ရှိသူတွေ ဖြစ်ရမယ်။ ၁၆ နှစ်ကနေ ၁၈ နှစ်အထိ ဆိုပေမယ့် ၁၈ ကျော်လည်း စဉ်းစားပေးတယ်။ ၁၉ ကျော်ရင်တော့ ဦးစားပေး စဉ်းစားပေးသွားမှာတော့ မဟုတ်တော့ဘူး"ဟု ဒေါ်သူဇာသွင်က ပြောသည်။

တက်ရောက်ရန် ကျောင်းသားဦးရေ ၄၀ ရွေးချယ်သွားမည်ဖြစ်ပြီး အရံအနေဖြင့် ၁၀ ယောက် စုစုပေါင်း အယောက် ၅၀ ရွေးချယ်သွားမည်ဖြစ်ကြောင်းသိရသည်။

လျှောက်လွှာများကို အောက်တိုဘာလ ၁၅ ရက်မှ စတင်၍ online မှတစ်ဆင့် အမေရိကန်သံရုံး ဝက်ဘ်ဆိုက်၊ Myitkyina Access Facebook Page မှလည်း download ရယူနိုင်မည့်အပြင် Public Light English သင်တန်းကျောင်း၊ YMCA, ACME English Language, Community Center တွင်လည်း လာရောက်ရယူနိုင်ကြောင်း၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် နောက်ဆုံးထားပေးပို့ရမည် ဖြစ်ကြောင်း သိရသည်။

ရွေးချယ်ခံရမည့်သူများအနေဖြင့် မြစ်ကြီးနား Public Light English သင်တန်းကျောင်းတွင် တက်ရောက်ရမည်ဖြစ်ပြီး စနေ၊ တနင်္ဂနွေရက်များတွင် တက်ရောက်ရမည်ဖြစ်ရာ လာရောက်လျှောက်ထားသူများအပေါ် မူတည်၍ တက္ကသိုလ်စာမေးပွဲရက်များနှင့် တိုက်ဆိုင်နေလျှင်လည်း သင်တန်းကျောင်းကာလကို private study အနေဖြင့် ခေတ္တရပ်နားပေးမည်ဖြစ်ကြောင်း သိရသည်။

နွေရာသီကျောင်းပိတ်ရက်ကာလများတွင်လည်း summer camp အစီအစဉ်အနေဖြင့် အခြားမြို့များရှိ ကျောင်းသူ/သားများနှင့် သွားရောက်တွေ့ဆုံမှုများ ပါဝင်မည်ဖြစ်သည်။ အမေရိကန်အစိုးရက ဒေသအတွင်းရှိ ကျောင်းသူကျောင်းသားများ အင်္ဂလိပ်စာအရည်အသွေး မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ ပညာသင်ဆုကို ပေးခြင်းဖြစ်ကြောင်းလည်း သိရသည်။

English Access Micro - Scholarship Program သည် ပြည်နယ်နှင့်တိုင်း အသီးသီးရှိ ငွေကြေးအခက်အခဲရှိသည့် အသက် ၁၆ နှစ်မှ ၁၈ နှစ်အတွင်း လူငယ်မောင်မယ်များကို နှစ်နှစ်ကြာ အခမဲ့ပညာသင်အခွင့်အလမ်းများ ပေးအပ်ခဲ့သည်မှာ ၁၀ နှစ်ကျော် ကာလရှိပြီဖြစ်၍ ယခုလက်ရှိတွင် ဟိုပုံး၊ ကလေး၊ ဘားအံ၊ ဟားခါး၊ မကွေးနှင့် ထားဝယ်တို့တွင် ဖွင့်လှစ်လျက်ရှိရာ မြစ်ကြီးနား (တတိယအကြိမ်)၊ တောင်ကြီး၊ စစ်ကိုင်း၊ မော်လမြိုင်တို့တွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာမှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

Ann

» ၈ - ၂၄ မှ

ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်နိုင်ရန် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်က အဆိုပြုတင်သွင်းခဲ့သည်။

ယင်းဥပဒေကြမ်းတွင် အပိုင်း ၁၂ ခုပါရှိပြီး၊ လွှတ်တော်တွင် အတည်ပြုပြင်ဆင်နိုင်ရန် ကချင်ပြည်နယ် အစိုးရအဖွဲ့က ပြည်နယ်ဥပဒေချုပ်ရုံး၏ စစ်ဆေးချက်နှင့်အညီ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဥပဒေကြမ်းမှ ဥပဒေအချက် ၂ ချက်ဖြစ်သည့် ပုဒ်မ ၁ တွင် "ဤဥပဒေကို ကချင်ပြည်နယ်၏ ယစ်မျိုးခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်"ဆိုသည့်အချက်နှင့် တည်ဆဲယစ်မျိုးခွန်၏ ပုဒ်မ ၄ (က) ကို ပြင်ဆင်ဖြည့်စွက်ရန် စာသားမှာ "ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် (၁) လိုင်စင်ရယူထားသူများအား လိုင်စင်ခွင့်ပြုနေရာမှအပ အခြားနေရာများ၌ နိုင်ငံခြားအရက် (သို့မဟုတ်) ဘီယာ သိုလှောင်ခွင့်များကို အမိန့်ကြေညာစာများ ထုတ်ပြန်သတ်မှတ်ရမည်" "(၂) ပုဒ်မ ၄ အရ စည်းကြပ် ကောက်ခံသည့် နှုန်းထားများကိုဖြစ်စေ၊ ၄(က)(၁)အရ သတ်မှတ်ပြီး ယစ်မျိုးခွန် နှုန်းထားများကို ဖြစ်စေ အခြားပြင်ဆင်သတ်မှတ်နိုင်သည်"ဟူသည့် မှတ်ချက်ဖြစ်ကြောင်း တင်သွင်းခဲ့သည်။

အဆိုပါ ဥပဒေကြမ်းကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ဖွဲ့စည်းပုံပါ နည်းဥပဒေများအတိုင်း၊ လွှတ်တော် လုပ်ထုံးလုပ်နည်းအတိုင်း ပြင်ဆင်သတ်မှတ်သင့်သည်ဟု လွှတ်တော်ရုံးဥပဒေကြမ်းကော်မတီက အောက်တိုဘာလ ၈ ရက်နေ့က ပြုလုပ်သည့် ပုံမှန်အစည်းအဝေးတွင် အစီရင်ခံစာတင်သွင်းခဲ့သည်။

ထို့အပြင် အစည်းအဝေးပထမနေ့တွင် ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သည့် ၂၀၁၈ - ၁၉ ဘဏ္ဍာနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက အကြိတ်အနယ် ဆွေးနွေး အတည်ပြုခဲ့ကြသည်။

ယင်းဥပဒေမူကြမ်း အတည်ပြုဆွေးနွေးမှုတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာငွေအရသုံးဆိုင်ရာ ဥပဒေမူကြမ်းမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါပုဒ်မ ၁၉၀ (ခ) နှင့်မညီသောကြောင်း တနိုင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးလဂွန်ခန်ဆိုင်းက ကန့်ကွက်ဆွေးနွေးခဲ့သည်။

ဦးလဂွန်ခန်ဆိုင်းက "ဥပဒေကြမ်းပူးပေါင်းကော်မတီကနေလည်း အစီရင်ခံစာပို့တယ်။ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း ဒီမှာ ဆွေးနွေးကြတယ်။ ဒါကို ဘဏ္ဍာဝန်ကြီးကနေပြီးအကြမ်းဖျင်းရှင်းသွားတယ်"ဟု ပြောသည်။

၂၀၁၈ - ၁၉ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံချက်ဖြင့် တင်သွင်းထားသည့် ဥပဒေမူကြမ်းမှာ အချက်အလက်အချို့မှာ နည်းနည်းပါးပါးအတိမ်းအစောင်းရှိသော်လည်း ပြည်သူများကို တိုက်ရိုက်အကျိုးပြုအောင် ရေးဆွဲထားကြောင်း ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက ပြောကြားသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး "ကချင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ တင်ပြတောင်းခံမှုများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနဲ့အညီ လေလွင့်ဆုံးရှုံးမှုမရှိစေဖို့ ပြန်လည်စိစစ်ပြီး လွှတ်တော်ကိုတင်သွင်းသွားမှာပါ"ဟု ဦးဝေလင်းက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ယခုကျင်းပခဲ့သည့် ကချင်ပြည်နယ်လွှတ်တော်၏ ၁၃ ကြိမ်မြောက် ပုံမှန်အစည်းအဝေးနောက်ဆုံးနေ့ (အောက်တိုဘာ ၁၀ရက်)တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းထားသည့် ဥပဒေကြမ်းများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးက အတည်ပြုခဲ့ကြသည်။

ဆိုင်း(ကချင်မြေ)

## သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် စိုက်ခင်းအတွက် ပိုင်ရှင်များကို တစ်ဧက တစ်သောင်းနှုန်း ထောက်ပံ့

အောက်တိုဘာ ၁၀

၂၀၁၇ - ၁၈ ခုနှစ် ကချင်ပြည်နယ်အတွင်း ရေကြီးနစ်မြုပ်မှုများနှင့် ကြွက်ဖျက်ဆီးမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် စိုက်ခင်းများအတွက် ပြည်နယ်အစိုးရ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနက လိုက်လံ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

တစ်ဧကလျှင် တစ်သောင်းကျပ်နှုန်းဖြင့် စုစုပေါင်းဧက ၁၃၄၉၆ ဧကစာကို ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကာ ထိုငွေများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရ၏ အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ပေး အပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ငွေပေးအပ်ခဲ့သည့် မြို့နယ်မှာများ မြစ်ကြီးနား၊ ဆင်ဘိုမြို့နယ်ခွဲ၊ ဝိုင်းမော်၊ ဖားကန့်၊ ဗန်းမော်၊ ရွှေကူ၊ မြို့လှမြို့နယ်ခွဲ၊ မန်စီ၊ မချမ်းဘော၊ နောင်မွန်းမြို့များ ဖြစ်ကြပြီး ပျက်စီးသွားသည့် စိုက်ဧကစုစုပေါင်းမှာ ၁၃,၄၉၆ ဧကရှိကြောင်း သိရသည်။

ထိုသို့ ရေကြီးနစ်မြုပ်မှုနှင့် ကြွက်ဖျက်ဆီးမှုများကြောင့် သီးနှံပျက်စီးဆုံးရှုံးမှုများထဲမှ တချို့ဒေသတွင် သီးနှံများကို ပြန်လည်စိုက်ပျိုးနေကြပြီး၊ အချို့ဒေသတွင် စိုက်ခင်းများကို ဆောင်းသီးနှံစိုက်ပျိုးရန် ပြန်လည်ထွန်ယက်နေကြကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မွန်းမွန်းပန်

# ကချင်ပြည်နယ်တွင် မြန်မာ့ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ရောက်ရှိလာတော့မည်




အောက်တိုဘာ ၁၀

ကချင်ပြည်နယ်တွင် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့် Turquoise Mountain ၏ လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်း Myanmar Artisans နှင့် ယူကေနိုင်ငံတကာဖွံ့ဖြိုးရေးဌာန(DFID)၏ လုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သော DaNa Facility တို့ပူးပေါင်းပြီး ကချင်ပြည်နယ်အတွင်းရှိ ရိုးရာချည်မျှင်လုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း မြစ်ကြီးနားမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတွင် အောက်တိုဘာလ ၁၀ ရက်နေ့ကပြုလုပ်သောအခမ်းအနား၌ ပြောကြားခဲ့သည်။

DaNa Facility သည် ယူကေနိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID) မှ ထောက်ပံ့ပေးထားသော အစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၁၆ ခုနှစ် မေလက စတင်အကောင်အထည်ဖော်ကာ ယခုအစီအစဉ်သည်လည်း(DFID)၏ ပိုမိုကျယ်ပြန့်လှသော စီးပွားရေးလုပ်ငန်းကဏ္ဍ သုံးရပ်အနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

Myanmar Artisans သည် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ လက်မှုကဏ္ဍတွင် လုပ်ကိုင်နေသူများအတွက် ဒီဇိုင်းရေးဆွဲခြင်းနှင့် ထုတ်လုပ်ရေးအပိုင်းများကို သင်တန်းများပို့ချလျက်ရှိပြီး အရည်အသွေးမြင့် လက်မှုအနုပညာပစ္စည်းများ ထုတ်လုပ်၍ ပြည်တွင်းပြည်ပဈေးကွက်များတွင် ရောင်းချနေသည့်အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ကချင်ပြည်နယ်အတွင်း ငွေကြေးရင်းနှီးမှုအပြင် အဆင့်မြင့်သင်တန်းများပို့ချခြင်း၊ အထည်အလိပ်ထုတ်လုပ်မှု ပိုမိုအားကောင်းမွန်သော ဈေးကွက်နှင့် အချိတ်အဆက်များ ခိုင်မာအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း Da Na Facility မှ တာဝန်ရှိသူက ပြောကြားသွားသည်။

ရိုးရာချည်မျှင်၊ အထည်အလိပ်များကို ပံ့ပိုးပေးရန်ဖြစ်ပြီး၊ ယင်းစီမံကိန်းသည် ယူကေအစိုးရ၏ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး စီမံကိန်းများထဲမှ တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ သာမန်လူတန်းစားများ ဆင်းရဲနွမ်းပါးမှုပပျောက်အောင်၊ ဝင်ငွေတိုးတက်စေရုံသာမက အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးအသေးစားများကို မြင့်မားစေရန် ရည်ရွယ်ကြောင်း ယူကေနိုင်ငံတကာဖွံ့ဖြိုးရေးဌာန ခေါင်းဆောင် Dr.Gail Marzetti က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ငွေကြေးထောက်ပံ့ပေးရုံပဲ မဟုတ်ဘူး။ ဥရောပနိုင်ငံတွေက ဒီ Artisans တွေ လုပ်တဲ့ဟာတွေကို တန်ဖိုးထားတယ်၊ ဈေးကောင်းပေးချင်တယ်။ ဆိုတော့ သူတို့ကို ထောက်ပံ့ပေးရုံပဲ မဟုတ်ဘူး။ ဝယ်လက်တွေနဲ့လည်း ချိတ်ဆက်ပေးမယ်"ဟုလည်း Dr. Gail Marzetti က ပြောသည်။

ကချင်ပြည်နယ်တွင် လာရောက်လုပ်ကိုင်သော ရင်းနှီးမြှုပ်နှံမှုတိုင်းကို လှိုက်လှိုက်လှဲလှဲကြိုဆိုကြောင်း၊ ဓနအဖွဲ့ (Da Na Facility )နှင့် Myanmar Artisans တို့၏ စီမံကိန်းသည် ဒေသ၏ရိုးရာချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်း အမြတ်အစွန်း ရရှိပြီး ရေရှည်တွင် နိုင်ငံတကာအထိ ထိုးဖောက်ရောင်းချနိုင်အောင် ဆောင်ရွက်သွားမည်ဟု မွေးမြူရေးဝန်ကြီးဦးမြသိန်းက အခမ်းအနားတွင် ပြောကြားခဲ့သည်။

"ကချင်ပြည်နယ်ရဲ့ ရိုးရာရက်ကန်းအထည်တွေဟာဆိုရင် အမှန်တကယ်လက်ရာမြောက်လှပပြီး အရည်အသွေးလည်း ကောင်းမွန်လှတဲ့အတွက် အခုလို နိုင်ငံတကာအသိအမှတ်ပြု လက်ခံပြီးယူကေအစိုးရဘက်က ရင်းနှီးမြှုပ်နှံမှုတွေလာရောက်တာပဲ ဖြစ်ပါတယ်။ ဒီစီမံကိန်းဟာဆိုရင် ရိုးရာရက်ကန်းအထည်အမျိုးမျိုးကို အမြတ်အစွန်းများများနဲ့ ဈေးကွက်သစ်များမှာ ရောင်းချနိုင်အောင် ဆောင်ရွက်ရုံသာမကနိုင်ငံခြားဈေးကွက်ကို ပို့ဆောင်နိုင်ဖို့အတွက် ရက်ကန်းသမားများကို အဆင့်မြင့်သင်တန်းများ ပို့ချသွားမှာဖြစ်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာကြိုဆိုကြတာဖြစ်ပါတယ်" ဟု ဦးမြသိန်းက ပြောသည်။

ဆက်သွယ်၍ လုပ်ကိုင်လိုသူများအတွက် လွယ်ကူစေရန် မြစ်ကြီးနားတွင် Local Coordinator (ဒေသတွင်းမှ ပူးပေါင်းဆောင်ရွက်သူ) ခန့်ထားမည်ဖြစ်ပြီး ထိုသူထံတွင် သတင်းအချက်အလက်များကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း Dr.Gail Marzettiu ပြောသည်။

လာမည့် နှစ်နှစ်အတွင်း ၎င်းစီမံကိန်းအတွက် ဒေါ်လာ ၇၅၀၀၀၀ ကျော် ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး၊ စီမံကိန်းကနဦးကာလကို ကချင်၊ ချင်းနှင့် ရှမ်းပြည်နယ်ရှိ ရိုးရာအထည်အလိပ်လုပ်ငန်းများနှင့် အစပြုပြီး အဆင့်မြင့်အထည်များ ရက်လုပ်ရန်နှင့်ဈေးကွက်ဝင်ဆံ့ရန်အတွက် ရက်ကန်းလုပ်ကိုင်သူများနှင့် အတူစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားပြီး နောက်ပိုင်းတွင် မြန်မာနိုင်ငံလုံး အတိုင်းအတာဖြင့် အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်းလည်း သိရသည်။

ယင်းအဖွဲ့အစည်းများအနေဖြင့် ကျွမ်းကျင်မှုများနှင့် ရိုးရာဓလေ့ထုံးတမ်းများကို အခြေခံပြီး၊ အထည်အလိပ်ကဏ္ဍကို တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လျက်ရှိသည့် အမျိုးသမီးများနှင့် ဆင်းရဲနွမ်းပါးသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည့်အပြင် မတူကွဲပြားသည့် ဓလေ့ထုံးတမ်းများစွာရှိသော မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

Ann

## Movie View

**▶ ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၁၂ - ၁၀ - ၂၀၁၈ မှ ၁၈ - ၁၀ - ၂၀၁၈ အထိ

မြန်မာရုပ်ရှင်ကို နေ့လယ် ၁၂ း ၃၀ နာရီ ၊ ပွဲချိန်တွင် - **အဝေးအချစ်**

ည ၇ း ၀၀ နာရီ ပွဲချိန်တွင် - **မော်ကျောက်စာ**

နိုင်ငံခြားရုပ်ရှင်ကို ညနေပိုင်း ၃ း ၃၀ နာရီ ပွဲချိန်တွင် -

**Venom**











| ဆိုင်ကယ်ဈေးနှုန်း (KENBO Showroom) | |
|---|---|
| KENBO Digital/ရိုးရိုး | ၇၆၅၀၀၀/၇၄၅၀၀၀ ကျပ် |
| CANDA | ၅၆၅၀၀၀ ကျပ် |
| SHAYAN | ၅၇၀၀၀၀ ကျပ် |
| FEILING | ၅၇၀၀၀၀ ကျပ် |
| JIA LING | ၆၈၀၀၀၀ ကျပ် |
| CYCLONE | ၁၀၂၅၀၀၀ ကျပ် |

မြစ်ကြီးနားသတင်းဂျာနယ်
( အောက်တိုဘာ ၁၅ ၊ ၂၀၁၈ )

# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း




| နေထွက်ဘုရင် |
|---|
| စာရေးသူ = ဖြိုတိသျှကိုကိုမောင် |
| စာအုပ်တိုက် - ငါတို့စာပေ |
| တန်ဖိုး = ၅၀၀၀ ကျပ် |

ဖြိုတိသျှကိုကိုမောင်ဟာ သရော်စာတွေရေးတဲ့ စာရေးဆရာတစ်ယောက် ဖြစ်ပါတယ်။ ဟာသ၊ သရော်စာ စတဲ့ စတိုပေစ၊ ဝတ္ထုတို၊ ဆောင်းပါး စတာတွေကို အွန်လိုင်းမီဒီယာ၊ print မီဒီယာတို့မှာ ခပ်သွက်သွက် ခပ်ထက်ထက်ရေးသားလေ့ရှိတဲ့သူပါ။ စာရေးဆရာတွေများပေမယ့် သရော်စာရေးတဲ့ စာရေးဆရာတွေက တော့ခေတ်တိုင်းမှာ ရှားပါးပါတယ်။ အခု ဖြိုတိသျှကိုကိုမောင်ရဲ့ နေထွက်ဘုရင်ဆိုတဲ့ စာအုပ် ထွက်ရှိလာပါတယ်။ မြန်မာတို့ရဲ့ နောက်ဆုံးဘုရင် အရှင်သီပေါမင်း ပါတော်မူတာကနေ ဆက်စပ်ပြီး ကမ္ဘာဦးဒိုင်နိုဆောတွေကအစ ဗင်ဂိုးနား ရွက်ဖြတ်တဲ့လက်သည် အလယ် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အထိ ဆက်စပ်ရေးသား ထားတဲ့စာအုပ်တစ်အုပ်ပါလို့ အမှာစာမှာမြေမှုန်လွင်က ရေးသားထားပါတယ်။ သရော်စာကောင်းကောင်း မျှော်လင့်နေသူတွေအတွက် ဖတ်ရှုရမယ့် စာအုပ်တစ်အုပ်ဖြစ်ပါတယ်၊

"ရော်ဘင်ဆင်ကရူးဆိုးသည် တော်တော်ကံကောင်းသည်ပဲ။ သူသည် သင်္ဘောပျက်ပြီး ကျွန်းပေါ်ရောက်သည့်အခါ သူလိုချင်သည့် ပစ္စည်းများက ကမ်းခြေသို့ လှိုင်းပုတ်ကာ ရောက်လာခြင်းဖြင့်လည်းကောင်း၊ သူ့ဟာသူ ထွင်ယူခြင်းဖြင့်လည်းကောင်း ရရှိလာသည်။

ဆိတ်မွေးမြူရေးတွေ ဘာတွေလုပ်လာနိုင်ပြီး ကျွန်းပေါ်တွင် ဆိတ်နို့သောက်ကာ ဇိမ်ကျနိုင်ပြန်သေးသည်။ ကျွန်ုပ်တို့၏ ဇာတ်လိုက်ကျော် သီပေါမင်းနှင့် ဂျက်တို့သည်လည်း ခေသူများမဟုတ်။ သူတို့ရောက်လာခဲ့သော ကျွန်းသည် မိုင်ငါးဆယ်ပတ်လည်သာ ရှိသည့် ကျွန်းပေါက်စန ဖြစ်သည်။ ကျွန်း၏ မြေပြင်ပုံစံကလည်း မုန့်စိမ်းပေါင်း မုန့်တစ်ခြမ်းကို တူဖြင့်ထုထားသည့် ပုံသဏ္ဌာန်ဖြစ်သည်။ ကမ်းခြေမှ နောက်ထပ် မိုင်နှစ်ဆယ်လောက်အထိသာ မြေပြန့်ရှိပြီး ထိုမြေပြန့်တစ်လျှောက် စိမ်းလန်းသော အုန်းပင်တောကြီးများတစ်ဝက်၊ အခြား အမျိုးအမည်မသိသည့် အပင်ပေါင်းများစွာရှိသည့် တောကြီးက တစ်ဝက်စီ ဖုံးလွှမ်းထားသည်။

ကျွန်း၏ အနောက်ဘက်ခြမ်းတွင်တော့ ကျောက်စိုင်ကျောက်သားများအတိ၊ ပြီးတော့ တောင်ကုန်းများနှင့် ကျောက်ထွတ်ဂူကြီးများသာရှိတော့၏။ သီပေါနှင့်ဂျက်သည် ကျွန်းပေါ် ရောက်ရောက်ချင်းတွင် လူသူရှိလိုရှိငြား လိုက်ရှာကြသည်။

လူသူမတွေ့သည့်အခါ ရေချိုနှင့်စားသောက်စရာ၊ သစ်သီးဝလံလိုက်ရှာကြသည်။ ဒါလည်းမတွေ့။ တောနက်သည် ထက်နက်လာသလို နေကလည်း ဝင်လာသဖြင့် ကမ်းခြေရှိရာသို့သာ ပြန်လာခဲ့ကြရသည်။(စာ - ၆၈ မှ)




| ကောင်းကင်နဲ့မလွတ်တဲ့တောင်ပံတစ်စုံ |
|---|
| စာရေးသူ = မင်းခိုက်စိုးစန် |
| စာအုပ်တိုက် = စိတ်ကူးချိုချိုစာအုပ်တိုက် |
| တန်ဖိုး = ၂၅၀၀ ကျပ် |

မြန်မာမော်ဒန်စာပေလောက ခေတ်ဦးကာလအလွန်မှာ မင်းခိုက်စိုးစန်၊ တာရာမင်းဝေ စတဲ့စာရေးဆရာတွေဟာ မော်ဒန်စာပေဖွံ့ဖြိုးရေးအတွက် ကြိုးစားထည့်ဝင်ခဲ့ကြတဲ့ စာရေးဆရာတွေပဲ ဖြစ်ပါတယ်။ မော်ဒန်စာပေအကြောင်းပြောရင်သူတို့နှစ်ဦး မပါမဖြစ်ပြောကြရမှာဖြစ်ပါတယ်။ ယခုစာအုပ်မှာ ဆရာမင်းခိုက်စိုးစန် ရန်နံ့သစ်၊ စတိုင်သစ်၊ ရုပ်သံ၊ သရဖူ စတဲ့မဂ္ဂဇင်းတွေမှာ ရေးသားခဲ့တဲ့ဝတ္ထုတို၁၆ပုဒ်စုစည်းမှုဖြစ်ပါတယ်။မော်ဒန်ဝတ္ထုတိုလေ့လာဖတ်ရှုလိုသူများဖတ်ရှုသင့်တဲ့ စာအုပ်တစ်အုပ်ဖြစ်ပါတယ်။

"လတာပြင် ချောင်းရေအစပ်တွင် မတ်တပ်ကွယ်လွန်နေကြသော ကျူပင်ငှက်များကို မြင်ရသည်။ ရေသည် မီးခိုးရောင်ထနေ၏။ အမည်မသိသော ငှက်တစ်ကောင်တလေ နားနေကြသည်။ အမည်မသိသော အရပ်မှ လာ၍ အမည်မသိသော ရပ်ဝန်းဒေသဆီသို့ သွားကြမည့် ငှက်တစ်ကောင်တလေ နားနေကြသည်။

တိမ်ခိုးတိမ်မျှင်တွေ နာကျင်စွာ တောက်ပနေကြသည်။မသေချာမှုတချို့တလေနှင့် အပြာရောင်ပြေပြေ စွန်းနေသော ကောင်းကင်တစ်ခုရှိသည်။ (အဲဒါဟာ ကောင်းကင်ဟုတ်မဟုတ်တော့ မသေချာ) မိုးရွာတော့မည်လား။ ခရမ်းနုရောင်အလွမ်းနှင့် ကမ်းပါးအဟောင်းတစ်ခုရှိသည်။ လသာသည်ကိုတစ်ခါမှမမြင်ဖူးသော ဗိုင်းငင်သူ တစ်ယောက်ရှိသည်။ ပြင်သောခဏ(အတွက်နက္ခကောင်းမည့်အချိန်) ကို ထိုင်စောင့်လျက် တစ်သက်လုံး ပျက်နေရသူတစ်ယောက်လည်း ရှိသည်။ ငှက်ကုလားအုတ်များမရှိပါ။ မပျံတတ်သော ပင်ဂွင်းငှက်များလည်း မရှိပါ။ ပျင်းရိစွာအစိမ်းရောင်လက်ပသော ယုံကြည်စိတ်ချမှု နည်းနည်းပါးပါးတော့ ကျန်ရှိနေပါသေးသည်။ ယုံကြည်လိုက်ကြပါ။

ချစ်သူကပေးသောအိပ်မက်ကိုယုံကြည်ပါ။ ပန်းတစ်ပွင့်ကို ချစ်သူအမှတ်ဖြင့် တစ်စက္ကန့်အတွင်းမှာ တစ်ဘဝလုံး စာ နမ်းရှိုက်လိုက်ရသည်ဟု ပြောခြင်းကို ယုံကြည်ပါ။ ချစ်သူမှာ အချစ်ရှိကြောင်း ယုံကြည်ပါ။ ချစ်သူဟု ကိုယ့်စိတ်အထင်နဲ့ သတ်မှတ်ထားချက်ကို ယုံကြည်ပစ်လိုက်ပါ။ အနည်းဆုံး မဂ္ဂဇင်းထဲက ဗေဒင်ဟောစာတမ်းတွင် သင်အခုတစ်ပတ်ကံကောင်းလာပြီဟု ရေးထားလျှင် ယုံကြည်ပစ်လိုက်မိကြတာပဲ မဟုတ်ဘူးလား။ ထို့ကြောင့် ဖြစ်နိုင်လျှင် ယုံကြည်ပါ။(စာ - ၁၂၁ မှ)

## မြစ်ကြီးနားမြို့ကုန်စည်ဈေးနှုန်း
( စည်ပင်သာယာမှ ကောက်ယူထားသောဈေးနှုန်း)

| ကုန်စည်အမည် | ဈေးနှုန်း |
|---|---|
| ခတ်ချို (၁ပြည်) | ၂၂၀၀ကျပ် |
| ချင်းသုံး (၁ပြည်) | ၁၆၀၀ ကျပ် |
| ပေါ်ဆန်းမွှေး (၁ပြည်) | ၂၈၀၀ ကျပ် |
| လုံးသွယ်မွှေး (၁ပြည်) | ၂၂၀၀ကျပ် |
| စောရှုတ် (၁ပြည်) | ၂၀၀၀ ကျပ် |
| ကုလားကြီး (၁ပြည်) | ၁၃၀၀ ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၇၀၀၀/၁၄၀၀၀ကျပ် |
| ငါး(ငါးမြစ်ချင်း) | ၄၅၀၀ကျပ် |
| ငါးတန် (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ငါးခူ (၁ပိဿာ) | ၄၀၀၀ ကျပ် |
| ငါးကြင်း (၁ပိဿာ) | ၆၀၀၀ ကျပ် |
| ပုဇွန် အကြီး (၁ပိဿာ) | ၂၄၀၀၀ ကျပ် |
| ပုဇွန် အသေး (၁ပိဿာ) | ၂၀၀၀၀ ကျပ် |
| ပုဇွန် ငါးပိ (၁ပိဿာ) | ၁၅၀၀ ကျပ် |
| ကင်းမွန် (၁ပိဿာ) | ၁၆၀၀၀ ကျပ် |
| အိမ်ကြက် (၁ပိဿာ) | ၁၁၀၀၀ကျပ် |
| ရိုးရိုးကြက် (၁ပိဿာ) | ၅၀၀၀ကျပ် |
| ဝက်သား (၁ပိဿာ) | ၁၂၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၂၀၀၀ကျပ် |
| မြန်မာအာလူး | ၁၀၀၀ကျပ် |
| တရုတ်အာလူး (၁ပိဿာ) | ၁၀၀၀ ကျပ် |
| ကုလားပဲ (၁ပိဿာ) | ၂၅၀၀ကျပ် |
| ပဲစဉ်းငုံ (၁ပိဿာ) | ၂၀၀၀ ကျပ် |
| မတ်ပဲ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ကြက်ဥ | ၁၅၀ကျပ် |
| ဘဲဥ | ၂၀၀ကျပ် |
| မြေပဲဆံ ၁ပိဿာ | ၃၃၀၀ ကျပ် |
| ကြက်သွန်နီ | ၁၀၀၀ကျပ် |
| ကြက်သွန်ဖြူ ဗမာ/တရုတ် | ၂၅၀၀ /၁၃၀၀ကျပ် |
| ငရုတ်သီးစိမ်း ၁ပြည်/ပိဿာ | ၁၅၀၀/၂၅၀၀ကျပ် |
| ငရုတ်သီး ခြောက် (၁ပိဿာ) | ၆၀၀၀ကျပ် |
| ချင်း | ၂၀၀၀ကျပ် |
| စားအုန်းဆီ (၁ပိဿာ) | ၂၀၀၀ ကျပ် |
| မုန်ညင်းဆီ (၁ပိဿာ) | ၂၅၀၀ ကျပ် |
| ပဲဆီ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| အိုင်အိုဒင်းဆား (၁ထုပ်) | ၂၀၀ ကျပ် |
| ရွှေဝါဆပ်ပြာ (၁တောင့်) | ၃၀၀ ကျပ် |

## ရွှေဈေး

| | |
|---|---|
| ခေါက်ရွှေ | ၁၀၁၇၀၀၀ ကျပ် |
| ခေါက်စပ် (ဒင်္ဂါးစပ်) | ၉၅၈၅၀၀ ကျပ် |

# ပလနကျေးရွာမှ သုသာန်ဟောင်းနေရာကို ရဲစခန်းနှင့် မီးသတ်စခန်း တည်ဆောက်ရန် နေရာချထားမှုကို ဒေသခံများ ကန့်ကွက်

အောက်တိုဘာ ၈

မြစ်ကြီးနား၊ ပလန (၁)၊ ပိတောက်မြိုင် ကျေးရွာရှိ သုသာန်ဟောင်းနေရာတွင် နှစ်ခြင်းအသင်းတော်၊ ကက်သလစ်အသင်းတော်နှင့် ဗုဒ္ဓဘာသာအဖွဲ့တို့မှ လူငယ်ဖွံ့ဖြိုးရေးဂေဟာဆောင်ရွက်ရန် သတ်မှတ်ထားသည့်မြေနေရာထဲမှ တစ်စိတ်တစ်ဒေသကို နယ်မြေရဲစခန်းနှင့် မီးသတ်စခန်းတည်ဆောက်ရန် ပြည်နယ်အစိုးရက နေရာချပေးသည့်အပေါ် အောက်တိုဘာလ ၆ ရက်တွင် ဒေသခံများက ကန့်ကွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်္ချိုင်းဟောင်းမြေ ၄ ဒသမ ၆၅ ဧကသည် ကွင်းအမှတ် (OSS)၊ ကွင်းအမည် ပိတောက်မြိုင်ပြေစာ၊ ဦးပိုင်အမှတ်(၁၃/၂)ရရှိပြီး အိမ်ခြေ ၇၀၀ ကျော်ရှိရာ ဘာသာကြီး ၃ ခုမှ ဘာသာဝင်များ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက သင်္ချိုင်းအဖြစ် အသုံးပြုခဲ့သည့်မြေ ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဘာသာ ၃ ခုရဲ့ ဒီမြေက မြေပြေစာရရှိပြီးသား မြေလည်းဟုတ်တယ်။ အဲဒါကို သူတို့ကိုခွဲပေးဖို့ဆိုတာ မဖြစ်နိုင်ဘူး။ မြေအကုန်လုံးကို ဘယ်သူ့ကိုမှ မခွဲပေးနိုင်ဘူး" ဟု ဒေသခံများကိုယ်စား တာဝန်ခံဦးခွန်အောင်က ပြောသည်။

ထို့နောက်ကျေးလက်ဖွံ့ဖြိုးမှုတိုးတက်လာသည့်အတွက် သုသာန်အဖြစ် အသုံးပြုရန် သင့်တော်မှုမရှိတော့သည့်အတွက် အသင်း ၃ သင်းမှ လူငယ်ဖွံ့ဖြိုးရေးဂေဟာအဖြစ် ဆက်လက်အသုံးပြုရန် သဘောတူဆုံးဖြတ်ကာ စတင်အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

ဘာသာဝင် ၃ ခုမှ အသုံးပြုနေသည့် မြေကို ပြည်နယ်အစိုးရက ဌာနအချို့အတွက် အသုံးပြုလိုကြောင်း တာဝန်ရှိသူများကို ခေါ်ယူဆွေးနွေး ဖိအားပေးခဲ့ရာ သဘောတူညီမှု မရခဲ့ကြောင်း သိရသည်။

သဘောတူညီမှုမရှိသည့်အပြင် ကိုယ်စားလှယ်တာဝန်ခံများအနေဖြင့် ယင်းသင်္ချိုင်းဟောင်းမှ သာသနာမြေအဖြစ် ပြောင်းလဲအသုံးပြုနိုင်ရေးနှင့် မြေစာရင်းမြေပုံ ပုံစံ ၁၀၅ ရရှိနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများသို့ အဆင့်ဆင့်စာတင်ပြ တောင်းဆိုမှုများရှိခဲ့ကြောင်း ဦးလထော်ဂျာခါးက ပြောသည်။

ပုံစံ ၁၀၅ ရရှိရန် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရသူများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတတို့ထံ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၄ ရက်မှ စပြီး ၂၀၁၈စက်တင်ဘာလ ၂၄ ရက်အထိ စာတင်ပြခဲ့ကြကြောင်း သိရသည်။

ထိုသို့ အကြိမ်ကြိမ်စာတင်ပြခဲ့သော်လည်း ပုံစံ ၁၀၅ ကျမလာသည့်အပြင် မြေတချို့ကို နယ်မြေရဲစခန်းနှင့် မီးသတ်စခန်း ဆောင်ရွက်မည်ဟုဆိုကာ နေရာချထားပေးခဲ့သဖြင့် ဒေသခံများက လက်သင့်မခံဘဲ ကန့်ကွက်ခြင်းဖြစ်သည်ဟု ဘာသာ ၃ ခုမှ လူထုကိုယ်စား ဥက္ကဋ္ဌ ဦးလထော်ဂျာခါးက ပြောသည်။




"ကျွန်တော်တို့အားလုံးရဲ့ ဒီမြေကို ဘယ်သူ့ကိုမှ မခွဲပေးနိုင်ဘူး။ လူငယ်တွေအားလုံးအတွက်အကျိုးရှိအောင်လုပ်ဖို့ ရည်ရွယ်ထားတာဟုတ်တယ်။ ကျေးလက်အဆင့်ကနေ နိုင်ငံတော်သမ္မတအထိ အကြိမ်ကြိမ်စာတင်ထားတာ ဘာမှအကြောင်း မပြန်ကြဘူး"ဟု တာဝန်ခံ ဦးထွန်းထွန်းဦးက ပြောသည်။

အောက်တိုဘာလ ၆ ရက်နေ့က မြေကွက်အချို့ကို ရဲစခန်းနေရာအတွက် ခြံကာရန် တာဝန်ရှိသူများလာရောက်ကြရာ ဒေသခံများ၏ ကန့်ကွက်ခြင်းကြောင့် ရပ်တန့်ထားရကြောင်း သိရသည်။

ရဲတပ်ဖွဲ့ကလည်း ၎င်းတို့သည် ပြည်နယ်အစိုးရ၏ ညွှန်ကြားချက်ဖြင့် လာရောက်ခြင်းဖြစ်ကြောင်း၊ ဒေသခံများ ကန့်ကွက်သည့်အတွက် ဒီကိစ္စကို ပြည်နယ်အစိုးရအဖွဲ့ထံ ပြန်လည်တင်ပြမည်ဟု ပြောကြားသွားကြောင်း နောင်နန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇယ်ခေါင်က ပြောသည်။

မွန်းမွန်းပန်




# စိုက်ပျိုးစရိတ်ချေးငွေ ရရှိရန်အတွက် ဆင်ဘိုတောင်သူများ ပုံစံ–၇ လိုအပ်နေ

မြစ်ကြီးနား၊ အောက်တိုဘာ ၈

မြစ်ကြီးနားမြို့နယ်၊ ဆင်ဘိုမြို့ရှိ တောင်သူ တစ်ထောင်ကျော်သည် ၎င်းတို့၏ လယ်ယာမြေများကို ပိုင်ဆိုင်ကြောင်း အထောက်အထား (ပုံစံ-၇)မပြနိုင်သည့်အတွက် စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ခွင့်မရ ဖြစ်နေကြောင်း သိရသည်။

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေနှင့် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ချေးခွင့်ရရန်အတွက် ပုံစံ ၇ ကို အမြန်ဆုံးချပေးစေလိုကြောင်း တောင်သူများက တောင်းဆိုနေကြသည်။

အဆိုပါ ပုံစံ ၇ ရရှိရေးအတွက်စည်ပင်ဝန်ကြီးဦးနေဝင်းလာရောက်ချိန်က တစ်ကြိမ်တင်ပြခဲ့ကာ မြို့နယ်နှင့် ခရိုင်အဆင့် မြေစာရင်းဌာနများသို့လည်း အကြိမ်ကြိမ်တင်ပြခဲ့ကြောင်း အောင်ချမ်းသာရပ်ကွက် အုပ်ချုပ်ရေးမှူးဦးနေဝင်းထွန်းက ပြောသည်။

"တောင်သူတွေက ပုံစံ ၇ မရှိလို့ ချေးငွေမချေးနိုင်တဲ့အခက်အခဲတွေ၊ သဘာဝဘေးကြောင့် သီးနှံစိုက်ခင်းပျက်သွားတဲ့ အခက်အခဲတွေနဲ့ဖြစ်နေတဲ့အတွက် ပုံစံ ၇ မရရင် မဖြစ်ဘူး။ အမြန်ဆုံးချပေးစေချင်ပါတယ်။ စိုက်ပျိုးစရိတ်မရရင် တောင်သူတွေက အများကြီး အခက်အခဲဖြစ်နိုင်တယ်"ဟု တောင်သူများအားလုံးကိုယ်စား အုပ်ချုပ်ရေးမှူး ဦးနေဝင်းထွန်းက ပြောသည်။

တောင်သူများ တောင်းဆိုချက်အရ ၂၀၀၂-၀၃ ခုနှစ် မြေယာဥပဒေနှင့်အညီ ပုံစံ ၇ ထုတ်ပေးရန် ရပ်ကျေးအဆင့်မှ အထက်အဆင့်ဆင့်သို့ တင်ပြခဲ့သော်လည်း နယ်မြေဒေသမငြိမ်းချမ်းမှုကို အကြောင်းပြကာ ပုံစံ-၇ များ မရရှိခဲ့ဟု ဦးနေဝင်းထွန်းက ပြောသည်။

"တောင်သူတွေက စိုက်ပျိုးရေး မလုပ်လို့မရဘူး။ မပေးဘူးဆိုတာတော့ ဟုတ်သေးတယ်။ အခုက တောင်သူတွေမြေယာတွေပေါ် စိုက်ပျိုးနေကြတာပဲ ပုံစံ ၇ တော့ ပေးသင့်ပါတယ်" ဟုလည်း ဦးနေဝင်းထွန်းက ပြောသည်။

တောင်သူများအနေဖြင့် စပါးနှင့် ပြောင်းစိုက်ပျိုးရေးအတွက် ကုန်ကျငွေများကို အရပ်ထဲတွင် ချေးမည်ဆိုပါက ငွေ ၁၀၀ လျှင် ၅ ကျပ်၊ ၆ ကျပ်ခန့် အတိုးပေးနေရကြောင်း၊ တစ်ဧကအတွက် ပြောင်းမျိုးစေ့ တစ်ထုပ်လျှင် ကျပ် ၄၅,၀၀၀/ ၅၀,၀၀၀ ခန့်ကုန်ကျနေကြောင်း၊ လုပ်အားစရိတ်နှင့်ပေါင်းလျှင် ကျပ်တစ်သိန်းခွဲခန့်ကုန်ကျနေကြောင်း၊ ရိတ်သိမ်းချိန်အထိဆိုလျှင် အကျိုးအမြတ် မကျန်တော့သည့်အတွက် အတိုးနှုန်းနည်းနည်းဖြင့် ထုတ်ချေးပေးနေသည့် အစိုးရချေးငွေကို တောင်သူများ လိုအပ်နေခြင်းဖြစ်ကြောင်း သိရသည်။

ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေသည် ယခုလကုန်ပိုင်းမှစပြီး ထုတ်ချေးပေးကြတော့မည် ဖြစ်သည့်အတွက်တောင်သူများကချေးငွေရရှိရန် မြေစာရင်းဦးစီးဌာနမှ ပုံစံ ၇ အမြန်ဆုံးထုတ်ပေးစေချင်ကြောင်း တောင်းဆိုနေကြသည်။

ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေကို လယ်ယာစိုက်ပျိုးရေးဘဏ်မှ တစ်ဧက ၅၀,၀၀၀ ကျပ်နှုန်းဖြင့် ထုတ်ချေးပြီး မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို တစ်ဧကတစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးကြောင်း သိရသည်။

တောင်သူ ၁၀၀၀ ကျော်အနက် တောင်သူ ၃၀၀ ခန့်သည် ချေးငွေထုတ်ချေးခြင်း မရှိကြောင်း၊ နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးနေသည့် တောင်သူ ၈၀၀ ခန့်တွင် ယခုနှစ်အတွင်း ပုံစံ ၇ ရရှိသည့် တောင်သူ ၄၃ ဦးသာ ချေးငွေရရှိကြောင်း သိရသည်။

ဆင်ဘိုမြို့နယ်ခွဲတွင် မြို့ပေါ်ရပ်ကွက် ၃ ခုနှင့် ကျေးရွာအုပ်စု ၁၂ စုမှ တောင်သူ ၁၀၀၀ ကျော်အတွက် ချေးငွေအတွက် ပုံစံ ၇ ရရှိရန် လိုအပ်နေကြကြောင်း သိရသည်။

မွန်းမွန်းပန်

» စာ - ၆ မှ

နိုင်ငံ ဖွဲ့စည်းတည်ဆောက်ပုံကို ကျင့်သုံးလာခဲ့ပြီ ဖြစ်တယ်။

ယနေ့ မိမိတို့ရဲ့ နိုင်ငံရေးအခက်အခဲဟာ ဘယ်လိုမိုဒယ်လ်နိုင်ငံ တည်ဆောက်မလဲပြဿနာ ဖြစ်တယ်။ Unitary အမျိုးသားနိုင်ငံ တည်ဆောက်ဖို့ကတော့နှစ်၇၀ပြည့်တွင်းစစ်က သက်သေပဲ မဖြစ်နိုင်ပါ။ ဒါကြောင့် ခေတ်သစ်တည်ဆောက်ပုံထဲက အကောင်းဆုံးဖြစ်တဲ့ ဖက်ဒရယ်တည်ဆောက်ပုံကို နိုင်ငံရေးရည်မှန်းချက်အဖြစ် မမှိတ်မသုန် ချီတက်ဖို့ လိုပါတယ်။

အမျိုးသားရေး အစွန်းရောက်လွန်းမှုဟာ မိမိတို့၏ပေးထားချက် ဘောင်ထဲမှာရှိနေတဲ့ ဖက်ဒရယ်ထက် ကွန်ဖက်ဒရေးရှင်းဘက် အားသာသွားမယ့် ကိစ္စဟာ အထူးသတိပြုသင့်တယ်လို့ တိုက်တွန်းလိုက်ရပါတယ်။ တည်ထောင်တဲ့ စနစ်တွေ သိပြီးရင် မိမိတို့ဘာကိုမှန်ကန်စွာရွေးမလဲဟာ အနာဂတ်တိုင်းပြည်ရဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှု ရှည်ကြာခြင်း လွယ်ကူမြန်ဆန်ခြင်းတို့ ရောင်ပြန်ဟပ်နေကြောင်းပါ။

M Kawn La

မြစ်ကြီးနားသတင်းဂျာနယ်
(အောက်တိုဘာ ၁၅ ၊ ၂၀၁၈)

# ကမ္ဘာကြီးအတွက် ကမ်းလက်များ

စောနဒီ
မြစ်ကြီးနား



"မတူကွဲပြားသော်လည်း စည်းလုံးညီညွတ်မှုဖြင့် အလှတရားတစ်ခုကို ပုံဖော်နိုင်ပါသည်"ဆိုတဲ့ စာသားတစ်ခုကို တီဗီအစီအစဉ်တစ်ခုမှာ တွေ့လိုက်ရတယ်။ အဓိပ္ပါယ်တွေ အပြည့်အနက်မို့ သဘောကျမိရသလို စဉ်းစားတွေ့သိစရာတွေလည်း အများကြီး ရလိုက်ပါတယ်။

မတူကွဲပြားခြင်းအလှ။ ညီညွတ်ခြင်းအလှ။ မတူကွဲပြားတဲ့ အတွေးအခေါ်တွေ၊ မတူကွဲပြားတဲ့ အသားအရောင်တွေ။ ဒါပေမဲ့ ညီညွတ်မှုနဲ့ အလှတရားတစ်ခုကို ပုံဖော်တည်ဆောက်နိုင်ပါတယ်တဲ့။

မတူတာတွေ။ မတူတာတွေ။ ကျွန်တော်တို့ဟာ ကိုယ်နဲ့မတူရင် ရန်သူလို သဘောထားတတ်ကြတဲ့ စိတ်တွေ ကိန်းအောင်းနေတတ်ကြပါတယ်။ ငါနဲ့မတူ ငါ့ရန်သူ စိတ်တွေဟာ ကမ္ဘာကြီးရဲ့ ပျော်ရွှင်မှုတွေကို "သင်းသတ်"သလို ဖြစ်နေကြပါတယ်။

"လူမျိုးမတူရင် မခေါ်မပြော။ အမျိုးအနွယ်မတူရင် ရန်သူ။ အသားအရောင်မတူရင် သူ့လူ ကိုယ့်လူ။ ပါတီ မတူရင် ရန်ဘက်။ ဒါဟာ ကမ္ဘာကြီးရဲ့ အနာတရတွေပဲ ဖြစ်ပါတယ်။

ကမ္ဘာကြီးမှာ အသားအရောင်အမျိုးမျိုး ရှိတယ်။ ကမ္ဘာကြီးမှာ ဘာသာတရားအမျိုးမျိုး ရှိပါတယ်။ အသားအရောင်ခွဲခြားမှုတွေကြောင့် ကမ္ဘာကြီးဟာ စစ်တလင်း ဖြစ်ခဲ့ကြတယ်။

အသားအရောင်တွေ ခွဲခြားပြီး အခွင့်အရေးကို ပိုယူခဲ့ကြတယ်။ တောင်အာဖရိကရဲ့ သမ္မတဟောင်း နယ်လ်ဆင်မင်ဒဲလားကို သတိရမိပါတယ်။ သူဟာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေအတွက် တိုက်ပွဲဝင်ခဲ့သူတစ်ဦးပေါ့။ လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်ခဲ့ပြီး သံတိုင်တွေနောက်မှာ နေထိုင်ခဲ့ဖူးသူ လူမည်းခေါင်းဆောင်တစ်ယောက်ပေါ့။

"လူဖြူ ကြီးစိုးမှုကိုလည်း ဆန့်ကျင်တိုက်ခိုက်မယ်။ လူမျိုးပေါင်းစုံ သဟဇာတ အတူတကွနေထိုင်ကာ လွတ်လပ်မှုနဲ့ ဒီမိုကရေစီ ထွန်းကားပြီး အခွင့်အရေးမျှတတဲ့ လောကကိုသာ ယုံကြည်တယ်။ ဒီမျှော်လင့်ချက်နဲ့ရှင်သန်ပြီး မျှော်လင့်ရာကို အရောက်သွားမယ်။ ဒီအတွက် လိုအပ်ခဲ့ရင် သေဖို့ ပြင်ဆင်ထားတယ်"တဲ့။ သူ့ ယုံကြည်ချက်။ သူ့ထုတ်ပြန်ချက်။ သူ့အိပ်မက်ပေါ့။

၁၉၉၄ ခုနှစ်မှာတော့ နယ်လ်ဆင်မင်ဒဲလားဟာ ပထမဦးဆုံး လူမည်းသမ္မတဖြစ်လာခဲ့တယ်။ လူမျိုးပေါင်းစုံပါဝင်တဲ့ စည်းလုံးညီညွတ်တဲ့ အစိုးရကို ပုံသွင်းခဲ့တဲ့ သူရဲကောင်းတစ်ဦးပါပဲ။

၁၉၆၄ ခုနှစ်မှာ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်ဆု ရရှိခဲ့သူတစ်ဦးကတော့ မာတင်လူသာကင်းပါပဲ။ (Martin Luther King, Jr.)။ ဒေါက်တာ မာတင်လူသာကင်း။ အသားအရောင်ခွဲခြားမှုလူ့အခွင့်အရေးတိုက်ပွဲဝင်ခဲ့သူတစ်ယောက်။ သူရဲကောင်းတစ်ဦး။ မတူကွဲပြားမှုရဲ့အလှကို ပုံဖော်ခဲ့သူတစ်ယောက်ပေါ့။

"I have a dream" အစချီတဲ့ သူ့ရဲ့မိန့်ခွန်းတစ်ခုက ကမ္ဘာကျော်ပါတယ်။

သူဟာ အမေရိကန်နိုင်ငံ လူမည်းတွေရဲ့ လွတ်လပ်ရေးခေါင်းဆောင်ပေါ့။ သူဟာ ခရစ်ယာန်ဓမ္မဆရာ တစ်ဦးလည်း ဖြစ်တယ်။ မဟတ္တမဂန္ဒီ ချမှတ်ခဲ့တဲ့ အကြမ်းမဖက် အာဏာဖီဆန်ရေးလမ်းစဉ်ကို အသုံးပြုခဲ့ပြီး နိုင်ငံသားအခွင့်အရေးဆိုင်ရာ တိုက်ပွဲတွေရဲ့ ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုခံရသူတစ်ယောက်။

၁၉၅၅ မှာ မောင်ဂိုမာရီ ဘတ်စ်ကားသပိတ်ကို ဦးဆောင်ဆင်နွှဲခဲ့သူ။ ၁၉၆၈ ဧပြီ ၄ ရက်နေ့မှာတော့ အစွန်းရောက် လူမျိုးရေးခွဲခြားသူတစ်ယောက်ရဲ့ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရပါတယ်။ အဲ့ဒီအချိန်တုန်းက မာတင်လူသာကင်းဟာ ၃၉နှစ်။ ဟိုတယ်တစ်ခုရဲ့ ဝရန်တာမှာ ရပ်နေတုန်း သေနတ်နဲ့ ပစ်သတ်ခံခဲ့ရတာပါ။

"ယာယီရှုံးနိမ့်သွားတဲ့ အမှန်တရားဟာ ယုတ်ညံ့တဲ့ အောင်ပွဲထက် စွမ်းအားပိုရှိပါတယ်"လို့ မာတင်လူသာကင်း ပြောဖူးတယ်။

အခုတော့ လူ့အခွင့်အရေးအတွက် သူဟာ တိုက်ပွဲဝင်ရင်းကမ္ဘာကြီးအတွက်ပေးဆပ်သွားခဲ့တယ်။ မတူညီတဲ့အလှတရားတွေကို ဖန်တီးပေးခဲ့တဲ့ ကမ်းလက်တစ်စုံပဲပေါ့။ လူသားအားလုံး ညီတူညီမျှ ဖန်ဆင်းထားတယ်ဆိုတဲ့၊ ပေးဆပ်စွန့်စားသွားတဲ့ မာတင်လူသာကင်း။ နောက်ထပ် မာတင်လူသာကင်းတွေ ကမ္ဘာကြီးက အများကြီးလိုအပ်နေပါတယ်။

ပြီးခဲ့တဲ့လက လူမှုကွန်ရက်မှာ ပျံ့နှံ့ခဲ့တဲ့ ဓာတ်ပုံလေးကို သတိရမိပါတယ်။ အဲ့ဒီထဲက ဓာတ်ပုံတချို့အကြောင်း ပြောပြချင်ပါတယ်။

ဓာတ်ပုံ တစ်ပုံမှာတော့ ၂၀၁၃ ခုနှစ် ဆိုဖီယာဘူဂေးရီးယားက ဆန္ဒပြသူ အမျိုးသမီးတစ်ယောက်နဲ့ ရဲသားတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး မျက်ရည်တွေ တသွင်သွင် စီးကျငိုကြွေးနေကြတဲ့ ပုံတစ်ပုံပါ။ ရဲကလည်း ပြည်သူတစ်ယောက်ပဲဆိုတာ သက်သေပြနေတာပါပဲ။

နောက်ထပ်တစ်ပုံကတော့ ၂၀၁၄ ခုနှစ် ယူကရိန်းမှာ ဖြစ်ပွားခဲ့တာပါ။ ဘုန်းတော်ကြီးတစ်ပါးက ဆန္ဒပြသူတွေနဲ့ ရဲတွေကြားပြဿနာမဖြစ်အောင် တားဆီးပေးနေတဲ့ပုံပါ။

နောက်ထပ် တစ်ပုံကတော့ ခွေးကလေးတစ်ကောင်ရဲ့ ဈာပနမြင်ကွင်းဓာတ်ပုံပါ။ ခွေးလေးနာမည်က ဇန်ယာ (Zanjeer)။ ၁၉၉၃ မတ်လတုန်းက ဖောက်ခွဲရေးပစ္စည်းတွေ ရှာဖွေပေးခဲ့ပြီး လူ့အသက်ပေါင်းများစွာ ကယ်တင်ခဲ့တာပါ။

နောက် တစ်ပုံကတော့ ၂၀၁၃တုန်းကပုံပါ။ သံဆူးကြိုးတွေ ကာရံထားတဲ့ကြားကနေ အစိုးရကို ဆန့်ကျင်ဆန္ဒပြနေသူတစ်ဦးက စစ်သားတစ်ဦးကို နှင်းဆီတစ်ပွင့် ပေးနေတဲ့ပုံပါပဲ။

နောက်တစ်ပုံကတော့ပြည်နယ်အဆင့် ပြိုင်ပွဲအတွင်း အိုဟိုင်းရိုး အပြေးမယ်တစ်ယောက်က ဒဏ်ရာရပြိုင်ဖက်တစ်ဦးကို အတူတွဲပြီး ပန်းတိုင်ရောက်အောင် ပို့ခဲ့တဲ့ပုံပါ။

နောက်တစ်ပုံကတော့ စစ်မြေပြင်တစ်ခုက ဓာတ်ပုံတစ်ပုံ ဖြစ်ပါတယ်။ ယူအက်စ်စစ်သားတစ်ဦးကို ရေခွေးတိုက်နေတဲ့ အာဖဂန်တစ်ဦးရဲ့ပုံမှာ။ လူဟာ တိရစ္ဆာန်တစ်ကောင်မဟုတ်ဘူး။ လူဟာလူပဲ။ ကိုယ်ချင်းစာတရား ရှိတယ်။ စာနာနားလည်မှု ရှိတယ်။ မေတ္တာတရားရှိတယ်ဆိုတာ ပြသပေးတဲ့ပုံလေးပါပဲ။

နောက် တစ်ပုံကတော့ ၁၉၄၁ ခုနှစ်ကပုံပါ။ အစာရေစာငတ်ပြီး သေဆုံးတော့မယ့် အမျိုးသမီးတစ်ယောက်ရဲ့ ပုံပါ။ ဝါဆောမြို့ ပိုလန်နိုင်ငံက အမျိုးသမီးပါ။ ကမ္ဘာကြီးရဲ့ တစ်နေရာရာမှာ တစ်ယောက်ယောက်ဟာ အစာရေစာငတ်မွတ်ခေါင်းပါးနေပါတယ်။ ကျွန်တော်တို့ရဲ့ နှလုံးသားထဲမှာ လူသားတွေကို ချစ်တဲ့စိတ်ကလေးတစ်ခု ရှိဖို့ ကမ္ဘာကြီးက တောင်းဆိုနေပါတယ်။ ကျွန်တော်တို့ဟာ မာသာထရီဆာ နှလုံးသားတွေရှိဖို့လိုနေတယ်။ မာတင်လူသာကင်းလို မတူညီမှုတွေ ပေါင်းစည်းပေးနိုင်ဖို့ လက်အစုံကို တောင့်တနေပါတယ်။

နောက်ထပ်တစ်ပုံကတော့ ၂၀၁၃ တုန်းက အီဂျစ်စစ်မြေပြင်က ပုံတစ်ပုံပါ။ ဒဏ်ရာရသူတစ်ယောက်ကို မထိမိစေဖို့ စစ်ဘက်က မြေကော်ကားတစ်စီးကို တားဆီးနေတဲ့ ရဲရင့်တဲ့ အမျိုးသမီးတစ်ယောက်ပုံပါပဲ။

နောက်တစ်ပုံကတော့ အော့ဖ်ဝဗ်အကျဉ်းထောင်ထဲက ဓာတ်ငွေ့ခန်းနံရံတစ်ခုရဲ့ ပုံပါ။ ဓာတ်ငွေ့ခန်းထဲမှာ မချိမဆန့်ဝေဒနာခံစားရင်းနောက်ဆုံးထွက်သက်အထိ လွတ်ရာလွတ်ကြောင်း နံရံပေါ် ကုတ်ခြစ်တက်၊ ကုတ်ခြစ်ရင်း အသက်သေဆုံးကြရတဲ့ပုံရိပ်တွေ မြင်ယောင်မိစေတဲ့ပုံပါပဲ။

နောက် တစ်ပုံကတော့ ၂၀၁၁ခုနှစ်အီဂျစ်မှာပါ။ တော်လှန်ရေးကာလမှာ မွတ်ဆလင်တွေ ဝတ်ပြုနေတာကို ခရစ်ယာန်ဘာသာဝင်တွေက လက်ချင်းချိတ်တွဲပြီး အကာအကွယ်ပေးနေကြတဲ့ ပုံပါပဲ။ မတူညီမှုတွေ ပေါင်းစည်းလိုက်တဲ့အခါမှာ ရရှိလာတဲ့ အလှတရားတစ်ခုမဟုတ်လား။

မာသာထရီဆာက ပြောဖူးပါတယ်။ "လူဟာ လူလိုသူလို ဂုဏ်သိက္ခာရှိရှိ သေသင့်ပါတယ်"တဲ့။

အိမ်ရှေ့ကနေ လမ်းပေါ် ထွက်လိုက်ရင် ကျွန်တော်တို့ရဲ့ ကိုယ်ချင်းစာတရား၊ ကျွန်တော်တို့ရဲ့ မေတ္တာတရားကိုပြသနိုင်ကြပါတယ်။ ထမင်းမစားရသေးတဲ့လူကို တစ်ပိုင်တစ်နိုင် ကိုယ်ချင်းစာမှုနဲ့ ကျွန်တော်တို့ရဲ့ ဝန်းကျင်မှာ မေတ္တာတရားကို တည်ဆောက်နိုင်ကြပါတယ်။

သမ္မတကြီးဖြစ်မှ မဟုတ်ဘူး။ ဝန်ကြီးဖြစ်မှ မဟုတ်ဘူး။ ကျွန်တော်တို့ဟာ သာမန်လူတစ်ယောက်အဖြစ်ကနေ ဂုဏ်သိက္ခာရှိတဲ့ မေတ္တာရှင်အဖြစ် တည်ဆောက်နိုင်ရင် ကမ္ဘာကြီးဟာ အေးချမ်းတဲ့တစ်နေ့တော့ ရောက်ရှိလာမှာပဲဖြစ်ပါတယ်။

ပေးဆပ်ကြတဲ့လူသားတွေကိုသာ ကမ္ဘာကြီးက အသိအမှတ်ပြုပါတယ်။ ပေးဆပ်တဲ့ နှလုံးသားအစုံကိုသာ သမိုင်းက မှတ်ကျောက်တင်ပါတယ်။ ပေးဆပ်ကြတဲ့ ကမ်းလက်အစုံကိုသာ ကမ္ဘာကြီးက သတိရတမ်းတကြပါတယ်။

ကျွန်တော်တို့ဟာ လူသားဖြစ်ကြောင်း၊ ကျွန်တော်တို့ဟာ ဂုဏ်သိက္ခာရှိတဲ့ သေခြင်းမျိုးနဲ့ ရှင်သန်နေထိုင်သွားကြရင် ကမ္ဘာကြီးရဲ့ ငြိမ်းချမ်းရေးဟာ အသေအချာ သီးပွင့်လာမှာ ဖြစ်ပါတယ်။

ဆင်းရဲဒုက္ခဘေးတွေ။
သဘာဝဘေးတွေ။
စစ်ဘေးသင့်ပြည်သူတွေ။

ကမ္ဘာကြီးကတော့ ကမ်းလင့်လာမယ့် လက်အစုံကို နေ့စဉ်နဲ့အမျှ စောင့်ဆိုင်းနေကြတာ အသေအချာပါပဲ။

လူကိုလူလို့ မြင်ပြီး အသားအရောင်တွေ၊ အဆင့်အတန်းတွေ မခွဲခြားဘဲ မတူညီမှုရဲ့ အလှတရားတစ်ခုကို တည်ဆောက်လို့ အမုန်းတရားတွေ ချေဖျက်ပြီး မေတ္တာနိုင်ငံတော်ကြီး၊ မေတ္တာကမ္ဘာကြီး တည်ဆောက်ကြပါစို့။

ငြိမ်းချမ်းရေးကို နှလုံးသားမှာ တည်ဆောက်ကြပါစို့။ ။

စောနဒီ(မြစ်ကြီးနား)
(ကိုးကား- အင်တာနက်)

# လူငယ် အကဝါသနာရှင်များအတွက် MKN STYLES အကပြိုင်ပွဲကို မြစ်ကြီးနားမြို့တွင် ပထမဦးဆုံးအကြိမ် ကျင်းပမည်

အောက်တိုဘာ ၁၁

မြစ်ကြီးနားမြို့ရှိ အကဝါသနာရှင် လူငယ်များအတွက် အကဆရာ Nor Naw Maji (YGN/MKN) Hip Hop မှ ဦးစီး၍ MKN STYLES(All Style 1 Vs 1) အကပြိုင်ပွဲကို လာမည့်အောက်တိုဘာလ ၂၁ရက်တွင် မြစ်ကြီးနားမြို့ ပြည်သူ့ရင်ပြင်တွင်ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

ပြိုင်ပွဲတွင် အသက်နှင့် လူဦးရေကန့်သတ်ထားခြင်းမရှိသောကြောင့် မြစ်ကြီးနားမြို့ရှိ အကဝါသနာရှင်အားလုံး ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ပါဝင်လိုသူများသည် အောက်တိုဘာလ ၂၁ ရက် ညနေပိုင်း ၄နာရီအချိန်တွင်ပြိုင်ပွဲကျင်းပမည့်နေရာသို့ လာရောက် နာမည်စာရင်းပေးသွင်း၍ ယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်သူများသည် အဆင့်ဆင့်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်းနှင့်ဒိုင်များအဖြစ် ထိုင်ဝမ်နိုင်ငံမှနာမည်ကြီးအကဆရာ HENRY (Lockin) နှင့် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ထိုင်ဝမ်သို့ သွားရောက်ယှဉ်ပြိုင်မည့် BBOY GB နှင့် THANT- ZAW တို့က အဓိကဒိုင်များအဖြစ် အမှတ်ပေးရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း အကပြိုင်ပွဲကို ဦးစီးဆောင်ရွက်သူ Nor Naw Maji (Hip Hop)မှ မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။


"အက အမျိုးအစားကတော့အရမ်းများတယ်၊ နာမည်ပေးထားတာကလည်း All Style ဆိုတော့ ကိုယ့်စတိုင်လ်နဲ့ကိုယ်လာပြိုင်ရမယ်၊ ပထမဦးဆုံး အယောက် ၃၀၊ ၄၀ လာပြိုင်ရင်တော့ အဲ့ဒီထဲက ၁၆ ယောက်ပြန်ရွေးမယ်၊ ပြီးမှတစ်ယောက်ချင်း ပြန်ပြိုင်ခိုင်းမယ်၊ နောက်ဆုံး Final နှစ်ယောက်ကျန်တဲ့ထိ ပြိုင်ရမယ်ပေါ့နော်၊ ဒိုင်တွေကတော့ နာမည်ကြီးအကဆရာတွေပါ"ဟု Nor Naw Maji မှ မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ဎင်းပြိုင်ပွဲ ကျင်းပရခြင်းမှာ မြစ်ကြီးနားရှိအကသမားများကို ပိုမိုတိုးတက်စေလိုခြင်း၊ နိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်စေလိုခြင်းတို့ကြောင့်ဖြစ်ကြောင်း Nor NawMaji (HipHop)က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အဓိကကတော့ မြစ်ကြီးနားမှာ Dancer တွေ အရမ်းများလာပြီ၊ အကနဲ့ပတ်သက်ပြီးတော့ တိုးတက်စေချင်တဲ့ရည်ရွယ်ချက်ရယ်၊ နောက် Professional အထိ ဝင်ချင်တဲ့သူတွေ၊ အကဆိုတာက တစ်ယောက်နဲ့တစ်ယောက် အကန့်မရှိဘူး၊ Dancer ဆိုတဲ့နာမည်တစ်ခုနဲ့ပဲ အားလုံးပါဝင်နိုင်အောင်၊ ပြီးတော့မြစ်ကြီးနားက Dancer တွေကိုလည်း နိုင်ငံကိုယ်စားပြု ဖြစ်စေချင်တယ်၊ နောက် နိုင်ငံခြားသွားပြိုင်လို့ရတဲ့ထိ အခွင့်အရေးတွေ များလာတယ်ဆိုတော့လေ၊ အဲ့ဒီရည်ရွယ်ချက်တွေကြောင့် ဒီပြိုင်ပွဲလုပ်ပေးဖြစ်တာပါ"ဟု Nor NawMaji (HipHop) က ဆက်လက်ပြောသည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများသည် ပြိုင်ပွဲဝင်ကြေး ၁၀၀၀ ကျပ်သာ ပေးသွင်းရမည်ဖြစ်ပြီး၊ ပြိုင်ပွဲတွင် Winner နှင့် Runner Up နှစ်ဦးကိုသာ ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်းနှင့် Winner ဆုအဖြစ် တစ်သိန်းကျပ်၊ Runner Up ဆု အဖြစ် ငါးသောင်းကျပ်တို့ကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Benadeth




# ကချင်ပြည်နယ်အစိုးရတိုင်းရင်းသားရေးရာဝန်ကြီးများဖလား ဘောလုံးပြိုင်ပွဲပြုလုပ်



အောက်တိုဘာ ၁၀

ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများ ဖလား ပထမဆုံးအကြိမ် လူငယ်အမျိုးသား(အလွတ်တန်း) ဖိတ်ခေါ်ဘောလုံး ပြိုင်ပွဲများကို အောက်တိုဘာ ၅ရက်မှစတင်ကျင်းပပြီ ဖြစ်သည်။

အဆိုပါ ဖိတ်ခေါ်ဘောလုံး ပြိုင်ပွဲများကို ပထမအဆင့်အနေဖြင့် လီဆူတိုင်းရင်းသားရေးရာဝန်ကြီးဖလားနှင့် ရှမ်းတိုင်းရင်းသားရေးရာ ဝန်ကြီးဖလားတို့ကို ကျင်းပနေပြီး၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီးဖလားနှင့် ရဝမ်တိုင်းရင်းသားရေးရာဝန်ကြီးဖလား ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ယခုပွဲစဉ်များပြီးလျှင်ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထို တိုင်းရင်းသားရေးရာဝန်ကြီးများအလိုက် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲများကို ကချင်ပြည်နယ်အတွင်းရှိလူငယ်များ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံချစ်ခင်ရင်းနှီးမှုကို ရရှိလာကြစေရန်၊ လူငယ်များအနေဖြင့် မိမိဝါသနာပါရာ အားကစားများကိုလေ့လာကြခြင်းဖြင့် အခြေခံကျသောအမျိုးသားစိတ်ဓာတ်ကောင်းများ တိုးပွားလာကြစေရန်၊ ပြည်နယ်အတွင်းရှိ လုပ်ဆောင်နေသော အားကစားလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်လာကြစေရန်၊ အားကစားလှုပ်ရှားခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးကြစေရန်နှင့် အားကစားများတွင် ထူးချွန်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် လူငယ်အမျိုးသား အားကစားသမားကောင်းများဖြစ်လာကြစေရန် ရည်ရွယ်ကာ ကျင်းပရခြင်းဖြစ်သည်ဟု သိရသည်။

ထိုတိုင်းရင်းသား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို မြစ်ကြီးနားမြို့ရှိပြည်နယ်အားကစားကွင်းနှင့်ငြိမ်းချမ်းသာယာကွင်းကြီးတို့တွင် အောက်တိုဘာလ ၅ ရက်နေ့မှစတင်ကာ ကျင်းပနေခြင်းဖြစ်ပြီး၊ လီဆူတိုင်းရင်းသားရေးရာ ဝန်ကြီးဖလားဘောလုံးပြိုင်ပွဲတွင် ၉ သင်း၊ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးဖလားတွင် ၁၁ သင်း ပါဝင်ယှဉ်ပြိုင် ကစားနေကြောင်းသိရသည်။

"ဒီဘောလုံးပြိုင်ပွဲက ပြည်နယ်ရှမ်းတိုင်းရင်းသားတို့ရဲ့ ဖလားတစ်ခုအနေနဲ့ မကဘဲ ရှမ်းလူငယ်ဖိတ်ခေါ်လို့ ဆိုရသလို၊ လူငယ်များရဲ့ ချစ်ခင်ရင်းနှီးမှုကို ပိုတိုးပွားစေတဲ့လူငယ်တွေ တွေ့ဆုံပွဲတစ်ခုဆိုလည်း မမှားပါဘူး"ဟု ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းစိန်လင်းက ပြောသည်။

ထိုသို့ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၏ ဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲကို ပြုလုပ်ခြင်းဖြင့် တိုင်းရင်းသားလူမျိုးစုတို့၏ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ နေရာဒေသအသီးသီးမှ တိုင်းရင်းသားလူငယ်များ၊ ဂိုဏ်းဂဏပေါင်းစုံမှ ဘာသာရေးအဖွဲ့များကိုစည်းလုံးညီညွတ်မှုများ ရရှိသွားစေနိုင်သည်ဟု လီဆူတိုင်းရင်းသားရေးရာဝန်ကြီး ဦးအားတီယောဟန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒီလိုဘောလုံးပွဲမျိုးကို နှစ်ပေါင်းများစွာမလုပ်ဖြစ်ဘူး။ မလုပ်ဖြစ်တဲ့အခါကျတော့ အခုဟာက ဒီမိုကရေစီဖက်ဒရယ်ကို သွားနေပြီ။ တိုင်းရင်းသားတွေကိုလည်း အခွင့်အရေးတွေပေးနေပြီ ဆိုတဲ့ဟာကိုပေါ်လွင်စေတယ်။ ဒီလို အခွင့်အရေးကိုကျနော်တို့ လုံးဝလက်လွှတ်ခံလို့မရဘူး"ဟု ဦးအားတီယောဟန်က ပြောသည်။

ထို့အပြင် ထိုသို့သောဖိတ်ခေါ်ဖလားများကို ပြုလုပ်ခြင်းဖြင့်တိုင်းရင်းသားများ၏ ကာယ၊ ဉာဏဖွံ့ဖြိုးမှုများနှင့် ပြည်ထောင်စုနိုင်ငံတော်က ချမှတ်ထားသည့်ဖွဲ့စည်းပုံပါအတိုင်း တိုင်းရင်းသားများ၏ ဗလငါးတန်ရှင်သန်စေရေးအတွက်ထိရောက်စွာအကျိုးသက်ရောက်သွားမည်ဖြစ်ကြောင်းလီဆူဝန်ကြီးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ဆက်ပြောပြသည်။

ထို တိုင်းရင်းသားရေးရာဝန်ကြီးများ၏ ဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ကချင်ပြည်နယ် ဒေသအသီးသီးမှ တိုင်းရင်းသားမျိုးနွယ်စုများ လာရောက်ယှဉ်ပြိုင်ကြပြီး၊ အဆိုပါ ဘောလုံးပွဲကို နှစ်စဉ် နှစ်တိုင်း ကျင်းပနိုင်ရန်လည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း တိုင်းရင်းသားရေးရာဝန်ကြီးများထံမှ သိရသည်။

ဆိုင်း(ကချင်မြေ)

# ပင်ကိုယ် သွက်လက်တဲ့စတိုင်လ်နဲ့ ဆွဲဆောင်မှုရှိတဲ့ အလှပိုင်ရှင်လေး မော်ဒယ်လ်၊ သရုပ်ဆောင် Pဂျာဆိုင်းဘူနှင့် ခဏတာတွေ့ဆုံခြင်း

ယခုတစ်ပတ်ရဲ့ အနုပညာကဏ္ဍမှာတော့ ကချင်ရုပ်ရှင်အနုပညာလောကတွင် ပြည်သူချစ်အနုပညာရှင်တစ်ဦးဖြစ်လာရုံသာမက သူမရဲ့သွက်လက်သော ချစ်စရာအမူအရာ၊ သရုပ်ဆောင် ပိုင်နိုင်မှုတွေကြောင့် လူသိများလာတဲ့ ကောင်မလေးတစ်ယောက်နဲ့ တွေ့ဆုံမေးမြန်းထားပါတယ်။

သူမကတော့ သရုပ်ဆောင် Pဂျာဆိုင်းဘူပဲဖြစ်ပါတယ်။ သူမဟာ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်မှာ နေထိုင်ကြီးပြင်းခဲ့ပြီး မောင်နှမ ၅ ယောက်အနက် အကြီးဆုံးဖြစ်ပါတယ်။ သူကတော့ အနုပညာဘက်မှသာမက ပညာရေးဘက်မှာလည်း ထူးချွန်သူဖြစ်ပါတယ်။ သူဟာ မိုင်ဂျာယန်ကဖက်ဒရယ်ဥပဒေအကယ်ဒမီကျောင်း တက်ရောက်ထားသူဖြစ်ပြီး အခုဆိုရင် မန္တလေးမြို့မှာ တတိယနှစ် အဝေးသင်တက္ကသိုလ် ဆက်လက်တက်ရောက်နေကြောင်း သိရပါတယ်။

အခုဆိုရင် သူမက မြန်မာရုပ်ရှင်လောကထဲကို ခြေလှမ်းစတင်နေသူ တစ်ယောက်လည်းဖြစ်ပါတယ်။ ဒါကြောင့် မော်ဒယ်လ်၊ သရုပ်ဆောင်မင်းသမီး Pဂျာဆိုင်းဘူရဲ့ လက်ရှိကြိုးစားနေမှုများ၊ လတ်တလော အနုပညာလှုပ်ရှားမှုတွေနဲ့ပတ်သက်ပြီး မြစ်ကြီးနားသတင်းဂျာနယ်က တွေ့ဆုံမေးမြန်းထားတာတွေကို ကချင်ပြည်နယ်က စာဖတ်ပရိသတ်တွေအတွက် ပြန်လည်ဖော်ပြပေးလိုက်ရပါတယ်။



**ပထမဦးဆုံးအနေနဲ့ အစ်မရဲ့ အကြောင်းလေးကို ပရိသတ်တွေနဲ့ မိတ်ဆက်ပေးပါဦး။**

အားလုံးပဲ မင်္ဂလာပါ။ ကျွန်မနာမည်ကတော့ Pဂျာဆိုင်းဘူလို့ခေါ်ပါတယ်။ အစ်မရဲ့ မွေးသက္ကရာဇ်ကတော့ ၉. ၁. ၁၉၉၇ပါ။

**အနုပညာလောကထဲကို ဘယ်အချိန်ကတည်းက စတင်ဝင်ရောက်ခဲ့တာလဲ။**

အနုပညာလောကထဲကို စဝင်တာကတော့ ၂၀၁၁ လောက်ကပါ။ လွန်ခဲ့တဲ့ ၈ နှစ်လောက် ကပေါ့၊ ၈တန်းလောက်ကစပြီး MTV တွေ စရိုက်ဖြစ်ပါတယ်။

**ငယ်ငယ်ကတည်းကနေ အနုပညာလောကထဲကိုစဝင်တယ်ဆိုတော့အခက်အခဲတွေ အများကြီး ကျော်ဖြတ်ခဲ့ရမှာပေါ့၊**

အခက်အခဲကတော့ ဘာမှ ကြီးကြီးမားမားတော့ မရှိပါဘူး။ ဒီလောကထဲကို စဝင်ကတည်းက ကိုယ်ကလည်း ဝါသနာအရမ်းပါတယ်၊ အစကတည်းက အရမ်းဝါသနာပါတယ်။ သူတို့ကမ်းလှမ်းလာတာကို ရိုက်ကြည့်လိုက်တယ်။ အခက် အခဲကတော့သိပ်မရှိပါဘူး။

**မိသားစုမှာ၊ မျိုးရိုးထဲမှာရော အနုပညာလုပ်တဲ့သူ ရှိလား။**

ဟုတ်။ မိသားစုမှာ အနုပညာလုပ်တဲ့သူ ရှိပါတယ်။ ပထမဦးဆုံး ကချင်ဇာတ်ကားမှာ သရုပ်ဆောင်တဲ့ ပထမဦးဆုံးခေါင်းဆောင်မင်းသမီးလည်းဖြစ်တဲ့ လဝမ်ဂျာရွယ်ဖြစ်တယ်၊ သူကတော့ အစ်မရဲ့ အဖွားပေါ့၊ ပြီးတော့ အဒေါ်တွေထဲမှာရော အဆိုတော်တွေရှိပါတယ်။ အနုပညာမျိုးရိုးရှိပါတယ်။

**ပြီးတော့ အစ်မအနေနဲ့ပညာရေးဘက်မှာ ထူးချွန်တယ်လို့လည်းသိရတယ်။ အဲ့ဒီထဲကနေ ဘယ်လိုတွေကြောင့် ဒီ သရုပ်ဆောင်အလုပ်ကို ရွေးချယ်ဖြစ်ခဲ့တာလဲ။**

အဲ့ဒါကျတော့. . . ကိုယ်လည်း ဝါသနာပါတာရောပါတယ်၊ ဒီ carrier ကိုယ့်ရဲ့ Professional အသက်မွေးဝမ်းကျောင်းပြုတဲ့အခါမှာကျတော့ ပညာကလည်း မတတ်လို့မရဘူးလေ၊ ပညာတစ်ခုလည်း သူ့ဟာသူ တတ်ထားရမယ်ဆိုတော့ ပညာရေးကိုလည်း အချိန်ပေးတယ်၊ အနုပညာကိုလည်း အချိန်ပေးတယ်။ အဲ့လို မျှပြီးလုပ်တယ်။ အခုလည်း ရန်ကုန်မှာ Management နဲ့ ပတ်သက်တဲ့ကျောင်း တက်နေတယ်၊ နောင်တစ်ချိန်မှာ ကိုယ်ကအနုပညာမလုပ်တော့တဲ့အခါ အခြားစီးပွားရေးလုပ်မယ်ဆိုရင်၊ အဲ့ဒီအခါ ပညာမတတ်လို့ရှိရင်လည်း အဆင်မပြေတော့ဘူး။ အစ်မပညာရေးကိုလည်း ကဏ္ဍတစ်ခုအနေနဲ့အချိန်ပေးဖြစ်တယ်၊ အနုပညာကကျတော့ ဝါသနာလည်း ပါနေတယ်။ ကိုယ်ရဲ့ Professional အလုပ်တစ်ခုလည်းဖြစ်တယ်။ အဲ့ဒါကြောင့် အားရင်အားသလိုအချိန်ပေးပြီး မျှပြီးလုပ်ပါတယ်။

**ပညာရေးကတစ်ဖက်၊ အနုပညာကတစ်ဖက် ဆိုတော့ ဘယ်လိုအခက်အခဲတွေရှိလဲ။**

အဲ့ဒါကတော့. . . ပြောရမယ်ဆိုရင် ထားလိုက်ပါတော့ ဥပမာ ကိုယ်က ဇာတ်ကားရိုက်မယ်လို့ကိုယ့်ကိုကမ်းလှမ်းလာမယ်ဆိုရင်တောင်ကျောင်းကတက်နေတယ်၊ ကျောင်းကပျက်လို့မရဘူး။ အဲ့လိုအခြေအနေတော့ရှိတယ်၊ ဟိုး လွန်ခဲ့တဲ့ မနောမြေမှ ကျောက်စိမ်းကမ္ဘာ အကယ်ဒမီရတဲ့ကားပေါ့၊ အဲ့ဒီကားဆိုရင်လည်း ဖားကန့်မှာ သွားရိုက်ရမှာ တစ်လခွဲ နှစ်လလောက်ပေါ့၊ အဲ့ဒီအချိန်အစ်မက မန္တလေးမှာ ကျောင်းတက်နေတယ်ဆိုတော့ တစ်လလောက်ပျက်ဖို့ကလည်း အဆင်မပြေဘူး၊ အဲ့ဒီအခါကျတော့ မရိုက်လိုက်ရတဲ့ အချိန်တွေလည်းရှိတယ်။ ကိုယ်က ဝါသနာအရမ်းပါလို့ ရိုက်ချင်ပေမယ့် တစ်ခါတလေကျရင်လည်း ပညာရေးဘက်ကို အချိန်ပေးလိုက်ရတာတွေ၊ အဲ့လိုမျိုးတွေတော့ ရှိပါတယ်။

**ဒါဆို ဒီအနုပညာအလုပ်ကရော ကိုယ့်ရဲ့ငယ်ငယ်ကတည်းက ရည်မှန်းချက်နဲ့ တစ်ထပ်တည်းကျလား။**

ဟုတ်. . . ရည်မှန်းချက်နဲ့တော့ တစ်ထပ်တည်းကျပါတယ်။

**နောက်ပြီး Miss Glam World Myanmar 2018 ပြိုင်ပွဲကြီးမှာလည်း ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့ပုံလေး သိချင်ပါတယ်။**

အဲ့ဒါကကျတော့ ကိုယ်က ကျောင်းတွေပဲ လိုက်တက်နေရတော့ကိုယ်က ဒီအနုပညာအလုပ်နဲ့လည်း နည်းနည်း အလှမ်းဝေးလာတယ်၊ အဲ့ဒီအချိန်ကျတော့ မနှစ်တုန်းက Federal Law Academy ကလုံးဝပြီးသွားပြီဆိုတော့ အနုပညာဘက်ကို ကောင်းကောင်းဆက်လုပ်လို့ရသွားပေါ့၊ ဘယ်လိုပြောရမလဲ၊ ဒီပြိုင်ပွဲကို ဝင်ပြိုင်ခြင်းအားဖြင့် လူတွေပိုပြီးသိလာမယ်၊ ပြီးတော့ပရိသတ်တွေနဲ့လည်း ပြန်ပြီး Re-touch ဖြစ်လာမယ်ပေါ့။ အဲ့ဒါကြောင့် ဝင်ပြိုင်ဖြစ်ခဲ့တာပါ။

**အစ်မရဲ့ ဒီ Miss World Myanma 2018 ပြိုင်ပွဲတစ်လျှောက်လုံးမှာ ကြည့်မယ်ဆိုရင် လူမှုဆက်ဆံရေး ကောင်းပြီး သွက်လက်ဖြတ်လတ်တဲ့သူ တစ်ယောက်အဖြစ် တွေ့မြင်ရတယ်ပေါ့နော်။ အဲ့လိုဖြစ်အောင် ဘယ်လိုတွေလုပ်ဆောင်ခဲ့လဲ။**

အဲ့ဒါကတော့ကိုယ့်ရဲ့Type ကိုက ဒီလိုမျိုးဖြစ်နေတယ်။ ကိုယ်ကရော မွေးကတည်းက အမြဲတမ်း Active ဖြစ်နေတဲ့ထဲမှာပါတယ်၊ ပြိုင်ပွဲတောက်လျှောက်မှာ ကိုယ်က မိတ်ဆွေသစ်ဖွဲ့ရတာကြိုက်တယ်၊ တစ်ခါသူငယ်ချင်းတွေနဲ့စုပြီး Selfie တွေရိုက်၊ Live တွေလွှင့်တယ်၊ ကိုယ်က သူများတွေနဲ့ခင်ရတာ အရမ်းကြိုက်တယ်ဆိုတော့လေ၊ ပြီးတော့ Asian country တွေကဆိုရင် ကိုယ့်ကို အရမ်း ချစ်ကြတယ်ပေါ့နော်၊ နောက်ပြီး သူတို့နဲ့ အတူသွား၊ အတူစားနဲ့ အဲ့လိုမျိုးတော့ရှိပါတယ်။

**ကိုယ်က Miss တစ်ယောက်လည်းဖြစ်တယ်။ သရုပ်ဆောင်တစ်ယောက်လည်း ဖြစ်တယ်ဆိုတော့ အဲ့အပေါ်မှာရော စိတ်ကျဉ်းကျပ်တာတွေ ရှိဖူးလား။ ဘယ်လိုတွေ ပြင်ပြင်ဆင်ဆင်နေလဲ။**

အေးပေါ့။ ကိုယ်က Miss တစ်ယောက်ဖြစ်တယ်။ အဓိကကတော့ သရုပ်ဆောင်တစ်ယောက်ပေါ့နော်၊ အဲ့ဒီအခါကျတော့ အေးပေါ့ ကိုယ်က သရုပ်ဆောင်တစ်ယောက်ဖြစ်ပြီဆိုရင်တော့ နာမည်ကြီးတာမကြီးတာ ပြောပြော အနည်းဆုံးတော့ လူတွေ သိလာကြပြီဆိုတော့ သူများတွေက ကိုယ်တွေဘာလုပ်နေတယ်၊ဘယ်လိုတွေဆိုတာ သူတို့ကအသေးစိတ် လိုက်ကြည့်လာတယ်၊ အဲဒီတော့ ကိုယ်ကနောက်ပိုင်းဆင်ခြင်ရမယ့်အပိုင်းတွေ ရှိလာတာပေါ့။ တစ်ခါတလေ ကိုယ်က သတိမထားမိတာတွေဆိုရင် အဖေနဲ့အမေက အမြဲဖုန်းဆက် သတိပေးတယ်၊ အဲ့လိုမလုပ်သင့်ဘူး၊ မသွားသင့်ဘူး၊ အဲ့လိုလုပ်ရတယ်တို့ပေါ့။ အမြဲတမ်း Remind ပေးတယ်။ အဲ့ဒီအခါကျတော့ နောက်ပိုင်း ကိုယ့်ကိုယ်ကိုယ် ထိန်းသွားနိုင်တယ်ပေါ့။

**အခုဆိုရင် အစ်မအနေနဲ့ ခသုံးလုံး ရုပ်ရှင်ထုတ်လုပ်ရေးကရိုက်ကူးမယ့် "အောက်ဖဲမလှန်ကြေးနော်"ဆိုတဲ့ ဇာတ်ကားမှာ မင်းအမီးတစ်ယောက်အနေနဲ့ ရွေးချယ်ခံရတယ်လို့ သိရတယ်ပေါ့နော်။ အဲ့ဒါနဲ့ပတ်သက်ပြီး သူတို့က ဘယ်လိုပုံစံနဲ့ ရွေးချယ်ခဲ့ကြတာလဲ။**

ဒီဇာတ်ကားမှာက အစ်မက ဇာတ်ဆောင်ရယ်လို့တော့ မဟုတ်ပါဘူး၊ မင်းသမီးတွေတော့အများကြီးပါသေးတယ်။ ဒါပေမဲ့ သူတို့ပေးထားတဲ့ဇာတ်အိမ်တွေနဲ့ ဇာတ်ကွက်တွေကတော့ အားလုံးအတူတူလောက်ပဲပေါ့နော်။ အစ်မရဲ့အပိုင်းဆိုရင်လည်း အများကြီးထည့်ထားပေးတယ်။ ဒီဇာတ်ကားထဲမှာဆိုရင် ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်၊ နေခြည်ဦး၊ ရွှေဖူးပြီးတော့မင်းသားတွေထဲမှာဆိုရင် ခန့်စည်သူ၊ ရဲအောင်၊ ထွန်းထွန်းနဲ့ အသစ်နှစ်ယောက်ရယ်ပေါ့။ အဲ့ဒီကားထဲမှာပါဝင်ခွင့်ရဖို့ပေါ့နော် ပထမဦးဆုံး ခသုံးလုံးရုပ်ရှင်ထုတ်လုပ်ရေးက သရုပ်ဆောင်သစ်ခေါ်နေတယ်လို့ ကြားတာနဲ့ တစ်ခါတည်းသွားပြိုင် ဖြစ်တယ်။ လာပြိုင်တာကတော့အယောက်၅၀လောက်ရှိမယ်။ အဲ့ဒီထဲကနေမှ အဆင့်ဆင့်ရွေးချယ်ခဲ့ကြတယ်၊ ပြီးတော့ ဒိုင်တွေရော အများကြီးပဲ သူတို့က တစ်ယောက်ပြီးတစ်ယောက် သရုပ်ဆောင်ခိုင်းလိုက်၊ ရယ်ခိုင်းလိုက်နဲ့ လုပ်ခိုင်းတယ်၊ မေး/ဖြေနဲ့ ဉာဏ်စမ်းတွေလည်းမေးတယ်၊ အကောင်းဆုံးကြိုးစားတယ်၊ ဆုတောင်းပြီးတော့ပေါ့နော်၊ အဲ့လို အဆင့်ဆင့်ပြိုင်ပြီးမှ နောက်ဆုံးFinal Top ထိပါသွားတယ်ပေါ့နော်၊ အဲ့လိုမျိုးရွေးချယ်ခံခဲ့ရတာပါ။

**နာမည်ကြီး သရုပ်ဆောင်တွေနဲ့အတူ သရုပ်ဆောင်ခွင့်ရတဲ့ အပေါ်မှာရော ဘယ်လိုခံစားရလဲ။**

အရမ်းပျော်ပါတယ်၊ ဘာလို့ဆို ဒီလိုတကယ့်နာမည်ကြီး စီနီယာအကြီးတွေနဲ့ တစ်ကားထဲမှာ သရုပ်ဆောင်ခွင့်ရတာဆိုတော့ အရမ်းပျော်တယ်။

ပြီးတော့ ဒီလိုအခွင့်အရေးအကြီးကြီးရမယ်လို့လည်း ထင်မထားဘူး၊ အခုလို ခသုံးလုံးရုပ်ရှင်ထုတ်လုပ်ရေးနဲ့အတူ လက်တွဲခွင့်ရတာ အရမ်းကြီးမားတဲ့ ကောင်းချီးတစ်ခုလို့လည်း ပြောလို့ရပါတယ်၊ အရမ်းလည်း စိတ်လှုပ်ရှားနေပါတယ်။

**အခုရိုက်မယ့် ဇာတ်ကားနဲ့ ပတ်သက်ပြီးတော့ရော ဘာတွေပြင်ဆင်နေလဲ။**

ဘာတွေပြင်ဆင်နေလဲ ဆိုတော့ ပြင်ဆင်ရမယ့်အပိုင်းတွေ တော့ အများကြီးရှိတာပေါ့။ အစ်မက စကားပြော အရမ်းမြန်တယ်၊ အဲ့ဒါနဲ့ မခိုင်လေးက သမီး. . . စကားပြော အရမ်းမြန်တယ်ပေါ့။ အဲ့လို ပြောတယ်ပေါ့နော်၊ အဲ့ဒါကြောင့် စကားကို ဖြည်းဖြည်း ပြောနေတယ်။ ပြီးတော့ သူတို့က တစ်ရက်ကိုအနည်းဆုံး ရုပ်ရှင်ကားတစ်ကားတော့ ကြည့်ခိုင်းတယ်၊ သူတို့ရဲ့ Plot တွေ သရုပ်ဆောင်တဲ့အပိုင်းတွေ၊ မျက်လုံးနဲ့ Action တွေ၊ ဖက်ရှင်ပိုင်းတွေကို ကြည့်ခိုင်းတယ်။ ဆရာခန့်တို့ရော ပြန်သင်ပေးတယ်ဆိုတော့ နောက်ပိုင်းတော့ အဆင်ပြေသွားမယ်လို့ ထင်ပါတယ်။

**ဒီဇာတ်ကားထဲမှာ အစ်မအနေနဲ့ ဘယ်လိုဇာတ်ကောင်မျိုး ပါဝင်သရုပ်ဆောင်ရမှာလဲ ပြောပြပေးပါဦး။**

ဒီရုပ်ရှင်ကားကတော့ ဟာသကားဖြစ်တယ်၊ ငပလီမှာ ရိုက်မယ့်ကား ဟုတ်တယ်ပေါ့နော်။ ဒီကားထဲမှာဆိုရင်ကိုယ်တွေက လုံးဝလူလည်မပေါ့၊ အရမ်းလည်တယ်၊ အားလုံးကလည်း အရမ်းလည်တယ်၊အဲ့လိုမျိုးပေါ့ ဟာသကားလေးပါ။

**ကိုယ့်အနေနဲ့ မြန်မာ့ရုပ်ရှင်လောကထဲကို စဝင်မယ်ဆိုတော့ စိုးရိမ်တဲ့အပိုင်းတွေရော ရှိလား။**

စိုးရိမ်ရတဲ့အပိုင်း. . အဲ့လိုမျိုးတော့မရှိပါဘူး၊ ဒါပေမဲ့ သေချာတာတစ်ခုကတော့ အရမ်းကြိုးစားရမယ်ဆိုတာပဲ၊ ဘာလို့ဆို ကိုယ်တွေကအခုမှ ဝုန်းဒိုင်းဝင်လာတယ်ဆိုတော့ ဘာလုပ်ရမယ်မှန်း မသိဘူး၊ မင်းသမီး မင်းသားတွေရော အများကြီးပဲ၊ အဲ့ဒီကတည်းက Challenge ဖြစ်တယ်ပေါ့နော်။ ကိုယ့်နေရာကို ထိန်းထားဖို့ဆိုရင်တော့ ဆက်ပြီးအများကြီး ကြိုးစားရမယ်ပေါ့၊ ဟုတ်။

**မြန်မာ့ရုပ်ရှင်လောကနဲ့ တွဲရိုက်တာ ဒါ ပထမဆုံးအကြိမ်ဇာတ်ကားလား။**

ဒါကတော့ ဒုတိယအကြိမ်ပေါ့နော်၊ လွန်ခဲ့တဲ့ ၆လ ၇လ လောက်တုန်းက လောဘန္ဒဆိုတဲ့ ရုပ်ရှင်ကားကြီးမှာရော သရုပ်ဆောင် အေးမြတ်သူတို့နဲ့ အတူတွဲရိုက်ဖူးတယ် ဒါရိုက်တာကတော့ JZ. ဒေါင်လွမ်း ရိုက်တဲ့ကားမှာပါ။

**မြန်မာ့ရုပ်ရှင်လောကထဲကို ဝင်တော့ ကွာခြားချက်အနေနဲ့ ဘာတွေမြင်ရလဲ။ ကြိုးစားရမယ့်အပိုင်းတွေရော ဘာတွေ ရှိသေးတယ်လို့ အစ်မထင်လဲ။**

အင်း. . . ဘယ်လိုကွာခြားလဲဆိုတော့ အနုပညာကတော့ အားလုံးအတူတူပဲ။ အရမ်းကြီးတော့ မကွာခြားပါဘူး၊ ကချင်ရုပ်ရှင် လောကမှာကျတော့ အရမ်းကြီးမခက်ဘူး။ ဘယ်လိုပြောရမလဲ ကိုယ့်ရဲ့ ခင်မင်ရာခင်မင်ကြောင်းနဲ့ ဆိုတော့ပေါ့နော်။ မြန်မာ့ရုပ်ရှင်လောကထဲ ဝင်လာပြီဆိုရင်တော့ မလွယ်ဘူး၊ အရမ်းကြိုးစားရမယ်။ MTV တစ်ပုဒ် ရိုက်ဖို့၊ ဇာတ်ကားတစ်ကား ပါဝင်ရဖို့ဆိုတာ အရမ်းခက်တယ်၊ ဆိုတော့ ပိုပြီးကြိုးစားရမယ်ဆိုတာသိလာတယ်၊ အရင်လိုနေလို့မရတော့ဘူး၊ အရမ်း ကြိုးစားရမယ်၊ ပြင်ဆင်ရမယ်ဆိုတာတွေကို ပိုသိလာပါတယ်။

**အစ်မအနေနဲ့ ဘယ်ဇာတ်ဆောင်စရိုက်က ကိုယ့်အနေနဲ့ သရုပ်ဆောင်ရတာ အားအရဆုံးနဲ့ သဘောအကျဆုံးဖြစ်မလဲ။**

အဓိကကတော့ အချစ်ကားဆိုရင်လည်း လုံးဝ Drama ဆန်ဆန်ပေါ့၊ မိသားစုကားဆိုရင်လည်း လုံးဝအစ်မကြီးအရာ၊ အဲ့လို စတိုင်လ်မျိုးကို သရုပ်ဆောင်ရတာပိုပြီး သဘောကျပါတယ်။

**ကိုယ့်ရဲ့ အားသာချက်နဲ့ အားနည်းချက်ဆိုရင်ရော ဘာဖြစ်မလဲ။**

အားနည်းချက် ဆိုရင်တော့ အများကြီးဘဲပေါ့နော်။ လူဆိုတာကတော့ မပြည့်စုံခြင်းများတယ်လေ၊ အဲ့ဒီတော့ ကိုယ့်မှာပြင်ဆင်စရာတွေရော အများကြီး ရှိပါသေးတယ်။ အားသာချက်တွေတော့ အများကြီးမရှိပါဘူး။ ဒါပေမဲ့ နည်းနည်း Active ဖြစ်တယ်လို့ တော့ထင်တယ်. . . မသိဘူး။ ကိုယ့်ကိုယ်ကိုယ် အားသာချက်ရှိတယ်လို့တော့ မခံစားမိပါဘူး။ အစ်မရဲ့ဖက်ရှင်ပိုင်းနဲ့ ပတ်သက်ပြီးတော့လည်း သိချင်ပါတယ်။

ဖက်ရှင်ပိုင်းနဲ့ပတ်သက်ပြီး ပြောရမယ် ဆိုရင်တော့ Instagram, Facebook တို့ သုံးတယ်။ အင်စတာဂရမ်ကတော့ သုံးတာကြာပြီ၊ အဲဒီ Instagram ကနေ ဖက်ရှင်နဲ့ ပတ်သက်တဲ့ဟာ လေ့လာတယ်၊ အမေရိကန်ဖက်ရှင်တွေဆိုရင် Follow လုပ်ထားတယ်၊ မြန်မာဝတ်စုံတွေချုပ်ရင်တော့ ဒီဇိုင်နာ ရှိပါတယ်။

**ပြီးတော့ ဘယ်လိုဖက်ရှင်ကို ဝတ်ရတာ အကြိုက်ဆုံးလဲ။**

ဘယ်လို ဖက်ရှင်လဲဆိုတော့ ထသွားထလာ ပေါ့ပေါ့ပါးပါး Free Style ကိုကြိုက်တယ်၊ T-Shirt လေးနဲ့ ဂျင်းဘောင်းဘီလေး၊ အဲ့လိုမျိုးပေါ့ ပေါ့ပါးပါးလေးတွေကို ကြိုက်တယ်၊ ဖက်ရှင်ဆို လုံးဝ Free Style ကို ကြိုက်ပါတယ်။

**Body ပိုင်းနဲ့ပတ်သက်ပြီးတော့ ဘယ်လိုထိန်းသိမ်းဖြစ်လဲ။**

Body ပိုင်းနဲ့ပတ်သက်ပြီးတော့ Gym ဆော့ဖြစ်ပါတယ်။ Gym ဆော့ရတာတော့ တော်တော်လေး ကြိုက်ပါတယ်။ မဆော့တာလည်း နှစ်နဲ့ချီနေပြီ၊ တစ်ခါတလေကျရင်မအားတော့ ဆော့လိုက်ပျက်လိုက်နဲ့ပေါ့၊ အဓိကကတော့ Gym ဆော့တာပေါ့။ ဝိတ်တက်လာပြီဆိုရင် အစာလျှော့စားတာတွေလည်း ရှိပါတယ်။ အဲ့လိုတော့ ထိန်းဖြစ်ပါတယ်။

**နောက်ပြီး အားလပ်တဲ့အချိန်မှာရော ဘာတွေလုပ်ရတာ ကြိုက်လဲ။**

သူငယ်ချင်းတွေနဲ့ Day out ဖြစ်ဖြစ် Night out ဖြစ်ဖြစ် ထွက်ရတာကြိုက်တယ်။ သူငယ်ချင်းတွေနဲ့ စုပြီးမုန့်စားတယ်၊ ရုပ်ရှင်ကြည့်တယ်။ ပြီးတော့ ခရီးထွက်တာလည်း ကြိုက်ပါတယ်။

**ပြီးတော့ အစ်မရဲ့လတ်တလောအချစ်ရေးနဲ့ပတ်သက်ပြီး သိချင်ပါတယ်။**

လောလောဆယ်တော့ တစ်ယောက်ထဲပါပဲ။ အရင်တုန်းကတော့ ထားဖူးတယ်၊ အခုတော့တစ်ယောက်တည်းပါ။

**အဲ့ဒါဆို နောက်ထပ်ထားဖို့ရောအစီအစဉ်ရှိလား၊ ထားဖြစ်ခဲ့မယ်ဆိုရင် အစ်မစိတ်ကူးထဲက ကောင်လေးရဲ့ ပုံစံက ဘယ်လိုပုံစံ ဖြစ်မလဲ။**

ဘယ်လိုပြောရမလဲ ဆိုတော့ ကိုယ်ကသူတို့ထင်ထားတာထက်ပိုပြီး ချစ်တတ်တယ်၊ ဂရုစိုက်ပေးတတ်တယ်၊ အဲ့ချိန်ကျတော့ သူတို့ကထားသွားလို့ရှိရင် ကိုယ်ပဲခံစားရမှာဆိုတော့ အခုတော့ မထားဖို့ဆုံးဖြတ်ထားပါတယ်။ နောက်ပိုင်းထား ဖြစ်ခဲ့မယ်ဆိုရင်တော့ ကိုယ့်ရဲ့အလုပ်ကို နားလည်ပေးနိုင်တဲ့သူ၊ အရှိတိုင်းလက်ခံပေးနိုင်တဲ့သူ အဲ့လိုမျိုးတော့ တွေးထားတယ်ပေါ့နော်။

**အခုဆိုရင် ကချင်ဇာတ်ကားပေါင်း ဘယ်လောက်လောက် ရိုက်ကူးပြီးပြီလဲ။ နောက်ထပ်ကမ်းလှမ်းထားတာတွေရော ရှိလား။**

ကချင်ဇာတ်ကားကတော့ ၆ ကား၊ ၇ ကား လောက်တော့ရှိပြီ။ ကချင်အနုပညာရှင်အသင်းချုပ်ကရိုက်မယ့် ဇာတ်ကားမှာပါဝင်ဖို့ကမ်းလှမ်းထားတာတော့ရှိပါတယ်။ ဒါပေမဲ့ မသိသေးဘူးပေါ့နော်၊ ဘာလို့ဆို အခု အစ်မက ငပလီမှာ ဇာတ်ကားရိုက်နေတယ် ဆိုတော့ ရက်တိုက်နေရင်တော့ မရိုက်ဖြစ်ဘူး၊ ဒီဇာတ်ကားပြီးတာနဲ့ဟိုဘက်က စမရိုက်သေးဘူးဆိုရင်တော့ ပါဖြစ်မှာပါ။

**အစ်မအနေနဲ့ စိတ်ဖိစီးမှုရှိတဲ့ အချိန်မှာ ဘယ်လိုခွန်အားယူရှေ့ဆက်ဖြစ်လဲ။**

ဟုတ် တစ်ခါတလေကျရင် အရမ်း စိတ်ဖိစီးမှုများတယ်၊ စဉ်းစားစရာ အများကြီးရှိတဲ့ ချိန်ဆိုရင်ဘာမှ မလုပ်တတ်ဘူး၊ အဲ့ဒီတော့ ဘုရားသီချင်းကို အကျယ်ကြီးဖွင့်ပြီး နားထောင်တယ်၊ လိုက်ဆိုတယ်၊ ဆုတောင်းတယ်၊ အဲ့အချိန်ကျတော့ စိတ်အရမ်းအေးချမ်းတယ်၊ ပထမဦးဆုံးကိုယ်ဖြစ်ချင်တာမဖြစ်ရင်တောင်မှ စိတ်ချမ်းသာမှုရတယ်။ အဲ့လိုပဲ ဖိစီးမှုတွေကို ဖြေဖျောက်ပါတယ်။

**နောက်ဆုံးအနေနဲ့ ကချင်ပြည်နယ်ကဝါသနာရှင်လူငယ်တွေကိုရော ဘာများအကြံပေးချင်လဲ။**

ဘာအကြံပေးချင်လည်း ဆိုတော့ ကိုယ့်ရဲ့အိပ်မက်ကို ပထမဦးဆုံးစဉ်းစားပါ၊ အိပ်မက်ရှိဖို့လိုမယ်။ လူဆိုတာ အသက်ရှင်တဲ့အတွက် အိပ်မက်ရှိဖို့လိုအပ်တယ်၊ ကိုယ်ဘာဖြစ်ချင်လဲဆိုတာကိုယ့်ကိုယ်ကိုယ် မေးရမယ်၊ ကိုယ်ရဲ့အိပ်မက်ကို လိုက်ပါ၊ ကိုယ့်ရဲ့လိုချင်တဲ့ ဆန္ဒကိုလိုက်ပါ၊ စိတ်ကိုပဲ အလိုမလိုက်ဘဲနဲ့ ကိုယ်ဘာဖြစ်ချင်တယ်ဆိုတာ လုံးဝသေချာပြီဆိုရင် တစ်ခုကိုပဲ Focus ထားပြီး ကိုယ့်ရဲ့အိပ်မက်ကို အကောင်အထည်ဖော်ပါ၊ မဖြစ်နိုင်ဘူးဆိုတာမရှိဘူး၊ အဲ့ဒီတော့ အားလုံးကို ကြိုးစားပါလို့ ပြောချင်ပါတယ်။

**အစ်မအနေနဲ့ ပြောလိုတာရှိရင် ဖြည့်စွက်ပြီး ပြောပေးပါ။**

အခုလိုအားပေးကြတဲ့ ပရိသတ်တွေကို ကျေးဇူးအများကြီးတင်ပါတယ်။ အားနည်းချက်တွေလည်း အများကြီးရှိသေးတဲ့အတွက် ဝေဖန်ပေးကြပါ၊ ထောက်ပြပေးကြပါ၊ ညီမလည်း လက်ခံပြင်ဆင်ဖို့ အသင့်ပါပဲလို့။ ပြီးတော့ ညီမအနေနဲ့လည်း ကိုယ့်ရဲ့ဘဝမှာပေါ့နော် အနုပညာမှတ်တိုင်တစ်ခု ထူထောင်နိုင်အောင် ကြိုးစားမယ်၊ ဆက်လက်ပြီးတော့ အများကြီး ကြိုးစားသွားဖို့ရှိပါတယ်၊ အားပေးကြပါဦးလို့ပြောချင်ပါတယ်။ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။

ဟုတ်အခုလို မအားမလပ်တဲ့ကြားက မေးမြန်းသမျှကို စိတ်ရှည်လက်ရှည်ဖြေကြားပေးတဲ့ သရုပ်ဆောင် Pဂျာဆိုင်းဘူကို မြစ်ကြီးနားသတင်းဂျာနယ်က ကျေးဇူးအများကြီး တင်ပါတယ်။

ဟုတ်. . . အခုလိုအင်တာဗျူးပေးတဲ့ မြစ်ကြီးနားသတင်းဂျာနယ်ကိုလည်း ကျေးဇူးအများကြီး တင်ရှိပါတယ်ရှင့်။

Benadeth

The Golden Lotus
ပန်းရွှေကြာ
The Golden Lotus
Healthcare Training Academy
ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းအတတ်ပညာသင်တန်း





တက်ရောက်နိုင်သောသင်တန်းများ
- Nursing Assistant Training (NAT)
  အဆင့်မြင့်သူနာပြုသင်တန်း (၄ လ)
- Caregiver Training (CGT)
  ကျန်းမာရေးစောင့်ရှောက်မှုအတတ်ပညာသင်တန်း (၂ လ)
- Pharmacy Assistant Training (PAT)
  အခြေခံဆေးဝါး သင်တန်း (၂ လ)
- Specialized in Eldercare Training (GNA)
  စင်ကာပူ၊ ဂျပန်ဘိုးဘွားရိပ်သာ - အထူးသင်တန်း (၆ လ)
- Baby Care Training (BCT)
  ကလေးပြုစုမှု အတတ်ပညာသင်တန်း (၁ လ)
- Language Training (English/Chinese/Japanese)
  အင်္ဂလိပ်၊ တရုတ်၊ ဂျပန် စကားပြော (အတတ်သင်) သင်တန်းများ

သင်တန်း၏ ထူးခြားကောင်းမွန်သော ဝန်ဆောင်မှုများ
- သင်တန်းအောင်မြင်ပြီးသူများကို Home Nursing Service အပါအဝင်၊ Private ဆေးရုံ၊ ဆေးခန်းများတွင် အလုပ်အကိုင်ရရှိစေရန်ဆောင်ရွက်ပေးခြင်း။
- ဆေးဆိုင်ဖွင့်လိုသူများအတွက် ပင်ရင်းဆေးဆိုင်ကြီးများနှင့် ချိတ်ဆက်ကူညီဆောင်ရွက်ပေးခြင်း။
- ပြင်ပအလုပ်အကိုင်များအတွက် ဝန်ဆောင်မှုကုမ္ပဏီများနှင့် ချိတ်ဆက်ကူညီဆောင်ရွက်ပေးခြင်း။

- နိုင်ငံခြားအလုပ်အကိုင်အခွင့်အလမ်းများရှိပြီး ပြည်တွင်းတွင် လုပ်ကိုင်ရပ် တည်လိုသူများအတွက်လည်း အလုပ်အကိုင်များကို စီစဉ်ပေးနိုင်သည့်အပြင် မိသားစုကိုပါ ပြန်လည်ထောက်ပံ့မှုပေးနိုင်မည့် သင်တန်း။
- နိုင်ငံတကာအဆင့်တန်းမီအသိအမှတ်ပြု သင်ရိုးများကို စင်္ကာပူနိုင်ငံ AIC အသိအမှတ်ပြု Trainer ဖြစ်တဲ့ Nurse Mananger ကိုယ်တိုင်ဦးစီး၍ ဝါရင့် Trainer များ၊ Clinical Coordinator များမှ လေ့ကျင့်သင်ကြားပေးပါသည်။
- စာတွေ့လက်တွေ့သင်တန်းချိန် စုစုပေါင်း ၅၄၀ နာရီ၊ တစ်ရက်လျှင် သင်တန်းချိန် ၈ နာရီ၊ တစ်ပတ်လျှင် ၅ ရက် သင်ကြားပေး ခြင်း။
- စာတွေ့လက်တွေ့သင်ကြားတတ်မြောက်မှု အရည်အချင်းစစ်စာမေးပွဲများကိုလည်း သင်ခန်းစာခေါင်းစဉ်များအလိုက် တစ်ဦးချင်းစီ လေ့ကျင့်စစ်ဆေးပေးပြီး အားနည်းချက်၊ လိုအပ်ချက်များကိုလည်း ပြန်လည်လေ့ကျင့်သင်ကြားစစ်ဆေးပေးခြင်း။
- ခေတ်မီဆေးရုံသုံးပစ္စည်းများအား ကိုယ်တိုင်ကိုယ်ကျ တစ်ဦးချင်းစီ လက်တွေ့ကိုင်တွယ်လေ့ကျင့်အသုံးပြုရခြင်း။
- အမှန်တကယ်သင်ကြားတတ်မြောက်ပြီး အရည်အသွေးပြည့်ဝသူများသာ အောင်လက်မှတ်အပ်နှင်းသည့် သင်တန်းဖြစ်ပါသောကြောင့် အောင်လက်မှတ်ရရှိသူတိုင်း အရည်အသွေးပြည့်မီကြောင်း အာမခံပါသည်။

အမှတ် (၄၅)၊ အောင်ချမ်းသာလမ်းနှင့်မိုလ်ချုပ်လမ်းထောင့်၊ အုပ်ချုပ်ရေးမှူးရုံးရှေ့၊ အောင်နန်းရိပ်သာရပ်ကွက်၊ မြစ်ကြီးနားမြို့။
Ph: 09-780058424, 09-43008143, 09-430022636

# HAI + WAR
## HOT POT & BARBECUE

သန့်ရှင်းလတ်ဆတ်သော အသား၊ငါး၊ ဟင်းသီးဟင်းရွက်အစားအစာအားလုံးကို
ဘူဖေးစနစ် ဖြင့်တည်ခင်းထားပါသည်။

မွေးနေ့ပွဲ၊ ကုမ္ပဏီတွေ့ဆုံပွဲ၊ မိတ်ဆုံစားပွဲများကိုလည်း အော်ဒါလက်ခံဆောင်ရွက်ပေးပါသည်။



လူကြီးမင်းတို့စိတ်တိုင်းကျ ရွေးချယ်စားသောက်နိုင်ရန် ကျွမ်းကျင်သောစားဖိုမှူးများမှ ဖော်စပ်ထားသည့်
အရသာ (၆)မျိုးရှိသော HOT POT ဟင်းရည်များကိုရရှိနိုင်ပါသည်။

လူဦးရေ၁၀ယောက်အထက် 5% Discount ၊ ၂၀ယောက်အထက် 10% Discount ရှိမည်ဖြစ်ပါသည်။

ဝန်ထမ်းများမှလည်း၊ နွေးထွေးပျူငှာစွာဖြင့် လူကြီးမင်းတို့စိတ်တိုင်းကျ ဝန်ဆောင်မှုပေးနိုင်ရန် အမြဲအဆင်သင့်ရှိပါသည်။

အမှတ် (၁၄၀)၊ တပ်ကုန်း(အင်ဂျန်ဒုံရပ်ကွက်)၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။
Ph: 09-958298297, 09-256982422, 09-791881335, 09-693228322


## ဟော့ပေါ့ဆိုရင် လက်မလွှတ်သင့်တဲ့ HAI+WAR

အေးချမ်းလှတဲ့ ဆောင်းရာသီဝင်ပြီဆိုတော့ ဟော့ပေါ့ ပူပူနွေးနွေးလေးကို မြိန်ရေယှက်ရေ စားကြရအောင်။ မြစ်ကြီးနားမြို့ကြီးမှာရှိတဲ့ ဟော့ပေါ့ ကြိုက်နှစ်သက်သူတွေအတွက် Hai+War ဆိုင်လေးကိုလမ်းညွှန်ပေးလိုက်ပါရစေ။

ဒီဆိုင်လေးဟာ တပ်ကုန်းရွှေလမ်းမ မီးပွိုင့်ကျော်ရင် လမ်းရဲ့ဘယ်ဖက်အခြမ်းမှာ ဆိုင်းဘုတ်အကြီးကြီးနဲ့ဆိုင်နာမည်ကို ရေးထားပါတယ်။ ဆိုင်ထဲကိုဝင်လိုက်ပြီဆိုတာနဲ့ ပါလာတဲ့ ယာဉ်တွေပျောက်မှာမစိုးရပါဘူး။ လုံခြုံရေးဝန်ထမ်းတွေရှိလို့ ကျယ်ဝန်းတဲ့ ကားပါကင်မှာ စိတ်ချလက်ချထားပြီး စားသောက်နိုင်ပါတယ်။ ဆိုင်ရဲ့ အပြင်အဆင်ကိုကြည့်မယ်ဆိုရင် ခေတ်မီဆန်းသစ်တဲ့ ဒီဇိုင်းတွေနဲ့ အလှဆင်ထားပြီး ပုံလှလှလေးတွေတောင် ရိုက်လို့ရတယ်ဆိုရင်လည်း မမှားပါဘူး။ လူကြီး၊ လူငယ်၊ မိသားစု၊ ချစ်သူစုံတွဲတွေ၊ အဖွဲ့အစည်းတွေ အားလုံးလာရောက်စားသောက်နိုင်ပြီး ရှစ်ယောက်၊ ခြောက်ယောက်၊ လေးယောက် ထိုင်နိုင်တဲ့ စားပွဲဝိုင်းတွေရှိပြီးတော့ သီးသန့်စားသုံးချင်သူတွေအတွက် VIP ဝိုင်းတွေလည်း ရှိပါတယ်။

သန့်ရှင်းလတ်ဆတ်တဲ့ အသားစုံ၊ ပင်လယ်စာအစုံ၊ အသီးအရွက်စုံ စတာတွေကို စနစ်ကျကျထားရှိပြီးတော့ ဝန်ဆောင်မှုလည်းပေးတဲ့အပြင် ထမင်းကြော်၊ အချိုပွဲ၊ ရေခဲမုန့်နဲ့ သီးနှံတွေကိုလည်း အရံဟင်းအနေနဲ့ စားသောက်လို့ရနိုင်ပါသေးတယ်။

လူမျိုးဘာသာမရွေး စားသောက်လို့ရတဲ့အကြောင်းအရင်းကတော့ သက်သတ်လွတ်ဟင်းရည်ရနိုင်သလို အစပ်၊ အချို မာလာ၊ ကြက်ဟင်းရည်၊ ဝက်သားဟင်းရည် စသဖြင့် လိုသလို မှာယူစားသောက်နိုင်ပါတယ်။ ဘူဖေးစနစ်ဖြစ်တဲ့အတွက် လူတစ်ဦးနှုန်းထား သတ်မှတ်ထားတာကြောင့် မှာယူတဲ့ဟင်းလျာတွေကို ကုန်အောင် စားသောက်ရမှာပါ။

တကယ်လို့မစားနိုင်ဘဲ ကျန်ခဲ့တယ်ဆိုရင် သတ်မှတ်အချိုးအစားအတိုင်း ကျသင့်ငွေကို တောင်းခံသွားမှာ ဖြစ်ပါတယ်။ဖော်ရွေတဲ့ ဝန်ထမ်း ၃၀ လောက်က စားသောက်နေတဲ့အချိန် လိုအပ်တဲ့ ဝန်ဆောင်မှုတွေကို စားသုံးသူစိတ်တိုင်းကျဖြစ်အောင် လုပ်ဆောင်ပေးနေလို့ ကျွမ်းကျင်တဲ့ စားဖိုးမှူးရဲ့လက်ရာတွေနဲ့အတူ အပန်းဖြေစားသောက်ချင်ရင်တော့ Hai+War ဆိုင်လေးကို အရောက်လှမ်းလာကြဖို့ တိုက်တွန်းလိုက်ပါရစေ။


# SEVEN-ONE

BATTERY ဆိုင်ကယ် AUTO ဆိုင်ကယ်
လက်လီ / လက်ကားအမျိုးမျိုးရောင်းဝယ်ရေး
အရစ်ကျစနစ်ဖြင့် ရောင်းချပေးနေပါသည်။






BATTERY ဆိုင်ကယ်အပိုပစ္စည်းအမျိုးမျိုးရရှိနိုင်သည်။
အိမ်တိုင်ရာရောက် (လက်ခမဲ့) စိတ်တိုင်းကျပြုပြင်ပေးပါသည်။

တပ်ကုန်းအရှေ့မြောက်ရပ်ကွက်၊ ဂျပန်လမ်းမျက်စောင်းထိုး၊ ဆွမ်ပရာဘွမ်လမ်း၊
အိမ်အမှတ် (၁၁/A)၊ နယ်မြေ(၁)မြစ်ကြီးနားမြို့ ကချင်ပြည်နယ်။
ဖုန်း - 09450049707, 09771669702 Wechat : duanbikang7-1


## ဆိုင်ကယ်ဆိုရင် SEVEN-ONE

မြစ်ကြီးနားမြို့မှာ ဓာတ်ဆီဈေးနှုန်းတွေတက်လို့ အပိုငွေမကုန်ချင်ဘူးဆိုရင်တော့ အော်တို ဆီဆိုင်ကယ်နဲ့ ဘက္ထရီဆိုင်ကယ်လေးတွေကို အရစ်ကျစနစ်နဲ့ ဝယ်လို့ရတဲ့ ဆိုင်ကြီးတစ်ဆိုင် တပ်ကုန်းလမ်းမမှာ ဖွင့်ထားပါပြီ။ Seven-One လို့အမည်ရတဲ့ ဒီဆိုင်ကြီးမှာ နောက်ဆုံးပေါ် အော်တို၊ ဘက္ထရီနဲ့ အခြား ဓာတ်ဆီဆိုင်ကယ်တွေကို တပ်ကုန်းလမ်းမကြီးနဲ့ဂျပန်လမ်းဆုံ မရောက်ခင်နားလေးမှာ မည်သူမဆို လွတ်လွတ်လပ်လပ် လာရောက်ဝယ်ယူလို့ ရပါတယ်။

ဝန်ဆောင်မှုတွေ အများကြီးပေးထားလို့ ဒီဆိုင်မှာ ဝယ်မယ်ဆိုရင် ငွေကြေးခက်ခဲနေတဲ့သူတွေအဆင်ပြေစေဖို့အတွက် (၃ သိန်းကျော်မှ ၉ သိန်းကျော်အထိ) စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်မှာပါ။ အော်တိုဆီဆိုင်ကယ်၊ ဘက္ထရီဆိုင်ကယ်တွေကို အရစ်ကျစနစ်နဲ့အတိုးမယူဘဲ ရောင်းချပေးနေလို့ လခစားဝန်ထမ်းတွေအတွက် ဝမ်းသာစရာသတင်းကောင်းတစ်ခုပါ။ ဆိုင်ကယ်တန်ဖိုးရဲ့ တစ်ဝက်ဈေးနှုန်းသာ အရင်ပေးချေရမှာဖြစ်ပြီး ကျန်တစ်ဝက်ကိုတော့ ၃ လအရစ်ကျစနစ်နဲ့ ပေးချေရုံပါပဲ။ ဆိုင်ကို ကိုယ်တိုင်ပိုက်ဆံမသွင်းချင်ဘူးဆိုရင် အိမ်အထိလိုက်ကောက်ပေးနေလို့ အချိန်ကုန်ခံစရာလည်း မလိုတော့ပါဘူး။

ဆိုင်မှာဝယ်ယူထားတဲ့ ဆိုင်ကယ်တွေပျက်တဲ့အခါမှာလည်း ဖုန်းလေးတစ်ချက်ဆက်လိုက်ရုံနဲ့ လမ်းမှာဖြစ်စေ၊ အိမ်မှာဖြစ်စေ လက်ခမယူဘဲ လိုက်လံပြင်ဆင်ပေးနေပါတယ်။ ဝယ်မယ်ဆိုရင်တော့ အိမ်ထောင်စု မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ နဲ့အတူ အသိသက်သေတစ်ယောက် ခေါ်ပြီးတော့ မြစ်ကြီးနားမြို့အပြင်၊ အင်ဂျန်ဒုံရပ်ကွက် နှင့် စက်မှုဇုန် အဝိုင်းပတ်(ထင်းစည်းချိုး) အနီး Nalaw ဆိုင်ကယ်အရောင်းဆိုင်၊ နမ္မတီးမြို့က ကိုအားတီရဲ့ဆိုင်၊ ကဝါးခက Sun ဆိုင်ကယ်နဲ့ဆိုင်ကယ်အပိုပစ္စည်းဆိုင်တွေမှာ သွားရောက်ဝယ်ယူလို့ရတဲ့အတွက် အော်တိုနဲ့ ဘက္ထရီဆိုင်ကယ်ဆိုရင် Seven-One ကို သတိရလိုက်ပါ။